# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


### သူတော်ကောင်းတရား ကြားနာရခြင်း

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၂)


၁၃၈၀ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက် | ၂၀၁၈ ခုနှစ်၊ အောက်တိုဘာ ၂ ရက်၊ စနေနေ့ | အတွဲ(၆၆)၊ အမှတ်(၁၀၃)




ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး ၂၀၁၈ – ၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် အောက်တိုဘာ ၂

၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိဆောင်အစည်းအဝေးခန်းမ၌ ကျင်းပသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❑



**ယနေ့ ဖတ် စ ရာ**

**လူငယ်၊ နိုင်ငံသားကောင်းဖြစ်မှုနှင့် ပြောင်းလဲနေသော ကမ္ဘာ့အခင်းအကျင်း** — ဆောင်းပါး — စာ ၁၁

**တနင်္သာရီတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေဝင်ရောက်မှုဖြစ်ပွားသည့်နေရာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆောင်ရွက်** — ပြည်တွင်းသတင်း — စာ ၁၅

**လေးမျက်နှာမြို့နယ်၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့နယ်၊ ကျုံပျော်မြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရေပြန်လည်ကျဆင်းသွားသည့် မြို့၊ ရွာ၊ ရပ်ကွက်များ၌ တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား ဖယ်ရှားရှင်းလင်း** — ပြည်တွင်းသတင်း — စာ ၁၇





၂၀၁၈ ခုနှစ်၊ မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသများမှ အနောက်တောင်မုတ်သုံလေ ဆုတ်ခွာသည့်ရက်များပြပုံ

### အနောက်တောင် မုတ်သုံလေ မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသများမှ ဆုတ်ခွာခဲ့ပြီးဖြစ်

နေပြည်တော် အောက်တိုဘာ ၂

အနောက်တောင် မုတ်သုံလေသည် ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်း၊ အရှေ့အလယ်ပိုင်းနှင့် မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသများမှ ဆုတ်ခွာခဲ့ပြီးဖြစ်သည်။

မိုး/ဇလ

## ထားဝယ်မြို့ပေါ်ရပ်ကွက်များရှိ ရေဘေးသင့်ပြည်သူများကို ရွှေ့လျားရေသန့်စက်ဖြင့် သောက်သုံးရေ ဖြန့်ဝေပေးလျက်ရှိ

ထားဝယ် အောက်တိုဘာ ၂

တနင်္သာရီ တိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာ စံချိန်တင်ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့ပြီး ရေပြန်လည်ကျဆင်းနေပြီဖြစ်သည့် ထားဝယ်မြို့ပေါ်ရပ်ကွက်များရှိ ရေဘေးသင့်ပြည်သူများကို ရွှေ့လျားရေသန့်စက်ဖြင့် သောက်သုံးရေ ဖြန့်ဝေပေးလျက်ရှိရာ ကြက်စားပြင်ရပ်ကွက် မီးသုံးလုံးလမ်းဆုံတွင် အိမ်ထောင်စု ၅၀ ခန့်အတွက် သောက်ရေသန့် ဂါလန် ၃၀၊


*စာမျက်နှာ ၆ ကော်လံ ၁* ◯




## ဒီဂျစ်တယ်စီးပွားရေးခေတ်သစ်တွင် ယှဉ်ပြိုင်မှု၏ အခွင့်အလမ်းသစ်များနှင့် ပြောင်းလဲလာသော စိန်ခေါ်မှုများ ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၂

မြန်မာနိုင်ငံ ယှဉ်ပြိုင်မှုကော်မရှင်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) တို့ ပူးပေါင်း၍ "ဒီဂျစ်တယ်စီးပွားရေး ခေတ်သစ်တွင် ယှဉ်ပြိုင်မှု၏ အခွင့်အလမ်းသစ်များနှင့် ပြောင်းလဲလာသောစိန်ခေါ်မှုများ" ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် မင်္ဂလာခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ၏ လက်ရှိယှဉ်ပြိုင်မှုဆိုင်ရာ ဥပဒေမူဘောင်နှင့် အသစ်ပေါ်ပေါက်လာသည့် ဒီဂျစ်တယ်ဈေးကွက်ဆိုင်ရာ ကိစ္စရပ်များအကြား ဆက်စပ်မှု၊ မူပိုင်ခွင့်မှတစ်ဆင့် ဆန်းသစ်တီထွင်မှုကို အားပေးမြှင့်တင်ပြီး ဈေးကွက်အတွင်း လုပ်ငန်းအသစ်များ ဝင်ရောက်လာစေရေးအတွက် အထောက်အကူပြုနိုင်မည့်


*စာမျက်နှာ ၃ ကော်လံ ၁* ❖


## ကျုံပျော်မြို့နယ်၌ ရေဝင်ရောက်ခဲ့သည့်ပြည်သူများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်



ကျုံပျော် အောက်တိုဘာ ၂

လေးမျက်နှာမြို့နယ်၌ ရေဝင်နစ်မြုပ်ခဲ့မှုပြီးနောက် ရေများပြန်လည်ကျဆင်းသွား၍ ကျုံပျော်မြို့နယ် (ပင်လုံ၊ မြဝတီ) ရပ်ကွက်၊ (ပျဉ်းမပင်လှ၊ သန်လျှက်စွန်း၊ ပျဉ်ချဆိပ်၊ လှည်းဆိပ်၊ အင်းရဲ၊ ရှားခဲ၊ တိုက်ရွာ၊ သောင်ကြီး၊ ကျီးအိုင်) ကျေးရွာအုပ်စုတို့၌ ပြိုကျ / ပျက်စီး နေအိမ် ၃၆ လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုး


*စာမျက်နှာ ၃ ကော်လံ ၅* ❂

❑ *ရှေ့ဖုံးမှ*

အစည်းအဝေးသို့ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ ဥက္ကဋ္ဌ Jeng Phang နော်တောင် (ခ) ဦးနော်တောင်၊ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ (၁) ဦးချစ်ဆွေ၊ ဒုတိယဥက္ကဋ္ဌ (၂) ဦးတေဇကျော်၊ အတွင်းရေးမှူး ဦးသန်းအောင်နှင့် ပူးပေါင်းကော်မတီဝင်များ၊ စိစစ်ရေး ပူးပေါင်းအဖွဲ့ဝင်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားရာတွင် ၂၀၂၆ – ၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်းနှင့် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်တွင် အတည်ပြုပေးနိုင်ရေးနှင့် ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေး ဖြစ်ပါကြောင်း၊ အဆိုပါဥပဒေကြမ်းပါ ရငွေ၊ သုံးငွေများကို အသေးစိတ် စိစစ်နိုင်ရန်အတွက် စိစစ်ရေးပူးပေါင်းအဖွဲ့ ၁၈ ဖွဲ့ကို ကြိုတင်ဖွဲ့စည်းပေးထားပြီး ဖြစ်ပါကြောင်း။

ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီနှင့် စိစစ်ရေးပူးပေါင်းအဖွဲ့များအနေဖြင့် မူလခန့်မှန်းခြေတွင် ခွင့်ပြုထားမှု၊ သုံးစွဲပြီးနှင့် သုံးစွဲရန်ကျန်သည့် အခြေအနေ၊ သုံးစွဲနိုင်ခြင်းမရှိသဖြင့် ပြန်လည်အပ်နှံရမည့် ငွေပမာဏကိုလည်း စိစစ်ရန် လိုအပ်ပါကြောင်း။

စီးပွားရေး အဖွဲ့အစည်းများအား နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေပေးခြင်းအားဖြင့် ထပ်မံတိုးတက်ရရှိလာမည့် ဝင်ငွေအခြေအနေကိုလည်း တွက်ဆသင့်ပါကြောင်း၊ နိုင်ငံတော်သို့ ပေးသွင်းရမည့်ငွေများဖြစ်သော ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်နှင့် နိုင်ငံတော်သို့ ထည့်ဝင်ငွေများကိုလည်း ပေးသွင်းသည့်ဌာနနှင့် လက်ခံသည့်ဌာနတို့တွင် နှစ်ဖက်စာရင်းသွင်းမှု အခြေအနေကိုလည်း စိစစ်ရန် လိုပါကြောင်း။

ဘဏ္ဍာရေးနှစ်အတွင်း ဘဏ္ဍာရေးစည်းမျဉ်းအရ ရန်ပုံငွေလွှဲပြောင်းသုံးစွဲမှု မပြုနိုင်သည့်အပြင် ဘဏ္ဍာရေးနှစ်အတွင်း မဖြစ်မနေပြီးစီးအောင် ဆောင်ရွက်ရမည့် လုပ်ငန်းကိစ္စများနှင့် ယင်းတို့၏ ပကတိအခြေအနေကို သုံးသပ်တွက်ချက်ပြီး စိစစ်ဆောင်ရွက်ရန် လိုပါကြောင်း။

စိစစ်ပြီးနောက် မဖြစ်မနေ ပေးချေရမည့် ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်၊ နိုင်ငံတော်သို့ ထည့်ဝင်ငွေများ၊ နိုင်ငံခြားငွေလဲလှယ်နှုန်း ပြောင်းလဲမှုကြောင့် လိုအပ်လာသည့် အသုံးစရိတ်၊ အမှန်တကယ်ထပ်မံလိုအပ်သော လစာစရိတ်၊ ပင်စင်၊ အတိုးပေးငွေနှင့် နိုင်ငံတော်၏ လိုအပ်ချက်အရ ဖြည့်စွက်ခွင့်ပြုငွေ တင်ပြတောင်းခံသည့် အသုံးစရိတ်များကိုသာ ခွင့်ပြုရန် လိုအပ်ပါကြောင်း။

ဥပဒေကြမ်းများကို စိစစ်ရာတွင် အားနည်းချက်၊ အားသာချက်များကို အခြေခံပြီး အားသာချက်များကို ပိုမိုတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခြင်း၊ အားနည်းချက်များကို ပြန်လည်သုံးသပ်ပြုပြင် ဆောင်ရွက်ခြင်းဖြင့် ဘတ်ဂျက်စိစစ်ရေး လုပ်ငန်းများကို ပိုမိုထိရောက်အောင်မြင်စေနိုင်မည် ဖြစ်ပါကြောင်း။

ရငွေ၊ သုံးငွေများ စိစစ်အတည်ပြုခြင်းလုပ်ငန်းစဉ်သည် လွှတ်တော်၏ လုပ်ငန်းတာဝန်တစ်ရပ်ဖြစ်သည့်အတွက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီနှင့် စိစစ်ရေးပူးပေါင်းအဖွဲ့များ အနေဖြင့် မိမိတို့၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို တိတိကျကျ သိရှိနားလည်ရန် လိုအပ်သလို လုပ်ပိုင်ခွင့်ထက် ကျော်လွန်ဆောင်ရွက်ခြင်းများ မပြုလုပ်မိရန်လည်း လိုအပ်ပါကြောင်း။

ထို့ပြင် ဝန်ကြီးဌာနအဖွဲ့အစည်းများမှ တာဝန်ရှိသူများကို ဖိတ်ခေါ်ဆွေးနွေး၊ မေးမြန်းခြင်းသည် လွှတ်တော်၏ oversight လုပ်ငန်း၊ ဘတ်ဂျက်စိစစ်အတည်ပြုခြင်းလုပ်ငန်းကို ပိုမိုထိရောက်အောင်မြင်စေရေးအတွက် အချက်အလက်များ ရှာဖွေစုဆောင်းခြင်းသာဖြစ်ပြီး သက်ဆိုင်ရာတာဝန်ရှိသူများကို စစ်ဆေးမေးမြန်းသည့်ပုံစံမျိုးမဖြစ်စေရန် သတိထားဂရုပြုပြီး ဆောင်ရွက်စေလိုပါကြောင်း။

ဥပဒေကြမ်းများစိစစ်ရာတွင် ဖွဲ့စည်းပုံ အခြေခံဥပဒေ၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့် အညီသာ စိစစ်ရမည်ဖြစ်ပြီး စိစစ်တွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာများကို ပြည်ထောင်စု၏ဘဏ္ဍာငွေ အရ အသုံးရေးဆွဲ တင်ပြခြင်းဆိုင်ရာ ဥပဒေနှင့်အညီ သတ်မှတ်ကာလအတွင်း ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီများကို အချိန်မီ ပေးပို့နိုင်ရေးကိုလည်း အလေးထားဆောင်ရွက်ကြရန် တိုက်တွန်းလိုပါကြောင်း။

ဥပဒေကြမ်းတွင် ပါဝင်သည့် အသုံးစရိတ်များ စိစစ်ရန်ကိစ္စနှင့် စပ်လျဉ်းပြီး ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီက ရှင်းလင်းတင်ပြသွားမည်ဖြစ်သလို တက်ရောက်လာကြသည့် လွှတ်တော်အကြီးအမှူးများနှင့် ပူးပေါင်းကော်မတီဝင်များ၊ စိစစ်ရေး ပူးပေါင်း အဖွဲ့ဝင်များကလည်း ဝိုင်းဝန်းအကြံပြု ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ ဥက္ကဋ္ဌက ဥပဒေကြမ်းစိစစ်ရေး လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ဆောင်ရွက်ရန်၊ ရငွေ သုံးငွေစာရင်းများ၏ မှန်ကန်တိကျမှု ရှိစေရန်နှင့် ဘဏ္ဍာရေးနှစ်အတွင်း မဖြစ်မနေ လိုအပ်ပြီး အမှန်တကယ် သုံးစွဲပြီးစီးနိုင်မည့် ဦးစားပေး အသုံးစရိတ်များကို အဓိကထားစိစစ်ရန် ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ (၁) က ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းအား သတ်မှတ်ရက်များအတွင်း တင်သွင်း၊ စိစစ်၊ ဆွေးနွေး၊ ပြင်ဆင်အတည်ပြုနိုင်ရေးအတွက် လွှတ်တော်ကော်မတီများနှင့် စိစစ်ရေးပူးပေါင်းအဖွဲ့ ၁၈ ဖွဲ့အကြား ပူးပေါင်းဆောင်ရွက်မှု၊ ဘတ်ဂျက်စိစစ်မှုနှင့် အစီရင်ခံစာများကို အချိန်မီတင်ပြနိုင်ရေး လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပူးပေါင်းကော်မတီဝင်များနှင့် စိစစ်ရေး ပူးပေါင်းအဖွဲ့ဝင်များက ၂၀၂၆ – ၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ သတ်မှတ်ထားသည့်အချိန်အတွင်း ပြီးစီးနိုင်ရေး လက်ရှိလုပ်ဆောင်နေမှုများနှင့် စပ်လျဉ်း၍ တင်ပြချက်များအပေါ် ပြည်ထောင်စုလွှတ်တော်နာယကက ဖြည့်စွက်ဆွေးနွေးခဲ့သည်။ **သတင်းစဉ်**

## ယာယီနေရပ်စွန့်ခွာပြည်သူများအား အခြေခံစားသောက်ကုန်ပစ္စည်းများပေးအပ်၊ ပူတာအို၊ ခေါင်လန်ဖူးနှင့် နောင်မွန်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂**

ပူတာအိုမြို့ ရဝမ်ရိုးရာယဉ်ကျေးမှုဝင်း အတွင်းရှိ ခါကာဘိုရာဇီခန်းမ၌ ယနေ့နံနက်ပိုင်းက ယာယီနေရပ်စွန့်ခွာပြည်သူများအား အခြေခံစားသောက်ကုန်ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို ကျင်းပပြီး နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်တို့က ယာယီနေရပ်စွန့်ခွာပြည်သူများအား အခြေခံစားသောက်ကုန်များ ပေးအပ်ခဲ့ကာ အခက်အခဲတင်ပြချက်များကို ဖြည့်ဆည်းပေးသည်။




အခမ်းအနားတွင် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးသည် တိုက်ရိုက်အချိုးကျသည့်အတွက် နယ်မြေတည်ငြိမ်အေးချမ်းမှုရှိမှသာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပိုမိုတိုးမြှင့်ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည့်အတွက် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းရေးလုပ်ငန်းစဉ်များတွင် ကျရာအခန်းကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် ပြည်ထောင်စုဝန်ကြီးက တိုက်တွန်းပြောကြားခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ပူတာအိုမြို့နယ်၌ ဒီဂရီကောလိပ်ဖွင့်လှစ်မည့်လျာထားမြေနေရာနှင့် အစိုးရစက်မှုလက်မှုသိပ္ပံသို့ ရောက်ရှိပြီး ဒီဂရီကောလိပ်နှင့် ပူးတွဲဖွင့်လှစ်သင်ကြားနိုင်ရေးအတွက် စာသင်ဆောင်များနှင့် သင်ထောက်ကူပစ္စည်းများကို ကြည့်ရှုစစ်ဆေးကာ ပူတာအိုခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ချီးမြှင့်ငွေများ ပေးအပ်ပြီး ရုံးဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယမန်နေ့ နံနက်ပိုင်းတွင် မဂွေဇ–ခေါင်လန်ဖူး ကားလမ်း မိုင်တိုင် ၃၄ မိုင် ၇ ဖာလုံ၌ တောင်ကျရေ တိုက်စားမှုကြောင့် မြေပြိုလမ်းပိတ်ဆို့မှုများအား ရှင်းလင်း၍ ရှောင်ကွင်းလမ်းဖောက်လုပ်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။ မွန်းလွဲပိုင်းတွင် နောင်မွန်းမြို့ အထွေထွေအုပ်ချုပ်ရေးရုံးရှိ ဝဏ္ဏကျော်ထင်ဦးခူရှိန်ဖုန်းခန်းမ၌ တိုင်းရင်းသားအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကားပြောကြား၍ ဒေသခံပြည်သူများ၏ ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်တင်ပြမှုအပေါ် ဖြေရှင်းဆောင်ရွက်ပေးခဲ့ပြီး ချီးမြှင့်ငွေများ ပေးအပ်ကာ နောင်မွန်း(အထက) ကျောင်းဝင်းအတွင်း ခါကာဘိုသစ်သားကျောင်းဆောင် ပြုပြင်ထိန်းသိမ်းခြင်းနှင့် ကျောင်းအဝင်လမ်း ပေ ၆၀၀ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်လျက်ရှိသည့် စာသင်ခုံနှင့်ထိုင်ခုံများ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ပူတာအိုမြို့ မုဒုံ(အမက) ကျောင်းအဝင်လမ်းပေ ၁၉၂၀ ကွန်ကရစ်ခင်းခြင်း ဆောင်ရွက်နေမှုနှင့် ပန်းလှိုင်ရပ်ကွက်ရှိ မဟာမြတ်မုနိဘုရားကြီးပရိဝုဏ်အတွင်း၌ ဂန္ဓကုဋိတိုက်တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ပူတာအိုမြို့ရှိ အစိုးရစက်မှုလက်မှုသိပ္ပံ၌ ကျောင်းအုပ်ကြီး၊ ဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံအမှာစကား ပြောကြားကာ ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❖ *ရှေ့ဖုံးမှ*

နည်းလမ်းများ၊ ဒီဂျစ်တယ်ဈေးကွက်များ ဖွံ့ဖြိုးတိုးတက်ဆဲကာလတွင် သင့်လျော်သည့် စည်းမျဉ်းစည်းကမ်းများ ချမှတ်ဆောင်ရွက်ရေးနှင့် ဒီဂျစ်တယ်စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အစိုးရနှင့် စီးပွားရေးလုပ်ငန်းများ၏ အခန်းကဏ္ဍများကို ဆွေးနွေးကြသည်။



အဆိုပါ ဆွေးနွေးပွဲတွင် ဦးဆောင်ဆွေးနွေးသူအဖြစ် မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒေါက်တာသုတအောင်က ဆောင်ရွက်ပြီး မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် အဖွဲ့ဝင်ဖြစ်သည့် ဒေါက်တာသီတာစန်း၊ ဦးဇေယျာသူရမွန်၊ မူပိုင်ခွင့်ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာမေဖြိုးသွယ်နှင့် Myanmar Digital Economy Association (MDEA) ဥက္ကဋ္ဌ ဦးအောင်ဇေယျာလွင်တို့က ပါဝင်ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က အစိုးရနှင့် ပုဂ္ဂလိကလုပ်ငန်းများ အနေဖြင့် Market Co-creation အယူအဆအတိုင်း ဈေးကွက်များကို အတူတကွဖန်တီးပေးခြင်းဖြင့် စီးပွားရေးအခွင့်အလမ်းများ ပိုမိုချဲ့ထွင်နိုင်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

ဆက်လက်၍ ဆွေးနွေးပွဲတက်ရောက် လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ စကားဝိုင်းဆွေးနွေးသူများနှင့် ဦးဆောင်ဆွေးနွေးသူတို့က ပြန်လည်ရှင်းလင်း ဖြေကြားပေးကြသည်။ **သတင်းစဉ်**

❂ *ရှေ့ဖုံးမှ*

ငွေကျပ် ၃၇၀၀၀၀၀၊ တစ်စိတ်တစ်ပိုင်း ပျက်စီးနေအိမ် ၁၂၆ လုံးအတွက် အိမ်ဆောက်ပစ္စည်းဖိုးငွေကျပ် ၆၃၀၀၀၀၀၊ စုစုပေါင်းအိမ်ဆောက်ပစ္စည်းဖိုးငွေကျပ် ၁၀၀၀၀၀၀၀နှင့် ၅၂၁၉၈၂၈ ကျပ်တန်ဖိုးပါ ကယ်ဆယ်ရေးပစ္စည်းပုံး ၃၆ ပုံးတို့အား ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးမင်းသိန်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ယနေ့မွန်းလွဲပိုင်းတွင် ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့ကျင်းပ




**နေပြည်တော် အောက်တိုဘာ ၂**
တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေး ဒသမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၊ ဘုရားပတ်ဝန်းကျင်နှင့် ဆိပ်ကမ်းသန့်ရှင်းသာယာလှပရေး၊ ပြည်သူ့စစ်မှုထမ်းပြီးစီးသူများအား ပြည်ပအလုပ်အကိုင်ရရှိရေး၊ နိုင်ငံ့ဝန်ထမ်းများအား ဒေသစရိတ်ခံစားခွင့်ရရှိရေး၊ စိုက်ပျိုးစရိတ်ချေးငွေများ တောင်သူတိုင်းရရှိရေးနှင့် နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားဝန်ထမ်းများအား ကုန်ခြောက်ပစ္စည်းများနှင့် ထောက်ပံ့ကြေးများ ထောက်ပံ့ပေးရေးနှင့် လမ်းအဆင့်မြှင့်တင်ပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်းကိုးခု မေးမြန်းဖြေကြားခြင်းနှင့် အဆိုတစ်ခု ဆွေးနွေးအတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်းထိုက်၏ **ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၊ ဘုရားပတ်ဝန်းကျင်နှင့် ဗိုလ်တထောင်ဆိပ်ကမ်းတို့အား သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလင်းအောင်က သာသနာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်သမ္မတရုံး၏ လမ်းညွှန်ချက်နှင့်အညီ သမိုင်းဝင်ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်ကြီး သန့်ရှင်းသပ်ရပ်ကြည်ညိုဖွယ်ဖြစ်စေရေးအတွက် ဘုရား၊ စေတီ၊ ပုထိုးများ၊ သာသနိကအဆောက်အအုံများ ပရိဝုဏ်အတွင်း/အပြင် သန့်ရှင်းသပ်ရပ်ကြည်ညိုဖွယ်ဖြစ်စေရေး လိုအပ်သလိုကြပ်မတ်ဆောင်ရွက်ပေးနိုင်ရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအားလုံးသို့ ညွှန်ကြားစာပို့ခဲ့သဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှလည်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်တိုင်းဒေသကြီးစည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူးရုံး၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီများသို့ ညွှန်ကြားထားပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်းနှင့် သမိုင်းဝင်ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်ကြီး သန့်ရှင်းသပ်ရပ်သာယာလှပစေခြင်းနှင့် ဘုရားကြီးအနီးရှိ ဗိုလ်တထောင်ဆိပ်ကမ်းအား ဘုရားဖူးလာရင်းနှင့် တစ်ဆက်တည်း အပန်းဖြေသွားလာနိုင်ရန်အတွက် နိုင်ငံတကာအဆင့်မီ သန့်ရှင်းသပ်ရပ်သာယာလှပစေခြင်းတို့အား ဆောင်ရွက်ပေးနိုင်ရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လေ့လာသုံးသပ်လျာထားလျက်ရှိပါကြောင်း ဖြေကြားသည်။

ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်မှ ဦးတင့်ဝေ၏ **ပြည်သူ့စစ်မှုထမ်းဥပဒေအရ တာဝန်ထမ်းဆောင်ခဲ့သူများအနက် ဆန္ဒရှိသူများအား ပြည်ပအလုပ်အကိုင်ရရှိရေး မည်သို့စီမံဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်သန်းက ပြည်သူ့စစ်မှုထမ်းဥပဒေအရ သတ်မှတ်ကာလပြည့်မြောက်သည်အထိ တာဝန်ထမ်းဆောင်ခဲ့သူများအနက် ပြည်ပတွင်အလုပ်လုပ်ကိုင်ရန် ဆန္ဒရှိသူများအား ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်ရာတွင် ကောင်းမွန်သည့် အလုပ်အကိုင်များရရှိစေရေး၊ ဝန်ဆောင်ခများသက်သာစေရေး သို့မဟုတ် အလုပ်ရှင်၏ကုန်ကျစရိတ်ဖြင့် သွားရောက်အလုပ်လုပ်ကိုင်နိုင်ရေးအတွက် မြန်မာနိုင်ငံ ပြည်ပအလုပ်အကိုင်ဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်းနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့် ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရအေဂျင်စီများဖြင့် ချိတ်ဆက်ညှိနှိုင်းပြီး အလုပ်အကိုင်ရှာဖွေပေးခြင်း၊ အလုပ်အကိုင်ဆိုင်ရာ အချက်အလက်များစာရင်းပြုစုခြင်း၊ သွားရောက်လိုသည့် နိုင်ငံအပေါ်မူတည်၍ အရည်အချင်း စိစစ်ခြင်း၊ ကျွမ်းကျင်မှုသင်တန်းများ ပို့ချခြင်း၊ ပြည်ပသို့စေလွှတ်ရေးလုပ်ငန်းစဉ်များအား လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ငန်းအစီအစဉ်များနှင့်အညီ ဆောင်ရွက်၍ ပြည်ပသို့ စေလွှတ်နိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ကလေးဝမဲဆန္ဒနယ်မှ ဦးတင်ထွန်းလွင်၏ **ကလေးဝမြို့နယ်တွင် ဒေသစရိတ်ခံစားခွင့်မရှိသည့် နေရာများသို့ ပြောင်းရွှေ့တာဝန်ထမ်းနေရသော နိုင်ငံ့ဝန်ထမ်းများအား ဒေသစရိတ် ခံစားခွင့်ရရှိနိုင်ရေးဆောင်ရွက်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက ဒေသစရိတ်ခံစားခွင့်ရှိသည့် ဒေသ/ကျေးရွာများမှ ဒေသစရိတ်ခံစားခွင့်မရှိသည့် ဒေသ/မြို့များသို့ ယာယီပြောင်းရွှေ့တာဝန်ထမ်းဆောင်နေကြသော နိုင်ငံ့ဝန်ထမ်းများအတွက် ဒေသစရိတ်ခံစားခွင့်နှင့်စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ၊ နည်းဥပဒေ ၁၅၃ နည်းဥပဒေခွဲ (ခ) အရ ဒေသစရိတ် ခံစားခွင့်ရှိသည့်ဒေသမှ ဒေသစရိတ်ခံစားခွင့်မရှိသည့် ဒေသသို့ ယာယီပြောင်းရွှေ့ရပါက ယင်းသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရသည့် ကာလအတွင်း၌ သတ်မှတ်ချက်များနှင့်ညီညွတ်မှသာလျှင် ဒေသစရိတ် ဆက်လက်ခံစားခွင့်ရှိပါကြောင်း၊ အဆိုပါသတ်မှတ်ချက်များမှာ ယာယီပြောင်းရွှေ့သည့်ကာလသည် ကူးပြောင်းချိန်မပါဝင်ဘဲ လေးလထက်မကျော်လွန်ခြင်း၊ ယာယီပြောင်းသည့်ကာလကုန်ဆုံးလျှင် ဝန်ထမ်းအား ဒေသစရိတ်ခံစားခွင့်ရှိသည့် ရာထူးသို့ ပြန်လည်ပြောင်းရွှေ့ရန် ရည်ရွယ်ကြောင်းဖြင့် ပြောင်းရွှေ့မိန့်တွင် ထည့်သွင်းဖော်ပြပါရှိခြင်း၊ ယာယီပြောင်းရွှေ့သည့်ကာလတွင် ဝန်ထမ်းနှင့်အတူနေပြီး ဝန်ထမ်းအပေါ်တွင် လုံးဝမှီခိုနေရသည့် ဇနီး သို့မဟုတ် ခင်ပွန်း၊ သားသမီးများ (လင်ပါမယားပါသားသမီးများနှင့် တရားဝင်မွေးစားသားသမီးများအပါအဝင်) ဖြစ်သော မိသားစုသည် မူလရာထူးတည်ရာဖြစ်သည့် ဒေသစရိတ်ခံစားခွင့်ရှိသော ဒေသ၌ ဆက်လက်နေထိုင်လျက်ရှိခြင်းတို့ ဖြစ်ပါကြောင်းနှင့် လက်ရှိစစ်ကိုင်းတိုင်းဒေသကြီး အခြေအနေအရ ဒေသစရိတ်ခံစားခွင့်ရှိသည့် ဒေသ/ကျေးရွာများမှ ဒေသစရိတ်ခံစားခွင့် မရှိသည့်ဒေသ/မြို့များသို့ ယာယီပြောင်းရွှေ့ (တွဲဖက်) တာဝန်ထမ်းဆောင်နေကြရသော စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးဝမြို့နယ်ရှိ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၅၃၊ နည်းဥပဒေခွဲ(ခ)ပါ သတ်မှတ်ချက်များနှင့် ညီညွတ်မှုရှိလျှင် ဒေသစရိတ်ကို ခံစားခွင့်ရှိမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဒေါက်တာကျော်ဆွေ ၏ **စိုက်ပျိုးစရိတ်ချေးငွေများကို တိုးမြှင့်ပေးနေသော်လည်း ပုံစံ (၇) အမည်ကွဲမှုကြောင့် ချေးငွေမရခြင်းအား ထုတ်ချေးပေးနိုင်ရေး စီစဉ်ပေးရန်နှင့် တောင်သူတိုင်း ရရှိနိုင်ရေးအတွက် မည်သို့ပြုလုပ်သွားမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက ခရိုင်/မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်ခွဲများအနေဖြင့် (ပုံစံ-၇) အမည်ပေါက် ကွဲလွဲသူတောင်သူများအား ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လက်ရှိပိုင်ဆိုင်သူအမည်သို့ အမည်ပေါက်ပြောင်းလဲရေးကို မြန်ဆန်စွာ ဆောင်ရွက်သွားနိုင်ရန်အတွက် တောင်သူများအား အသိပညာပေးရှင်းလင်းပြောကြားခြင်း၊ အမည်ပြောင်းလျှောက်ထားရာတွင် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်းတို့ဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လယ်ယာလုပ်ကိုင်သူတောင်သူများအနေဖြင့် ၎င်းတို့၏ လယ်ယာမြေပိုင်ဆိုင်မှု စနစ်တကျခိုင်မာစေရန်၊ လယ်ယာမြေပိုင်ဆိုင်မှုကိစ္စ အငြင်းပွားမှုမဖြစ်စေရန်၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းကမ်းများနှင့်အညီ စနစ်တကျဖြစ်စေရန်အတွက်(ပုံစံ-၇)အမည်ပြောင်းဆောင်ရွက်ခြင်း၊ (ပုံစံ-၇)မရရှိသေးသည့် တောင်သူများအနေဖြင့်လည်း ပုံစံ-၇ ရရှိအောင် ဆောင်ရွက်ခြင်းတို့ကို သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေနှင့်လည်း နိုင်ငံ့ဘဏ္ဍာငွေများ ဆုံးရှုံးမှုမရှိစေရေးအတွက် (ပုံစံ-၇) မူရင်းရရှိပြီးသည့် တောင်သူတိုင်း စိုက်ပျိုးစရိတ် ချေးငွေလက်လှမ်းမီရရှိနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် တောင်သူများသို့ စိုက်ပျိုးစရိတ် ချေးငွေတိုးမြှင့်ထုတ်ချေးရာတွင် (ပုံစံ-၇) အမည်ကွဲလွဲနေသော်လည်း အမှန်တကယ် စိုက်ပျိုးလုပ်ကိုင်သူ တောင်သူများ ချေးငွေထုတ်ချေးခွင့်ရရှိစေရေး ဖြေလျှော့ဆောင်ရွက်ထားပြီး စိုက်ပျိုးစရိတ် ချေးငွေများ ထုတ်ချေးလျက်ရှိပါကြောင်း ဖြေကြားသည်။

စမ်းချောင်းမဲဆန္ဒနယ်မှ ဦးမျိုးသန့်၏ **နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားယူမည့်ဝန်ထမ်းများအတွက် ကုန်ခြောက်ပစ္စည်းများနှင့် စတုတ္ထအကြိမ်ထောက်ပံ့ကြေးကို ထောက်ပံ့ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားယူမည့် ဝန်ထမ်းများအတွက် လစဉ် ဆန်၊ ဆီ၊ ကုန်ခြောက်ပစ္စည်းများနှင့် စတုတ္ထအကြိမ်ထောက်ပံ့ကြေးကို နိုင်ငံတော်အစိုးရမှ ထောက်ပံ့ပေးနိုင်ရေးအတွက် နိုင်ငံတော်၏ဘဏ္ဍာရေးအခြေအနေ၊ ဘတ်ဂျက်ခံနိုင်ရည်ရှိမှုအခြေအနေနှင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အခြေအနေတို့အပေါ်မူတည်၍ စိစစ်သုံးသပ်ဆောင်ရွက်ရခြင်း ဖြစ်ပါကြောင်း၊ ယခုလက်ရှိအချိန်တွင် အငြိမ်းစားယူမည့်ဝန်ထမ်းများအပါအဝင် နိုင်ငံ့ဝန်ထမ်းအားလုံးအတွက် ရာထူးအဆင့်အလိုက် သတ်မှတ်ချိန်နှုန်းလစာအပြင် အပိုထောက်ပံ့ကြေး၊ ဝတ်စုံစရိတ်၊ အိမ်ငှားစရိတ်၊ ရာထူးအဆင့်အလိုက် သတ်မှတ်ထားသည့် ဒေသစရိတ်များ၊ တာဝန်ဖြင့် ခရီးသွားလာခြင်းအတွက် အမှန်တကယ်ကုန်ကျသည့် ခရီးစရိတ်၊ ခရီးသွားနေ့တွက်စရိတ်၊ တည်းခိုစရိတ်နှင့် သီးခြားသတ်မှတ်ချက်များဖြင့် ခံစားခွင့်ပြုထားသည့် စရိတ်များနှင့် အငြိမ်းစားဝန်ထမ်းများအတွက် ပင်စင်လစာအပြင် အပိုထောက်ပံ့ကြေးတို့ကို ခံစားခွင့်ပြုလျက်ရှိနေခြင်းကြောင့် နိုင်ငံ့ဝန်ထမ်းများနှင့် အငြိမ်းစားယူမည့် ဝန်ထမ်းများအတွက် လစဉ် ဆန်၊ ဆီ၊ ကုန်ခြောက်ပစ္စည်းများနှင့် စတုတ္ထအကြိမ်ထောက်ပံ့ကြေးကို နိုင်ငံတော်အစိုးရမှ လတ်တလောတွင် ထောက်ပံ့ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားသည်။

ဓနုဖြူမဲဆန္ဒနယ်မှ ဦးနိုင်ဝင်း၏ **ဓနုဖြူမြို့နယ် အလမျိုးကျေးရွာထိပ်မှ အလမျိုးအခြေခံပညာအထက်တန်းကျောင်းရှေ့ထိ လမ်းပိုင်းအား ပြန်လည်အဆင့်မြှင့်တင်ပြင်ဆင်ပေးနိုင်ခြင်း အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် အလမျိုးကျေးရွာအဝင်လမ်းထိပ်မှ အလမျိုးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းရှေ့ထိ လမ်းပိုင်းသည် အလမျိုး-တောင်စုလမ်းအတွင်းပါဝင်ပြီး တိုင်းဒေသကြီးမှ စီမံခန့်ခွဲသော ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနပိုင် Class (A) လမ်းဖြစ်၍ ဒုတိယဦးစားပေးအဆင့်တွင် ပါဝင်ပါကြောင်း၊ အဆိုပါ အလမျိုး-တောင်စုလမ်းသည် စုစုပေါင်းလမ်းအရှည် ၁ မိုင်ရှိပြီး ၇ ဒသမ ၁၂ ဖာလုံမှာ ကွန်ကရစ်လမ်းဖြစ်၍ ကျန် ဝ ဒသမ ၈၈ ဖာလုံမှာ ကျောက်ကြမ်းလမ်းဖြစ်ပါကြောင်း၊ အဆိုပါ ကွန်ကရစ်လမ်းသည် ၂၀၁၀ ပြည့်နှစ်တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ခဲ့ပြီး နှစ်ကာလကြာမြင့်လာပြီဖြစ်သည့်အတွက် ပျက်စီးမှုများ ဖြစ်ပေါ်လျက်ရှိပါကြောင်း။

အဆိုပါ အလမျိုးကျေးရွာအဝင်လမ်းထိပ်မှ အလမျိုးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းရှေ့ထိ အရှည်ပေ ၂၀၀၀ အား ကွန်ကရစ်ခင်းခြင်းလုပ်ငန်းဆောင်ရွက်မည်ဆိုပါက ခန့်မှန်းငွေကျပ် ၄၁၈ ဒသမ ၁၄၀ သန်း ကုန်ကျမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ အဆိုပါလမ်းအရှည် ပေ ၈၀၀ အား ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီး ဖြည့်စွက်ရန်ပုံငွေဖြင့် လျာထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ကျိုက်လတ်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ကြီး၏ **ကျိုက်လတ်မြို့နယ် အောက်ဆင်ကူး - ပေချောင်ကျေးရွာချင်းဆက် မြေသားလမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက အောက်ဆင်ကူး - ပေချောင်ကျေးရွာချင်းဆက်လမ်းသည် အမာခံလမ်း ၃ ဖာလုံ၊ မြေသားလမ်း ၄ မိုင် ဝ ဒသမ ၅ ဖာလုံ စုစုပေါင်း အရှည် ၄ မိုင် ၃ ဒသမ ၅ ဖာလုံရှိ Class-C အဆင့်လမ်းဖြစ်ပြီး တိုင်းဒေသကြီးမှ စီမံခန့်ခွဲသောလမ်းဖြစ်ပါကြောင်း၊ ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ၂ ဒသမ ၁ ဖာလုံ အမာခံလမ်းခင်းခြင်း လုပ်ငန်းအား တိုင်းဒေသကြီး (ပြင်/ထိန်း) ရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ကျေးလက်လမ်း မဟာဗျူဟာအရ ရာသီမရွေးသွားလာနိုင်သော လမ်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိရာ ၂၀၂၈–၂၀၂၉ ဘဏ္ဍာရေးနှစ်တွင် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ၃ ဖာလုံအား တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေဖြင့် လျာထားတင်ပြပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအား လတ်တလော ဦးစားပေးအစီအစဉ်တွင် မပါဝင်သေးပါကြောင်း ဖြေကြားသည်။

ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးသန့်ဇော်၏ **ကွမ်းခြံကုန်းမြို့နယ် ကြခတ်ကုန်းလေးနှင့် မြိုင်သာယာကျေးရွာချင်းဆက်လမ်းအား ကွန်ကရစ်လမ်းအဖြစ်**

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

**မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက ကြခတ်ကုန်းလေးကျေးရွာနှင့် မြိုင်သာယာကျေးရွာချင်းဆက်လမ်းသည် ၂ မိုင် ၂ ဒသမ ၁၈ ဖာလုံရှိပြီး တိုင်းဒေသကြီးမှ စီမံခန့်ခွဲသော Class B အဆင့် မြေသားလမ်းဖြစ်ပါကြောင်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် မြေသားလမ်း ၂ မိုင် ၂ ဒသမ ၁၈ ဖာလုံ ဆောင်ရွက်ခဲ့ပြီး ယခုအခါ သွားလာရန် ခက်ခဲလျက်ရှိပါကြောင်း၊ အဆိုပါလမ်းအား မြေသားတာပေါင်ပြုပြင်ခြင်းနှင့် ကျောက်ချောလမ်းခင်းခြင်းအား ဦးစွာဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အဆိုပါ ၂ မိုင် ၂ ဒသမ ၁၈ ဖာလုံအနက်မှ ၁ မိုင် ၄ ဒသမ ၅၃ ဖာလုံအား ကျောက်ချောခင်းခြင်းလုပ်ငန်းကို ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေတွင် လျာထားသွားမည်ဖြစ်ပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းအား လတ်တလောတွင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးပါကြောင်း ရှင်းလင်းဖြေကြားသည်။

အိမ်မဲမဲဆန္ဒနယ်မှ ဦးတင်ဦး၏ **အိမ်မဲမြို့နယ် အိမ်မဲ – ဝါးခယ်မကားလမ်းမှ ကြာတန်း ကျေးရွာသို့ ဆက်သွယ်ထားသော ကျေးရွာအုပ်စုချင်းဆက်လမ်း၏ မြေသားလမ်းအား ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ် ရှိ မရှိ သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက အိမ်မဲ-ဝါးခယ်မကားလမ်းမှ ကြာတန်းလမ်းသည် ပြည်ထောင်စုမှ စီမံခန့်ခွဲသော Class-A အဆင့်ဖြစ်ပြီး ကျောက်ချောလမ်း ၁ မိုင် ၂ ဖာလုံ၊ မြေသားလမ်း ၅ မိုင် ၃ ဒသမ ၅၂ ဖာလုံ စုစုပေါင်း ၆ မိုင် ၅ ဒသမ ၅၂ ဖာလုံ ရှိပါကြောင်း၊ အဆိုပါလမ်းအား ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ၇ ဖာလုံ၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ၃ ဖာလုံ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းအား ပြည်ထောင်စု(ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် အရှည် ၂ ဖာလုံ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို ပြည်ထောင်စု(ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိပြီး ဘဏ္ဍာရေးနှစ်ကုန်တွင် ကျောက်ချောလမ်းအရှည် စုစုပေါင်း ၁ မိုင် ၄ ဖာလုံ ဆောင်ရွက်ပြီးစီးမည်ဖြစ်ပါကြောင်း၊ ကျန်ရှိသော မြေသားလမ်း အရှည် ၅ မိုင် ၁ ဒသမ ၅၂ ဖာလုံမှာ မိုးရာသီကာလတွင် သွားလာရခက်ခဲလျက်ရှိပါကြောင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးမဟာဗျူဟာ အရ မြေသားလမ်းမှ ကျောက်ချောလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေထည့်သွင်းလျာထားသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဒေါက်တာ ကျော်ဆွေ တင်သွင်းသည့် **“မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍအား ရိုးရာလယ်ယာစနစ်မှ ခေတ်မီစက်မှုလယ်ယာစနစ်သို့ အောင်မြင်စွာ ကူးပြောင်းနိုင်ရေးအတွက် စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်ရေးဥပဒေတစ်ရပ်ကို အမြန်ဆုံးရေးဆွဲပြဋ္ဌာန်း၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်အတွက် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း”** အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**သံတောင်ကြီး မဲဆန္ဒနယ်မှ ဦးစောဟေသားကြီး**က မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသည့် နိုင်ငံဖြစ်သည့်အတွက် လယ်ယာကဏ္ဍတိုးတက်ခြင်းသည် လယ်သမားများ၏ ဝင်ငွေတိုးတက်ရေး တစ်ခုတည်းအတွက်မဟုတ်ဘဲ နိုင်ငံစားနပ်ရိက္ခာဖူလုံရေး၊ ပြည်တွင်းစီးပွားဖွံ့ဖြိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးတို့အတွက် အရေးကြီးပါကြောင်း၊ သို့သော် ယနေ့အချိန်ထိ လယ်ယာလုပ်ငန်းအများအပြား၌ လူအား၊ တိရစ္ဆာန်အားနှင့် ရိုးရာလယ်ယာကိရိယာများကို အားထားရဆဲဖြစ်ကြောင်း၊ ယင်းသို့ လုပ်ကိုင်ရခြင်းကြောင့် လုပ်သားလိုအပ်ချက်များပြားခြင်း၊ အချိန်ကြာမြင့်ခြင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်မြင့်မားခြင်းနှင့် ရာသီအလိုက် လုပ်သားရှားပါးမှုများ ဖြစ်ပေါ်နိုင်ပါကြောင်း၊ ယင်းကြောင့် စက်မှုလယ်ယာစနစ်ကို ဥပဒေ၊ ဘဏ္ဍာရေး၊ နည်းပညာ၊ လူ့စွမ်းအားနှင့် ဈေးကွက်တို့တစ်ပြိုင်တည်း ချိတ်ဆက်ပေးသည့်စနစ်တစ်ခုအဖြစ် ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

ရိုးရာလယ်ယာစနစ်မှ ခေတ်မီစက်မှုလယ်ယာစနစ်သို့ ကူးပြောင်းခြင်းဆိုသည်မှာ လယ်သမားများ၏အချိန်ကို တန်ဖိုးထားခြင်း၊ လုပ်အားကိုသက်သာစေခြင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်လျှော့ချခြင်း၊ ထုတ်လုပ်နိုင်စွမ်းကိုမြှင့်တင်ခြင်း၊ စားနပ်ရိက္ခာဖူလုံရေးကို ခိုင်မာစေခြင်းနှင့် ကျေးလက်စီးပွားရေးကို ခေတ်မီအောင်ပြောင်းလဲခြင်းတို့ ဖြစ်ပါကြောင်း၊ လယ်သမားများကို ဗဟိုပြု၍ စက်ယန္တရားငှားရမ်းခြင်းဝန်ဆောင်မှု၊ ချေးငွေနှင့် ထောက်ပံ့ရေးစနစ်၊ လယ်ယာအခြေခံအဆောက်အအုံ၊ လူ့စွမ်းအားဖွံ့ဖြိုးရေး၊ စက်ပြုပြင်ထိန်းသိမ်းခြင်းနှင့် တာဝန်ယူမှုရှိသော ဈေးကွက်စနစ်တို့ကို တစ်စုတစ်စည်းထည့်သွင်းထားသည့် ဥပဒေတစ်ရပ်ရေးဆွဲရန် အထူးလိုအပ်လျက်ရှိပါကြောင်းနှင့် အဆိုကို လေးနက်စွာ ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ကြံခင်းမဲဆန္ဒနယ်မှ ဦးနိုင်မင်းဦး**က လယ်ယာလုပ်ငန်းတွင် အချိန်သည် အလွန်အရေးကြီးပါကြောင်း၊ စိုက်ချိန်နောက်ကျလျှင် ရိတ်သိမ်းချိန်နှင့် ထွက်နှုန်းကိုပါ ထိခိုက်နိုင်ပါကြောင်း၊ ထို့ကြောင့် စက်မှုလယ်ယာဆိုသည်မှာ စက်ယန္တရားတစ်စီး ဝယ်ပေးခြင်းမျှမဟုတ်ဘဲ တောင်သူ၏အလုပ်ကို အချိန်မီပြီးမြောက်စေပြီး တစ်ဧကထုတ်လုပ်မှုကုန်ကျစရိတ်ကို ထိန်းချုပ်ပေးနိုင်သည့် စနစ်တစ်ရပ်ဖြစ်ပါကြောင်း၊ ယနေ့ တောင်သူများအတွက် စက်ယန္တရားကို တစ်ဦးချင်း ဝယ်ယူပိုင်ဆိုင်ရန် မလွယ်ကူနိုင်ကြောင်း၊ ထို့ကြောင့် ဥပဒေတွင် “တောင်သူတိုင်း စက်ပိုင်ရှင်ဖြစ်ရမည်” ဆိုသည့်ပုံစံထက် “တောင်သူတိုင်း လိုအပ်သည့်အချိန်တွင် စက်အသုံးပြုခွင့်ရရှိရမည်” ဆိုသည့်မူကို အခြေခံသင့်ပါကြောင်း၊ ထို့ကြောင့် စက်ငှားရမ်းဝန်ဆောင်မှုစနစ်၊ စက်ဝန်ဆောင်မှုစခန်းများ၊ အရစ်ကျငွေပေးချေမှု၊ သင့်လျော်သောချေးငွေ၊ စက်ပြုပြင်ရေးနှင့် အပိုပစ္စည်းရရှိရေးတို့ကို ဥပဒေဖြင့် အားပေးသင့်ပါကြောင်း။

ထို့ပြင် စက်မှုလယ်ယာသည် တောင်သူ၏လုပ်အားကို သက်သာစေခြင်း၊ အချိန်မီလုပ်ငန်းဆောင်ရွက်နိုင်ခြင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်ကို ထိန်းချုပ်နိုင်ခြင်းနှင့် ဝင်ငွေတိုးတက်ရေးတို့နှင့် တိုက်ရိုက်ဆက်စပ်နေပါကြောင်း၊ ထို့ကြောင့် အဆိုသည် စက်ဝယ်ယူရေးအဆိုမဟုတ်ဘဲ တောင်သူများ၏ ထုတ်လုပ်မှုစွမ်းအားနှင့် စီးပွားရေးအခြေအနေမြှင့်တင်ရေးအဆိုဖြစ်ပါကြောင်း၊ အလားတူ စက်ဝန်ဆောင်မှုစခန်း၊ ငှားရမ်းခနှုန်းထားဆိုင်ရာမူဝါဒ၊ စက်ပြုပြင်ထိန်းသိမ်းရေးနှင့် တောင်သူအခွင့်အရေးများကို ထည့်သွင်းပြဋ္ဌာန်းပေးရန် အကြံပြုအပ်ပါကြောင်း၊ တောင်သူတိုင်း စက်မပိုင်နိုင်သော်လည်း တောင်သူတိုင်း စက်အသုံးပြုခွင့်ရရှိနိုင်ရေးသည် စက်မှုလယ်ယာဖွံ့ဖြိုးရေး၏ အခြေခံရည်မှန်းချက်ဖြစ်သင့်ပါကြောင်း၊ စက်မှုလယ်ယာကူးပြောင်းရေးတွင် “ဘဏ္ဍာရေးစနစ်” သည် အခြေခံကျသော အခန်းကဏ္ဍမှ ပါဝင်နေပါကြောင်း၊ ထို့ကြောင့် စက်ဝယ်ယူရန် ချေးငွေ၊ အရစ်ကျစနစ်၊ ငှားရမ်းဝယ်ယူစနစ်နှင့် စက်ဝန်ဆောင်မှုလုပ်ငန်းများအတွက် အရင်းအနှီးပံ့ပိုးမှုတို့ကို စနစ်တကျ တည်ဆောက်ရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် အစိုးရအနေဖြင့် စက်မှုလယ်ယာဖွံ့ဖြိုးရေးအတွက် သီးခြားဘဏ္ဍာရေးမူဝါဒတစ်ရပ် ချမှတ်သင့်ပါကြောင်းနှင့် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**မြဝတီ မဲဆန္ဒနယ်မှ ဦးခင်မောင်ချင်း**က စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို စနစ်တကျ ပြဋ္ဌာန်းအကောင်အထည်ဖော်နိုင်ပါက လယ်ယာလုပ်ငန်းများ၏ စက်မှုလယ်ယာအသုံးပြုမှု တိုးတက်လာပြီး ထုတ်လုပ်မှုလုပ်ငန်းစဉ်များ ပိုမိုမြန်ဆန်ထိရောက်လာမည်ဖြစ်ပါကြောင်း၊ ထို့ပြင် လုပ်သားလိုအပ်ချက်နှင့် ထုတ်လုပ်မှုကုန်ကျစရိတ်များကို လျှော့ချနိုင်ခြင်း၊ သီးနှံရိတ်သိမ်းချိန် နောက်ကျမှုနှင့် ရိတ်သိမ်းပြီးနောက် ဆုံးရှုံးမှုများကို လျှော့ချနိုင်ခြင်း ထိုမှတစ်ဆင့် တောင်သူလယ်သမားများ၏ ဝင်ငွေနှင့် လူမှုစီးပွားရေးဘဝ တိုးတက်ကောင်းမွန်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း။

ထို့ကြောင့် စက်မှုလယ်ယာကဏ္ဍ၏ လက်ရှိလိုအပ်ချက်များနှင့် အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်၊ တောင်သူလယ်သမားများ၏ စက်မှုလယ်ယာနည်းပညာနှင့် စက်ယန္တရားများ အသုံးပြုနိုင်မှုတိုးတက်စေရန်၊ လယ်ယာထုတ်လုပ်မှုမြှင့်တင်ရန်၊ နိုင်ငံတော်၏ စားနပ်ရိက္ခာဖူလုံရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရန်အတွက် စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို သီးခြားဥပဒေတစ်ရပ်အဖြစ် ပြဋ္ဌာန်းသင့်ပါကြောင်း အကြံပြုရင်း အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**လဲချားမဲဆန္ဒနယ်မှ စိုင်းစိန်ဝင်း**က စက်မှုလယ်ယာဖွံ့ဖြိုးရေးဥပဒေတွင် တောင်သူများအတွက် စက်ယန္တရားဝယ်ယူရန် ချေးငွေနှင့်ငွေကြေးပံ့ပိုးမှုစနစ်များ၊ စက်ယန္တရားငှားရမ်းအသုံးပြုနိုင်သည့်စနစ်များ၊ ကျေးလက်ဒေသအလိုက် စက်ယန္တရားဝန်ဆောင်မှုစင်တာများ တည်ဆောက်ပေးခြင်း၊ စက်ပစ္စည်းပြုပြင်ထိန်းသိမ်းရေးနှင့် အပိုပစ္စည်းရရှိရေးစနစ်များနှင့် စက်ယန္တရားအသုံးပြုသူများအတွက် လက်တွေ့ကျွမ်းကျင်မှုနှင့် ဘေးကင်းလုံခြုံရေးသင်တန်းများ စသည့် လက်တွေ့ကျသည့်အချက်များပါဝင်ရန် လိုအပ်ပါကြောင်း၊ အထူးသဖြင့် တောင်သူတစ်ဦးချင်းစီ စက်ဝယ်နိုင်ရေးထက် တောင်သူများလိုအပ်သည့်အချိန်တွင် စက်ယန္တရားကို အလွယ်တကူအသုံးပြုနိုင်ရေးကို ပိုမိုအလေးထားသင့်ပါကြောင်း၊ ထို့အပြင် စက်မှုလယ်ယာဖွံ့ဖြိုးလာပါက စက်ပြုပြင်ရေး၊ အပိုပစ္စည်းထုတ်လုပ်ရေး၊ သယ်ယူပို့ဆောင်ရေးနှင့် လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်လာနိုင်သဖြင့် ကျေးလက်ဒေသတွင် အလုပ်အကိုင်နှင့် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများလည်း တိုးတက်လာနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် တောင်သူများအတွက် စက်ယန္တရား ၊ ငွေကြေး၊နည်းပညာနှင့် ဝန်ဆောင်မှုများကို တစ်စုတစ်စည်းတည်း ပံ့ပိုးပေးနိုင်မည့် စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်ရေး ဥပဒေတစ်ရပ် အမြန်ဆုံးရေးဆွဲပြဋ္ဌာန်းရန် တိုက်တွန်းသည့် ယခုအဆိုကို အလေးအနက် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ကျေးသီး မဲဆန္ဒနယ်မှ ဒေါ်နန်းတင်ဦး**က ယနေ့ခေတ် လယ်ယာစိုက်ပျိုးရေးသည် ရိုးရာလုပ်သားအင်အားနှင့် စက်ယန္တရားအသုံးပြုမှုအဆင့်တွင်သာ မရပ်တန့်တော့ဘဲ တိကျသောနည်းပညာ၊ သတင်းအချက်အလက်နှင့် အလိုအလျောက်စနစ်များ အသုံးပြုသည့် ခေတ်မီလယ်ယာစနစ်သို့ ကူးပြောင်းလာနေပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း ထွန်စက်၊ ရိတ်သိမ်းစက်များ အသုံးပြုခြင်းမှစ၍ မြေ၊ ရေ၊ မျိုးစေ့၊ မြေဩဇာနှင့် သီးနှံအခြေအနေများကို အချက်အလက်အပေါ်အခြေခံ၍ စီမံခန့်ခွဲသည့် လယ်ယာစနစ်များအထိ တဖြည်းဖြည်းတိုးတက်သွားရန် လိုအပ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန် စက်ယန္တရားများ တင်သွင်းအသုံးပြုခြင်းတစ်ခုတည်းဖြင့် မလုံလောက်ဘဲ စံချိန်စံညွှန်း၊ စမ်းသပ်စစ်ဆေးမှု၊ ဘေးကင်းလုံခြုံရေး၊ နည်းပညာသုတေသန၊ ကျွမ်းကျင်လုပ်သားနှင့် ပြည်တွင်းစက်မှုလုပ်ငန်းတို့ကို တစ်ပြိုင်တည်း ဖွံ့ဖြိုးစေရန် လိုအပ်ပါကြောင်း။

သို့ဖြစ်ပါ၍ စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်ရေးဥပဒေတစ်ရပ်ကို အမြန်ဆုံးရေးဆွဲပြဋ္ဌာန်းပြီး နည်းပညာ၊ စံချိန်စံညွှန်း၊ လူ့စွမ်းအား၊ ပြည်တွင်းစက်မှုလုပ်ငန်းနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး အကောင်အထည်ဖော်ပေးရန် တောင်တွင်းကြီး မဲဆန္ဒနယ်မှ ဒေါက်တာကျော်ဆွေ တင်သွင်းသည့် စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်ရေး ဥပဒေရေးဆွဲပြဋ္ဌာန်းရန် တိုက်တွန်းသည့်အဆိုကို အလေးအနက် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**မိုင်းကိုင်မဲဆန္ဒနယ်မှ ဒေါ်နန်းသန်းသန်းမွေး**က စက်မှုလယ်ယာ၏ အကျိုးကျေးဇူးကို လယ်သမားအနည်းစုသာရရှိပြီး တောင်သူအများစုမရရှိပါက နိုင်ငံ၏ စက်မှုလယ်ယာကူးပြောင်းရေးရည်မှန်းချက် မပြည့်စုံနိုင်ပါကြောင်း၊ ထို့ကြောင့် တောင်သူငယ်များအတွက် စက်ငှားရမ်းရေး၊ ငွေကြေးအထောက်အပံ့၊ စက်ဝန်ဆောင်မှုနှင့် နည်းပညာလက်လှမ်းမီရေးတို့ကို ဥပဒေတွင် တည့်သွင်းပေးရန် ထောက်ခံအပ်ပါကြောင်း၊ စက်မှုလယ်ယာဖွံ့ဖြိုးရေးကို ဆွေးနွေးရာတွင် တောင်သူများ၏ လုပ်သားအင်အားအခန်းကဏ္ဍကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်ပါကြောင်း၊ ကျေးလက်ဒေသတွင် လယ်ယာလုပ်သားရှားပါးလာခြင်း၊ အလုပ်သမားစရိတ် မြင့်တက်လာခြင်းတို့သည် လယ်ယာကုန်ထုတ်လုပ်မှုအပေါ် သက်ရောက်နိုင်ပါကြောင်း၊ စက်မှုလယ်ယာသည် လုပ်အားလိုအပ်ချက်ကို လျှော့ချနိုင်သည့် နည်းလမ်းတစ်ရပ်ဖြစ်ပါကြောင်း၊ သို့သော် စက်မှုလယ်ယာကြောင့် လူအလုပ်အကိုင်များ ပျောက်ကွယ်သွားမည်ဆိုသည့် စိုးရိမ်မှုကိုလည်း လျစ်လျူရှု၍ မရပါကြောင်း၊ အမျိုးသမီးတောင်သူများအတွက်လည်း လေးလံသောလုပ်အားလိုအပ်သည့် လယ်ယာလုပ်ငန်းများကို စက်ဖြင့် လျှော့ချနိုင်ခြင်းသည် အကျိုးရှိနိုင်ပါကြောင်း၊ ထို့ကြောင့် စက်ငှားရမ်းရေးနှင့် သင်တန်းများတွင် အမျိုးသမီးများနှင့် လူငယ်များလက်လှမ်းမီနိုင်ရေးကို ထည့်သွင်းသင့်ပါကြောင်း၊ စက်မှုလယ်ယာသည် လူကိုဖယ်ရှားရန်မဟုတ်ပါကြောင်း၊ လူ၏လုပ်အားကို ပိုမိုတန်ဖိုးရှိသော နည်းပညာနှင့်စီမံခန့်ခွဲမှု လုပ်ငန်းများသို့ ပြောင်းလဲပေးရန်ဖြစ်ပါကြောင်း၊ ထို့ကြောင့် စက်မှုလယ်ယာဥပဒေတွင် လူငယ်နှင့် အမျိုးသမီးများအတွက် လေ့ကျင့်ရေးနှင့် လုပ်ငန်းအခွင့်အလမ်းများထည့်သွင်းပေးရန် ဒေါက်တာကျော်ဆွေ(တောင်တွင်းကြီးမဲဆန္ဒနယ်) မှ တင်သွင်းသည့် စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ရေးဆွဲပြဋ္ဌာန်းရန် တိုက်တွန်းသည့်အဆိုကို အလေးအနက် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**တမူး မဲဆန္ဒနယ်မှ ဦးအောင်ကိုလတ်** က စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲဆောင်ရွက်နိုင်ပါက လုပ်သားလိုအပ်ချက်လျှော့ချနိုင်ခြင်း၊ အချိန်မီထွန်ယက်/ စိုက်ပျိုး/ ရိတ်သိမ်းနိုင်ခြင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ်လျှော့ချနိုင်ခြင်း၊ စိုက်ပျိုးချိန်/ရိတ်သိမ်းချိန် နောက်ကျမှုကြောင့်ဖြစ်သော ဆုံးရှုံးမှုများ လျှော့ချနိုင်ခြင်း၊ လယ်ယာထုတ်ကုန်အရည်အသွေး မြှင့်တင်နိုင်ခြင်း၊ လူငယ်များ လယ်ယာကဏ္ဍသို့ နည်းပညာဖြင့် ပြန်လည်ဝင်ရောက်လာနိုင်ခြင်း စသည့်အကျိုးကျေးဇူးများကို ရရှိလာမည်ဖြစ်ပါကြောင်း၊ တောင်သူတစ်ဦးချင်းစီအတွက် လယ်ထွန်စက်၊ ရိတ်သိမ်းစက်၊ အခြောက်ခံစက်တို့ကို ပိုင်ဆိုင်ရန်ထက် မိမိလိုအပ်သည့်အချိန်တွင် အရည်အသွေးကောင်းမွန်သောစက်ကို သင့်တင့်သောဈေးနှုန်းဖြင့် အသုံးပြုနိုင်ခြင်းက ပို၍ အရေးကြီးပါကြောင်း၊ ထို့ကြောင့် ကျေးရွာအုပ်စုအလိုက်၊ သမဝါယမအဖွဲ့အလိုက်၊ တောင်သူအဖွဲ့အလိုက် စက်ယန္တရားများကို ပူးပေါင်းအသုံးပြုနိုင်သည့် စနစ်တစ်ရပ် ဖော်ဆောင်ပေးရန် လိုအပ်ပါကြောင်း။

ထို့ကြောင့် ဤအဆိုသည် “တောင်သူတိုင်း စက်ပိုင်ရှင်ဖြစ်ရေး” မဟုတ်ဘဲ “တောင်သူတိုင်း စက်မှုလယ်ယာဝန်ဆောင်မှုကို အပြည့်အဝရရှိအသုံးပြုနိုင်ရေး” ဖြစ်သင့်ပါကြောင်းနှင့် စက်မှုလယ်ယာဖွံ့ဖြိုးရေး ဥပဒေပြဋ္ဌာန်းခြင်းသည် စက်ယန္တရားများ ပိုမိုဝယ်ယူအသုံးပြုရန်အတွက်သာ မဟုတ်ဘဲ မြန်မာ့လယ်ယာကဏ္ဍ၏ စိုက်ပျိုး၊ ထုတ်လုပ်မှုစနစ်တစ်ခုလုံးကို ရိုးရာစနစ်မှ ခေတ်မီ ထိရောက်ပြီး ယှဉ်ပြိုင်နိုင်သော စိုက်ပျိုးရေးစနစ်သို့ ပြောင်းလဲရန်အတွက်ဖြစ်သည့်အတွက် ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ပင်းတယမဲဆန္ဒနယ်မှ ဦးဝင်းဇော်**က စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ရာတွင်

*စာမျက်နှာ ၆ သို့*

*စာမျက်နှာ ၅ မှ*

စက်ယန္တရားများကို ဝယ်ယူတင်သွင်းပေးရုံဖြင့် ရေရှည်တည်တံ့သော စက်မှုလယ်ယာစနစ်တစ်ရပ် မဖြစ်နိုင်သည့်အတွက် စက်ယန္တရားထုတ်လုပ်နိုင်သည့် နိုင်ငံသို့ တဖြည်းဖြည်းကူးပြောင်းရန် လိုအပ်ပါကြောင်း၊ ယနေ့လယ်ယာကဏ္ဍတွင် စက်များ ပိုမိုအသုံးပြုလာသည်နှင့်အမျှ ပြည်တွင်းစက်ယန္တရားထုတ်လုပ်ရေး၊ အပိုပစ္စည်းထုတ်လုပ်ရေး၊ တပ်ဆင်ရေးနှင့် ပြုပြင်ရေးလုပ်ငန်းများကို အားပေးသည့် မူဝါဒထည့်သွင်းသင့်ပါကြောင်း၊ တောင်သူများ၏ အမှန်တကယ် လိုအပ်ချက်နှင့်ကိုက်ညီသည့် စက်များကို ပြည်တွင်းတွင် ထုတ်လုပ်နိုင်ပါက လယ်ယာကဏ္ဍတစ်ခုတည်းကိုသာ အကျိုးပြုမည်မဟုတ်ဘဲ သံမဏိ၊ လျှပ်စစ်၊ စက်မှုထုတ်လုပ်ရေး၊ အင်ဂျင်နီယာ၊ အပိုပစ္စည်းထုတ်လုပ်ရေးနှင့် နည်းပညာဝန်ဆောင်မှုကဏ္ဍများကိုပါ အကျိုးသက်ရောက်စေမည်ဖြစ်ပါကြောင်း။

စက်မှုလယ်ယာဖွံ့ဖြိုးရေးတွင် စက်ယန္တရားသည် အရင်းအနှီးကြီးမားသည့် ပစ္စည်းတစ်ခုဖြစ်ပြီး အန္တရာယ်နှင့်လည်း ဆက်စပ်နေသည့်အတွက် စက်မှုလယ်ယာဥပဒေကိုပြုစုရာတွင် စက်ယန္တရားဝယ်ယူရေးအတွက် ငွေကြေးထောက်ပံ့မှုနှင့်အတူ စက်ယန္တရားအာမခံ၊ သဘာဝဘေးအန္တရာယ်နှင့် ဈေးငွေအန္တရာယ်စီမံခန့်ခွဲရေးကိုလည်း ထည့်သွင်းစဉ်းစားသင့်ပါကြောင်း၊ ထို့ကြောင့် ဥပဒေတွင် အစိုးရ၊ ဘဏ်များ၊ အာမခံလုပ်ငန်းများနှင့် တောင်သူအဖွဲ့များပူးပေါင်း၍ စက်မှုလယ်ယာအတွက် သင့်လျော်သည့် အာမခံနှင့်အန္တရာယ်စီမံခန့်ခွဲရေးစနစ်များ ဖော်ဆောင်နိုင်ရန် အခြေခံမူများ ထည့်သွင်းသင့်ပါကြောင်း ဆွေးနွေးသည်။

**တာချီလိတ်မဲဆန္ဒနယ်မှ ဦးကျော်ငြိမ်းအောင်**က စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လွန်ခဲ့သော နှစ်ပေါင်း(၁၀၀)ကျော်ခန့်ကတည်းက အကောင်အထည်ဖော် ဆောင်ရွက်လာခဲ့သည်နှင့်အညီ ယနေ့ခေတ် စက်ယန္တရားများ အသုံးပြုမှု၊ ငှားရမ်းဝန်ဆောင်မှု၊ စက်ပြုပြင်ထိန်းသိမ်းမှု၊ စက်ပစ္စည်းအရည်အသွေးနှင့် လုံခြုံရေးများ၊ နည်းပညာသင်တန်းနှင့် ပုဂ္ဂလိကကဏ္ဍပါဝင်မှုများသည်လည်း တစ်နှစ်ထက်တစ်နှစ် ပိုမိုကျယ်ပြန့်ဖွံ့ဖြိုးတိုးတက်လာနေသည့်အတွက် စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်ရေးဥပဒေသည် အတိအကျ လိုအပ်နေပြီဖြစ်ပါကြောင်း၊ စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြဋ္ဌာန်းလိုက်ခြင်းဖြင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံတော်၏ စီးပွားဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း အကျိုးရှိစေပြီး အထောက်အပံ့ကောင်းများစွာ ဖြစ်ထွန်းလာစေမည်ဖြစ်ပါကြောင်း။

ထို့ပြင် စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်ရေးကို ရေရှည်တည်တံ့စေမည့် လယ်ယာစိုက်ပျိုးရေးကဏ္ဍသုတေသနနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်စေရေး၊ မြန်မာနိုင်ငံ မြေမျက်နှာသွင်ပြင်၊ မြေအမျိုးအစား၊ ရာသီဥတု၊ သီးနှံပုံစံတို့နှင့်ကိုက်ညီစေမည့် စက်ယန္တရားများကို သုတေသနများပြုလုပ်ပြီး ထုတ်လုပ်နိုင်ရေး၊ ပြည်တွင်းစက်ယန္တရားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရေး၊ တောင်သူလယ်သမားများအတွက် လက်တွေ့အသုံးဝင်စေမည့် နည်းပညာများ ဖြန့်ဝေထောက်ပံ့ပေးနိုင်စေရေးကို အလေးအနက်ထားကာ ဥပဒေများဖြင့် အကာအကွယ်ပေး အားပေးအားမြှောက်ပြုရမည် ဖြစ်သည့်အတွက် အဆိုကို အပြည့်အဝထောက်ခံပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဦးဝင်းမြင့်မောင်၊ မြို့သစ်မဲဆန္ဒနယ်မှ ဦးစိုးဝင်း၊ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးသန်းရွှေ၊ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးမိုးတင်နှင့် ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာလှတင့်တို့က ဆက်လက်ဆွေးနွေးကြသည်။

ယင်းနောက် အဆိုနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က မြန်မာနိုင်ငံ၏ စီးပွားရေးသည် စိုက်ပျိုးရေးကို အဓိကအခြေခံထားပြီး နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသများတွင် မှီတင်းနေထိုင်လျက်ရှိကြပါကြောင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် စိုက်ပျိုးရေးကဏ္ဍသည် အဓိကအရေးပါသော အခန်းကဏ္ဍမှပါဝင်နေသဖြင့် စိုက်ပျိုးရေးထုတ်လုပ်မှုစွမ်းအား တိုးတက်စေရန်အတွက် လယ်ယာလုပ်ငန်းတွင် စက်ယန္တရားနှင့် ခေတ်မီနည်းပညာများကို ထိရောက်စွာ အသုံးချနိုင်ရေးသည် အရေးကြီးသော လိုအပ်ချက်တစ်ရပ်ဖြစ်ပါကြောင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် လူအင်အားအပေါ် အလွန်အကျွံမှီခိုအသုံးပြုမှုကို လျှော့ချနိုင်ရန်၊ လယ်ယာလုပ်ငန်း၏ ထုတ်လုပ်မှုစွမ်းရည်နှင့် ထိရောက်မှုကို မြှင့်တင်နိုင်ရန်၊ စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်ကို လျှော့ချနိုင်ပြီး တောင်သူဝင်ငွေတိုးစေရန်၊ ရိတ်သိမ်းချိန်လွန်ဆုံးရှုံးမှုများကို လျှော့ချနိုင်ရန်၊ တောင်သူလယ်သမားများအတွက် စက်ယန္တရားအသုံးပြုနိုင်မှုကို တိုးမြှင့်နိုင်ရန်တို့အတွက် ခေတ်မီစက်မှုလယ်ယာစနစ် ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

စက်ကိရိယာများကို ထိရောက်စွာ အသုံးပြုခြင်းဖြင့် အချိန်တိုအတွင်း စိုက်ပျိုး၊ ရိတ်သိမ်းနိုင်ကာ သီးထပ်စွမ်းအားကို မြှင့်တင်ပေးနိုင်မည်ဖြစ်သကဲ့သို့ ရိတ်သိမ်းချိန်မှန်ကန်ခြင်းနှင့် လေလွင့်ပြုန်းတီးမှုကို လျှော့ချပေးနိုင်သဖြင့် သီးနှံထုတ်လုပ်မှုတိုးတက်လာပြီး သီးနှံအရည်အသွေးကိုလည်း ပိုမိုကောင်းမွန်လာမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် တောင်သူများ စက်ပစ္စည်းဝယ်ယူပိုင်ဆိုင်ခြင်းကိုသာ အခြေခံခြင်းမပြုဘဲ ငှားရမ်းအသုံးပြုခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ သမဝါယမနှင့် စုပေါင်းအသုံးပြုခြင်း၊ သင့်လျော်သော ငွေကြေးထောက်ပံ့မှု၊ နည်းပညာသင်တန်း၊ အရည်အသွေးစစ်ဆေးမှု၊ လေ့ကျင့်ရေး၊ ပြည်တွင်းထုတ်လုပ်မှုနှင့် တောင်သူအခွင့်အရေးကာကွယ်မှုတို့ကို တစ်ခုတည်းသော စက်မှုလယ်ယာစနစ် လွှမ်းခြုံဖော်ဆောင်နိုင်အောင် ဥပဒေတစ်ရပ်ကို ခိုင်မာစွာပြဋ္ဌာန်းပေးရန် လိုအပ်လျက်ရှိပါကြောင်း၊ ဥပဒေပြဋ္ဌာန်းနိုင်ခြင်းဖြင့် စက်ကိရိယာဝယ်ယူလိုသည့် တောင်သူများအတွက် သက်သာသော အတိုးနှုန်းဖြင့် ရေရှည်ချေးငွေစနစ်များ၊ အရစ်ကျစနစ်များနှင့် အခွန်ကင်းလွတ်ခွင့်ဆိုင်ရာ မူဝါဒများကို တရားဝင် အကာအကွယ်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ ဥပဒေတွင် စက်မှုလယ်ယာဝန်ဆောင်မှု အခန်းကဏ္ဍ ထည့်သွင်းရေးဆွဲခြင်း၊ လယ်ယာသုံးစက်ကိရိယာများ၏ အရည်အသွေးစမ်းသပ်ခြင်း၊ အကဲဖြတ်ခြင်း၊ မှတ်ပုံတင်ခြင်း၊ စံသတ်မှတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် အသုံးပြုမည့် တောင်သူလယ်သမားများ၏ စိတ်ချယုံကြည်မှုကို ရရှိစေမည်ဖြစ်ပြီး လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်စေနိုင်မည်ဖြစ်ပါကြောင်း၊ ယခုအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်ကြီးများ ဝိုင်းဝန်းဆွေးနွေး အကြံပြုခဲ့ကြသည့်အပေါ်တွင်လည်း ဝန်ကြီးဌာနအနေဖြင့် များစွာအသိအမှတ်ပြု ကျေးဇူးတင်ရှိပါကြောင်းနှင့် ဆွေးနွေးအကြံပြုချက်များကို လိုအပ်သလို ဖြည့်စွက်ထည့်သွင်းရေးဆွဲသွားမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ နိုင်ငံတော်က ချမှတ်ထားသော စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်ရေး မူဝါဒနှင့်အညီ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်၊ စားနပ်ရိက္ခာဖူလုံရေး၊ အစားအစာဘေးကင်းလုံခြုံရေးနှင့် လယ်ယာကုန်ထုတ်စွမ်းအားမြင့်မားပြီး တောင်သူလယ်သမားများ ဝင်ငွေတိုးတက်ရေးအတွက် လက်မှုလယ်ယာစနစ်မှ ရေရှည်ဖွံ့ဖြိုးတိုးတက်သော စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရောက်ရှိစေရန်၊ တောင်သူလယ်သမားများနှင့် ဒေသခံလယ်သမား အစုအဖွဲ့များက ခေတ်မီလယ်ယာစိုက်ပျိုးရေးစနစ်ထူထောင်နိုင်သည့် သင့်လျော်သော လယ်ယာသုံးစက်ကိရိယာများ အသုံးပြုရေးကို ပံ့ပိုးကူညီပြီး အားပေးမြှင့်တင်ရန်၊ လယ်ယာသုံးစက်ကိရိယာများကို အရည်အသွေး အာမခံချက်ပြည့်မီစွာ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေးနှင့် တောင်သူများ လက်လှမ်းမီစွာ ဝယ်ယူ၊ ငှားရမ်းအသုံးပြုနိုင်ရေးအတွက် နိုင်ငံတော်က ထောက်ပံ့ကူညီပေးနိုင်ရန်၊ သမားရိုးကျ လက်မှုလယ်ယာစနစ်မှ ရေရှည်တည်တံ့သည့် စက်မှုလယ်ယာစနစ်သို့ စနစ်တကျကူးပြောင်းနိုင်ရန် စသည့် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အိမ်နီးချင်းနိုင်ငံများနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိစေမည့် စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကျိုးကျေးဇူးများ ကြီးမားစွာ ဖြစ်ထွန်းစေနိုင်သည့်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့်လည်း လက်ရှိတွင် အခန်း(၁၆) ခန်း ပါရှိသည့် စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဥပဒေတစ်ရပ်ကို အကောင်အထည်ဖော် ရေးဆွဲလျက်ရှိပြီး ဆက်လက်၍လည်း ထပ်မံဖြည့်စွက်သင့်သည့် အချက်များကို ဖြည့်စွက်ရေးဆွဲသွားမည်ဖြစ်ပါသဖြင့် ဝန်ကြီးဌာနမှ ရည်မှန်းဆောင်ရွက်နေမှုနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီး၏ အဆိုတင်သွင်းမှုမှာ ကိုက်ညီမှုရှိပြီး အလွန်တရာအကျိုးရှိသော အဆိုတစ်ရပ်လည်းဖြစ်သည့်အတွက် အဆိုအပေါ် ထောက်ခံပါကြောင်းနှင့် ဥပဒေအမြန်ဆုံးပေါ်ပေါက်ရေး အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဒေါက်တာ ကျော်ဆွေတင်သွင်းသည့် အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး (၁၁)ရက်မြောက်နေ့ကို အောက်တိုဘာ ၅ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းအဖွဲ့**

*○ ရှေ့ဖုံးမှ*

အခြေခံပညာ မူလတန်းလွန်ကျောင်းရှေ့တွင် အိမ်ထောင်စု ၄၀ အတွက် သောက်ရေသန့် ၁၇၅ ဂါလန်၊ ဘုမ္မော်ရပ်ကွက်ရှိ အိမ်ထောင်စု ၁၅၀ နှင့် ကျောင်းသား ကျောင်းသူများအတွက် သောက်ရေသန့်ဂါလန် ၇၅၀ တို့ကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ရေဘေးသင့်ရပ်ကွက်များအတွင်း ရွှေ့လျားရေသန့်စင်စက်ဖြင့် သောက်ရေသန့်ဖြန့်ဝေပေးနေမှု၊ ကူညီထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦး ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးသည်။

ဆက်လက်၍ ကြက်စားပြင်ရပ်ကွက် အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ပူးပေါင်းအဖွဲ့များက ကျောင်းစာသင်ခန်းများအတွင်း ရွှံ့နွံများနှင့် အမှိုက်များ ဖယ်ရှားရှင်းလင်းနေမှုနှင့် သန့်ရှင်းရေး ဆောင်ရွက်နေမှုကိုလည်းကောင်း၊ အာဇာနည်လမ်းပေါ်ရှိ ဘုမ္မော်ရပ်ကွက်သို့ စီးဆင်းနေသောချောင်းတွင် စက်ယန္တရားဖြင့်တူးဖော် ရှင်းလင်းနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

တိုင်းဒေသကြီး အတွင်း မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ပျက်စီးသွားသော လျှပ်စစ်မီးတိုင်နှင့် လျှပ်စစ်မီးကြိုး ပြတ်တောက်မှုများကို ပူးပေါင်းအဖွဲ့များက အချိန်မီ လျှပ်စစ်မီးရရှိအောင် ပြင်ဆင်ခြင်း၊ ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနက အဖွဲ့များဖွဲ့ပြီး ကူးစက်ရောဂါများ ဖြစ်ပွား၊ ကူးစက်မှု မရှိစေရေးအတွက် ကြိုတင်ကာကွယ် နှိမ်နင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရေတွင်းရေကန်များတွင် ကလိုရင်းဆေးခတ်ခြင်း၊ ရေသန့်စင်ဆေးပြားများ ဖြန့်ဝေခြင်း၊ တစ်ကိုယ်ရေ သန့်ရှင်းရေးနှင့် ကျန်းမာရေး အသိပညာပေး ဆွေးနွေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ လောင်းလုံးမြို့နယ်အတွင်း မြေပြိုနေသောနေရာများတွင် လမ်းပန်းဆက်သွယ်ရေး ပြန်လည်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံကွပ်ကဲမှုဖြင့် လူမှုကူညီရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်းကာ စက်ယန္တရားများဖြင့် လမ်းများဖောက်လုပ်လျက်ရှိပြီး သဗျားကျေးရွာတွင် ရေတိုက်စားမှုကြောင့် ပျက်စီးသွားသော တံတားအား ပြည်သူများ ဖြတ်သန်းသွားလာမှုကောင်းမွန်စေရန် ပြုပြင်မှုဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ သရက်ချောင်းမြို့၊ လောင်းလုံးမြို့နှင့် ပုလောမြို့နယ်များတွင် ရေပြန်လည်ကျဆင်းသွားပြီး လမ်းနှင့်တံတားများ ရေတိုက်စားမှုကြောင့် ပျက်စီးမှုများ၊ လမ်းမကြီးများပေါ်ရှိ ပိတ်ဆို့နေသော သစ်ပင်၊ သစ်ကိုင်းများ၊ လမ်းမီးတိုင်များနှင့် ရွှံ့နွံများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ စုပေါင်းပါဝင်၍ စက်ယန္တရားများဖြင့် ဖယ်ရှားရှင်းလင်းကာ လမ်းပန်းဆက်သွယ်ရေး အမြန်ဆုံး ပြန်လည်ကောင်းမွန်အောင် အင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ကျိုက်ထိုမြို့နယ်ရှိ ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဆောင်နိုင်ကြီးဓာတ်အားခွဲရုံ၊ ဓာတ်အားထိန်းချုပ်ခန်းအား အကြမ်းဖက်သောင်းကျန်းသူများက Drop Bomb ချ တိုက်ခိုက်ဖျက်ဆီး

**နေပြည်တော် အောက်တိုဘာ ၂**

အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အနှောင့်အယှက်ဖြစ်စေရန်၊ အရပ်သားပြည်သူများအား ကြောက်ရွံ့ထိတ်လန့်မှုများ ဖြစ်ပေါ်စေရန်နှင့် လမ်း၊ တံတားများအား ဖောက်ခွဲဖျက်ဆီးခြင်း၊ ဌာနဆိုင်ရာအဆောက်အအုံများနှင့် လူနေထိုင်ရာရပ်ကွက်၊ ကျေးရွာများအတွင်းသို့ ရှော့တိုက်ဒုံးများ၊ လက်နက်ကြီးများဖြင့် နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခြင်း၊ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခဲ့ခြင်းများကို ဥပဒေမဲ့ယုတ်မာရိုင်းစိုင်းစွာ ကျူးလွန်လျက်ရှိကြပြီး စက်တင်ဘာလ ၃၀ ရက် ညသန်းခေါင်အချိန်တွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ဆောင်နိုင်ကြီးဓာတ်အားခွဲရုံသို့ အကြမ်းဖက်သောင်းကျန်းသူများက Drop Bomb ၂ လုံးဖြင့် ပစ်ချတိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ၂၀၂၆ ခုနှစ် စက်တင်ဘာလ ၃၀ ရက် ည ၁၂ နာရီ ၁၀ မိနစ် ညသန်းခေါင်အချိန်တွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဆောင်နိုင်ကြီးဓာတ်အားခွဲရုံ ဓာတ်အားထိန်းချုပ်ခန်း(Control Room) ပေါ်သို့ အကြမ်းဖက်သောင်းကျန်းသူများက Drop Bomb ၂ လုံးဖြင့် ပစ်ချတိုက်ခိုက်မှုဖြစ်ပွားခဲ့ပါသည်။ အဆိုပါပေါက်ကွဲမှုဖြစ်စဉ်ကြောင့် ဓာတ်အား ထိန်းချုပ်ခန်း၏ နံရံများ၊ ခေါင်မိုးရှိ သွပ်ပြားများ၊ မျက်နှာကြက်များနှင့် ပြတင်းတံခါးပေါက်မှန်များ ပျက်စီးခြင်း၊ ၃၃ ကေဗွီနှင့် ၁၁ ကေဗွီ ထိန်းချုပ်ရေးခလုတ်ပုံးများ (Control Panel) ကို ဗုံးစထိမှန်ခြင်း၊ ထိန်းချုပ်ကေဘယ်လ်ကြိုးများ (Control Cable) ပျက်စီးခြင်းနှင့် ဓာတ်အားပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့သည်။ အဆိုပါဓာတ်အားခွဲရုံမှ ၃၃ ကေဗွီဓာတ်အားလိုင်းဖြင့် ဓာတ်အားဖြန့်ဖြူးပေးထားသည့် ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ကင်မွန်းစခန်း ဓာတ်အားခွဲရုံအား ၃၃ ကေဗွီ ကျိုက်ထိုဓာတ်အားလိုင်းဖြင့် ပြောင်းလဲချိတ်ဆက်၍ နောက်တစ်နေ့ အောက်တိုဘာလ ၁ ရက် နံနက် ၉ နာရီ ၅၅ မိနစ်တွင် ဓာတ်အားပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့သော်လည်း ဆောင်နိုင်ကြီး၊ မဲရုံးကြီး၊ မဲရုံးလေးနှင့် ဝင်းကလောကျေးရွာများမှာ ဓာတ်အားပြတ်တောက်လျက်ရှိပြီး အဆိုပါကျေးရွာများမှ ဒေသခံပြည်သူများအား ဓာတ်အားအမြန်ဆုံး ပြန်လည်ဖြန့်ဖြူးပေးနိုင်ရေးအတွက် လျှပ်စစ်ဝန်ထမ်းများက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

# တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကျင်းပ

**နေပြည်တော်  အောက်တိုဘာ ၂**

တတိယအကြိမ်အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၁၉၆ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ် (၇) ဦးသိန်းလှိုင်၏ **အသက်(၁၈)နှစ်အောက် ကလေးသူငယ်များအတွက် Online Platform များ အသုံးပြုရာတွင် ကြုံတွေ့ရင်ဆိုင်နေရသည့် အန္တရာယ်များမှ ကာကွယ်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင်က Online Platform များအသုံးပြုရာတွင် ကြုံတွေ့ရင်ဆိုင်နေရသည့် အန္တရာယ်များအား ဥပဒေပိုင်းဆိုင်ရာအရ ကာကွယ်နိုင်ရန် ဆိုက်ဘာလုံခြုံရေးဥပဒေကို ၂၀၂၅ခုနှစ် ဇန်နဝါရီ ၁ ရက်တွင်ပြဋ္ဌာန်းခဲ့ပါကြောင်း၊ ဦးစီးကော်မတီအနေဖြင့် ဆိုက်ဘာလုံခြုံရေးခြိမ်းခြောက်ခြင်း၊ ဆိုက်ဘာတိုက်ခိုက်ခြင်း၊ ဆိုက်ဘာအလွဲအသုံးပြုခြင်းတို့နှင့် စပ်လျဉ်း၍ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် အများပြည်သူသိရှိနိုင်ရန် သတင်းထုတ်ပြန်ခြင်း၊ အသိပေးကြေညာခြင်းနှင့် ကြိုတင်ကာကွယ်ခြင်းများ၊ အခြေခံအဆောက်အအုံ ကာကွယ်ခြင်းလုပ်ငန်းများကို ဆိုက်ဘာလုံခြုံရေး ကျိုးပေါက်မှုအရေးပေါ်စောင့်ကြည့်တုံ့ပြန်ရေးအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ပုဒ်မ (၁၀) အရ ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဦးစီးကော်မတီအောက်တွင် ဆိုက်ဘာလုံခြုံရေး၊ ဆိုက်ဘာကာကွယ်ရေး၊ ဆိုက်ဘာမှုခင်းဆိုင်ရာလုပ်ငန်းကော်မတီများအား ဖွဲ့စည်းထားပြီး ဆိုက်ဘာခြိမ်းခြောက်မှုများနှင့် ဆိုက်ဘာမှုခင်းများအား အရေးယူနိုင်ရေးနှင့် ကာကွယ်တားဆီးရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပုဒ်မ (၁၁) အရ ဆိုက်ဘာလုံခြုံရေးဦးစီးဌာနအနေဖြင့် အွန်လိုင်းမှတစ်ဆင့် နှောင့်ယှက်စော်ကားမှုများနှင့် မဟုတ်မမှန် သတင်းများဖြန့်ဝေမှုများကို တားဆီးကာကွယ်နိုင်ရေး အပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ ဆိုက်ဘာလုံခြုံရေးအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် ကျောင်းသားလူငယ်များအတွက် Online Platform များ အသုံးပြုရာတွင် ရင်ဆိုင်ကြုံတွေ့ရနိုင်သည့်အန္တရာယ်များအား ကြိုတင်ကာကွယ်နိုင်ရန်အတွက် နိုင်ငံတော်အဆင့် အခမ်းအနားများတွင် ဆိုက်ဘာလုံခြုံရေးအသိပညာပေး လက်ကမ်းစာစောင်များ မျှဝေခြင်း၊ ဗီဒီယို / Animation များ ပြသခြင်းနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများ ကျင်းပခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံပိုင်ရုပ်သံမီဒီယာများတွင် "ဆယ်ကျော်သက်နှင့် ဆိုက်ဘာအနိုင်ကျင့်ခြင်း" ခေါင်းစဉ်အပါအဝင် ဆိုက်ဘာလုံခြုံရေးအသိပညာပေး ကာတွန်းဇာတ်လမ်းတိုများကို အခါအားလျော်စွာ ထုတ်လွှင့်ပြသလျက်ရှိပါကြောင်း။

ထို့ပြင် ဆက်သွယ်ရေးဥပဒေအရ "ဆက်သွယ်ရေး ကွန်ရက်တစ်ခုခုကို အသုံးပြု၍ ပုဂ္ဂိုလ်တစ်ဦးဦးအား ခြောက်လှန့်တောင်းယူခြင်း၊ အသရေဖျက်ခြင်း၊ နှောင့်ယှက်ခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း" တို့ပြုလုပ်ခံရခြင်းများအား သက်ဆိုင်ရာရဲစခန်းများတွင် သတင်းပေးပို့ တိုင်ကြားနိုင်ပြီး ပြစ်မှုထင်ရှားပါက ဥပဒေ၊ ပုဒ်မ ၆၆(ဃ) အရ "နှစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်ဆယ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခံရနိုင်ပါကြောင်း ဖြေကြားသည်။




စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂) ဦးအောင်ချစ်လွင်၏ **စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် ချင်းတွင်းမြစ် အနောက်ဘက်ကမ်းတွင်တည်ရှိသော ဟင်နောင်ကျေးရွာနှင့် နန်းမောင်ခန်းကျေးရွာတို့ကို ဆက်သွယ်ထားသော ကိုယ့်အားကိုယ်ကိုး သစ်သားတံတား ခန့်မှန်းပေ ၂၀၀ ကျော်အား ကွန်ကရစ်တံတား ဆောက်လုပ်ပေးရန်နှင့် နန်းမောင်ခန်းကျေးရွာနှင့် ဆန်ကျိန်းကျေးရွာတို့ကို ဆက်သွယ်ထားသည့် ကျေးရွာချင်းဆက် နန်းမောင်ခန်း ချောင်းကူးကြိုးတံတား ပေ ၂၀၀ အား ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးက ပထမတံတားဖြစ်သည့် ဟုမ္မလင်းမြို့နယ် ဟင်နောင်ကျေးရွာနှင့် နန်းမောင်ခန်းကျေးရွာတို့ကို ဆက်သွယ်သည့် သစ်သားတံတားသည် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ သိမ်းသွင်းရန်ကျန်ရှိသည့် လမ်းစာရင်းတွင်ပါရှိသည့် တံတားဖြစ်ပြီး တည်ဆောက်ထားသည်မှာ နှစ်ကာလကြာမြင့်နေပြီဖြစ်၍ လက်ရှိအခြေအနေတွင် ဆိုင်ကယ်များသာ သွားလာနိုင်ပါကြောင်း၊ အဆိုပါ သစ်သားတံတားကို အဆင်ပြေချောမွေ့စွာ သွားလာနိုင်စေရေးအတွက် တိုင်းဒေသကြီးရန်ပုံငွေ အကန့်အသတ်အတွင်းမှ ပြင်ဆင်ထိန်းသိမ်းခြင်းအား လတ်တလောဆောင်ရွက်ပေးမည်ဖြစ်ပြီး သံကူကွန်ကရစ်တံတားဆောက်လုပ်ခြင်းကို ဒေသလိုအပ်မှု၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုနှင့် အကျိုးပြုမှုတို့အပေါ်မူတည်ပြီး ကျေးလက်လမ်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ပြည်ထောင်စု ( သို့မဟုတ်) တိုင်းဒေသကြီးရန်ပုံငွေဖြင့် ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်မှ စတင်၍ ဒေသန္တရဖွံ့ဖြိုးရေး ငါးနှစ် နှစ်တိုစီမံကိန်းစာရင်းတွင် အဆိုပြုလျာထားမည်ဖြစ်ပါကြောင်း။

ဒုတိယတံတားဖြစ်သည့် နန်းမောင်ခန်းကျေးရွာနှင့် ဆန်ကျိန်းကျေးရွာတို့ကို ဆက်သွယ်သည့်ချောင်းကူးကြိုးတံတား ပေ ၂၀၀ သည် ကျေးလက်လမ်း ဧရိယာတွင် ပါဝင်သော်လည်း လုပ်ငန်းလိုအပ်ချက်အရ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် နယ်စပ်ဒေသဖွံ့ဖြိုးရေး တိုင်းဒေသကြီးရန်ပုံငွေမှ ငွေကျပ် ၅၄ ဒသမ ၆၀ သန်းဖြင့် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ အဆိုပါ ကြိုးတံတားပြုပြင်ထိန်းသိမ်းရန်အတွက် ပွင့်လင်းရာသီတွင် မြေပြင်ကွင်းဆင်းပြီး လိုအပ်ချက်များနှင့်အညီ နယ်စပ်ဒေသဖွံ့ဖြိုးရေး တိုင်းဒေသကြီးရန်ပုံငွေဖြင့် ၂၀၂၈-၂၀၂၉ ဘဏ္ဍာနှစ်မှ စတင်၍ ဒေသဖွံ့ဖြိုးရေး ငါးနှစ် နှစ်တိုစီမံကိန်းစာရင်းတွင် အဆိုပြုလျာထားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကချင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁) ဦးရခွီဖုန် (Rakwi Pung)၏ **ကချင်ပြည်နယ် ခေါင်လန်ဖူးမြို့နယ် ဇီးထန်ကျေးရွာအုပ်စု အချန်ချောင်းနှင့် ဇီးထန်ချောင်းဆုံတွင် အလျားပေ ၂၂၀၊ အကျယ် ၁၄ ပေရှိ RC သံကူကွန်ကရစ်တံတား တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးက ခေါင်လန်ဖူးမြို့နယ် အချန်ချောင်းနှင့် ဇီးထန်ချောင်းဆုံတွင် ပေ ၂၂၀ RC ကွန်ကရစ်တံတား တည်ဆောက်ပေးနိုင်ရေးနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း နည်းပညာပိုင်းဆိုင်ရာ အကူအညီများ ပေါင်းစပ်ပေးမည်ဖြစ်သော်လည်း နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် လက်ရှိနယ်မြေလုံခြုံရေးအခြေအနေအရ ဆောင်ရွက်ပေးနိုင်ခြင်းမရှိပါကြောင်းနှင့် လုံခြုံရေးကောင်းမွန်လာသည့်အချိန်မှသာ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့်ပေါင်းစပ်၍ လျာထားဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၂) ဒေါ်ခင်ဆွေ၏ **မကွေးတိုင်းဒေသကြီး မင်းဘူး-သရက် ရထားလမ်း၊ သရက်-ကံမ ရထားလမ်း၊ မင်းလှ-တောင်တွင်းကြီး ရထားလမ်းပိုင်းများ ပြန်လည်ပြေးဆွဲနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနမှ စီစဉ်ဆောင်ရွက်နေခြင်း ရှိ/မရှိ၊ ရှိပါက မည်သည့်အချိန်ကာလတွင် ပြန်လည်ပြေးဆွဲနိုင်မည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်က မြန်မာ့မီးရထားအနေဖြင့် မင်းဘူး-မင်းလှ-သရက် ခရီးစဉ်ကို မင်းဘူး(၁)/ (၂) RBE ရထားများဖြင့် ပြေးဆွဲခဲ့ပါကြောင်း၊ ဆက်လက်၍ သရက်-ကံမခရီးစဉ် ၂၉ ဒသမ ၁၄ မိုင်အား အမှတ် (၁၉၉) အဆန်/ (၂၀၀) အစုန် RBE ရထားများဖြင့် ပြေးဆွဲပေးခဲ့ပါကြောင်း၊ အလားတူ မင်းလှ-တောင်တွင်းကြီး ခရီးစဉ်ကို အမှတ် (၁၉၃)အဆန်/ (၁၉၄)အစုန် RBE ရထားများဖြင့် ပြေးဆွဲပေးခဲ့ပြီး အဆိုပါ လမ်းပိုင်းများအား ကိုဗစ်-၁၉ ရောဂါစတင်ဖြစ်ပွားသည့် ၂၀၂၀ ပြည့်နှစ် မတ် ၂၉ ရက်မှစတင်၍ ရထားပြေးဆွဲခြင်းများကို ရပ်ဆိုင်းခဲ့ပါကြောင်း။

အဆိုပါ လမ်းပိုင်းသစ်များ ဖောက်လုပ်ခဲ့ရာတွင် သစ်သားဇလီဖားနှင့် ကွန်ကရစ်ဇလီဖားများ ပေါင်းစပ်၍ ဆောင်ရွက်ခဲ့သော လမ်းပိုင်းများဖြစ်ပြီး နှစ်ကာလကြာမြင့်သဖြင့် သစ်သားဇလီဖားတုံးများ ဆွေးမြည့်ခြင်း၊ တောမီးလောင်ပျက်စီးခြင်းများ ဖြစ်ပေါ်လျက်ရှိပါကြောင်း၊ ရောဝတီမြစ်အနောက်ဘက်ခြမ်း လုံခြုံရေးအခြေအနေပေးလျှင် လမ်းကြံ့ခိုင်မှုစစ်ဆေးပြီး လိုအပ်သည့် ကွန်ကရစ်ဇလီဖားတုံးနှင့် ကျောက်ဖြည့်ဆည်းခြင်း၊ တာပေါင်များရေတိုက်စားမှုကို ပြန်လည်ဖို့ခြင်း၊ တံတား(ကြီး/ငယ်) ပျက်စီးမှုများကို ပြုပြင်ခြင်း၊ ပျောက်ဆုံးနေသော သံလမ်းထိန်းကလစ်များ၊ Pad များ

*စာမျက်နှာ ၈ သို့*

- ရွာထောင်ဘူတာမှ ဝက်လက်ဘူတာအထိ အကွာအဝေး ၃၄ မိုင်ခန့်အား အချိန်အားဖြင့် လေးလခန့် ပြုပြင်ခဲ့ရပြီး အကြမ်းဖက်သောင်းကျန်းသူများ၏ နှောင့်ယှက်ဖျက်ဆီးမှုများ များစွာကြုံတွေ့ခဲ့ရ
- ဝက်လက်-ရွှေဘို လမ်းပိုင်းတွင် ၁၀ ပေအရှည် တံတား လေးစင်း၊ ပေ ၂၀ အရှည် တံတားတစ်စင်း မိုင်းခွဲဖျက်ဆီးခံရခြင်း၊ ရထားလမ်း၏ တစ်မိုင်ကျော်ခန့် သံလမ်းများ ဖြုတ်ခိုးခံရခြင်း၊ ရထားလမ်းတာပေါင်များကို မြေတူးစက် (Backhoe) ဖြင့် မြောင်းတူးဖျက်ဆီးထားခြင်းများနှင့် လုံခြုံရေးအခြေအနေများအရ ဆက်လက်ဆောင်ရွက်နိုင်ခြင်းမရှိခဲ့
- ဆောင်ရွက်ပြီးဖြစ်သော ရွာထောင်-ဝက်လက် လမ်းပိုင်းတွင်လည်း သာလိုင်းရုံးသာဘူတာနှင့် ဝက်လက်ဘူတာကြားရှိ ပေ ၁၂၀ အရှည် တံတားအမှတ် (၅၇) ပြွန်ကြီးတံတား၏ တံတားသံပေါင်များ ဖျက်ဆီးခံရခြင်း၊ ခက်ခဘူတာနှင့် ပေါက်ကန်ဘူတာကြား ပြုပြင်ထားပြီး သံလမ်းပေ ၄၂၀၀ ခန့် ဖျက်ဆီးခံရခြင်းများ ဖြစ်ပေါ်ခဲ့က စစ်ဆေးမှုမပြုနိုင်သေးသည့် နေရာများတွင်လည်း လမ်းများ၊ တံတားများ၊ ဘူတာအဆောက်အအုံများ၊ စက်ခေါင်းနှင့်တွဲများအား ဖျက်ဆီးထားမှုများကြောင့် မီးရထားဘူတာရှိ ဝန်ထမ်းများပင် တိမ်းရှောင်နေရ

*စာမျက်နှာ ၇ မှ*

ပြန်လည်ဖြည့်တင်းခြင်း၊ အချက်ပြဆက်သွယ်ရေးစနစ်များ ပြန်လည်စစ်ဆေးပြုပြင်ခြင်း၊ ဘူတာများ ပြုပြင်ပေးခြင်း၊ ဝန်ထမ်းနေအိမ်များ ပြုပြင်ပေးခြင်း လုပ်ငန်းများအား နှစ်အလိုက် ဘဏ္ဍာငွေလျာထား၍ အကြီးစားပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ပြီး လတ်တလော ရထားများပြန်လည်ပြေးဆွဲနိုင်သည့် အခြေအနေ မရှိသေးပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၆) ဦးခင်မောင်အေး၏ **စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ဆက်စပ်လျက်ရှိသည့် ကသာခရိုင်၊ ကောလင်းခရိုင်၊ ကန့်ဘလူခရိုင်၊ ရွှေဘိုခရိုင်တို့ကို ဆက်သွယ်ထားသည့် မီးရထားလမ်းအား အပိုင်းလိုက်၊ အဆင့်လိုက် မြန်မာ့မီးရထားမှ ပြုပြင်ပြေးဆွဲပေးရန် အစီအစဉ် ရှိ/မရှိ နှင့် အစီအစဉ် ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအောင်မြင့်က မန္တလေး–မြစ်ကြီးနား ရထားလမ်းပိုင်းသည် ၃၄၂ ဒသမ ၇၅ မိုင်ရှိပြီး ယခင်က လူစီးအမြန်ရထား ၁၀ စင်း၊ စာပို့ရထား လေးစင်း၊ လူစီးကုန်တင်ရထား ၁၀ စင်းနှင့် ခရီးတိုရထား နှစ်စင်းတို့အား ပြေးဆွဲပေးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ စတင်ဖြစ်ပွားသည့် ၂၀၂၀ ပြည့်နှစ် ဧပြီလမှစတင်၍ ရထားခရီးစဉ်များ ယာယီဖျက်သိမ်းထားခဲ့ပြီး လုံခြုံရေးအခြေအနေအရ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်မှစ၍ ရပ်နားထားခဲ့ရပါကြောင်း။

မြန်မာ့မီးရထားမှ မန္တလေး –မြစ်ကြီးနားရထားလမ်းပိုင်းတွင် ရထားများ ပြန်လည်ပြေးဆွဲနိုင်ရေးအတွက် ရှေးဦးစွာ ရွာထောင်–ရွှေဘိုလမ်းပိုင်း၏ ရထားလမ်းပြုပြင်ခြင်းလုပ်ငန်းများကို ၂၀၂၃ ခုနှစ် ဇူလိုင် ၁၄ ရက်တွင် ရွာထောင်ဘူတာမှစတင်၍ ပြုပြင်ခဲ့ရာ ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၂ ရက်တွင် ဝက်လက်ဘူတာအထိ ရောက်ရှိခဲ့ပါကြောင်း၊ **ရွာထောင်ဘူတာမှ ဝက်လက်ဘူတာအထိ အကွာအဝေး ၃၄ မိုင်ခန့်အား အချိန်အားဖြင့် လေးလခန့်ပြုပြင်ခဲ့ရပြီး အကြမ်းဖက်သောင်းကျန်းသူများ၏ နှောင့်ယှက်ဖျက်ဆီးမှုများ များစွာကြုံတွေ့ခဲ့ရပါကြောင်း။**

ရထားလမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေစဉ်အတွင်း **ဝက်လက်–ရွှေဘို လမ်းပိုင်းတွင် ၁၀ ပေအရှည် တံတားလေးစင်း၊ ပေ ၂၀ အရှည် တံတား တစ်စင်း မိုင်းခွဲဖျက်ဆီးခံရခြင်း၊ ရထားလမ်း၏ တစ်မိုင်ကျော်ခန့် သံလမ်းများဖြုတ်ခိုးခံရခြင်း၊ ရထားလမ်းတာပေါင်များကို မြေတူးစက် (Backhoe)ဖြင့် မြောင်းတူးဖျက်ဆီးထားခြင်းများနှင့် လုံခြုံရေးအခြေအနေများအရ ဆက်လက်ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပါကြောင်း၊ ထို့ပြင် ဆောင်ရွက်ပြီးဖြစ်သော ရွာထောင်–ဝက်လက်လမ်းပိုင်းတွင်လည်း သာလှိုင်းရုံးသာဘူတာနှင့် ဝက်လက်ဘူတာကြားရှိ ပေ ၁၂၀ အရှည် တံတားအမှတ်(၅၇) ပြွန်ကြီးတံတား၏ တံတားသံပေါင်များ ဖျက်ဆီးခံရခြင်း၊ ခက်ခဘူတာနှင့် ပေါက်ကန်ဘူတာကြား ပြုပြင်ထားပြီး သံလမ်းပေ ၄၂၀၀ ခန့် ဖျက်ဆီးခံရခြင်းများ ဖြစ်ပေါ်ခဲ့ပါကြောင်း၊ ထို့ပြင် စစ်ဆေးမှုမပြုနိုင်သေးသည့် နေရာများတွင်လည်း လမ်းများ၊ တံတားများ၊ ဘူတာ အဆောက်အအုံများ၊ စက်ခေါင်းနှင့်တွဲများအား ဖျက်ဆီးထားမှုများကြောင့် မီးရထားဘူတာရှိ ဝန်ထမ်းများပင် တိမ်းရှောင်နေရပါကြောင်း။**

မြန်မာ့မီးရထားအနေဖြင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်နှင့်အညီ မန္တလေး–မြစ်ကြီးနား လမ်းပိုင်းအား ရထားများ ပြန်လည်ပြေးဆွဲရေးအတွက် လုံခြုံရေးအခြေအနေအပေါ်မူတည်၍ လမ်းပိုင်းအလိုက် ပြုပြင်ပေးလျက်ရှိရာ ကချင်ပြည်နယ်အတွင်း မိုးကောင်း–မြစ်ကြီးနား အသွား/အပြန်ခရီးစဉ် မိုးကောင်း–၁/၂ RBE ရထားအား ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁ ရက်မှ စ၍လည်းကောင်း၊ မိုးညှင်း–မြစ်ကြီးနား အသွား/အပြန် ခရီးစဉ် အမှတ်(၄၉)အဆန်/(၅၀)အစုန် ရထားအား ၂၀၂၆ ခုနှစ် ဇူလိုင် ၂၂ ရက်မှစ၍လည်းကောင်း တိုးချဲ့ပြေးဆွဲပေးလျက်ရှိပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူသယ်ယူပို့ဆောင်ရေး (Public Transportation) အတွက် များစွာဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူများကလည်း ပူးပေါင်းပါဝင်၍ ဖျက်ဆီးမှုများကို ဝိုင်းဝန်းကာကွယ်ထိန်းသိမ်းရန် လိုအပ်ပါကြောင်း။

သို့ပါ၍ စစ်ကိုင်းခရိုင်၊ ရွှေဘိုခရိုင်၊ ကန့်ဘလူခရိုင်နှင့် ကသာခရိုင်တို့ကို ဆက်သွယ်ထားသည့် ရထားလမ်းအား နယ်မြေလုံခြုံရေး အခြေအနေပေးသည့်အချိန်တွင် ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ကရင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၉) စောမြတ်ထွဋ်ဝင်း(ခ) ကိုဆွိ၏ **ကရင်ပြည်နယ် ဘားအံ(မြိုင်ကလေး) ဘူတာရုံနှင့် သထုံဘူတာရုံသို့ ရထားလမ်းများ အဆင့်မြှင့်တင်ပြုပြင်ဆောင်ရွက်ပေးရန်နှင့် ရန်ကုန် – မော်လမြိုင် ရထားများသည် ဘားအံ(မြိုင်ကလေး) ဘူတာရုံသို့ လူစီးရထားများနှင့် ကုန်တွဲရထားများ ပြေးဆွဲပေးနိုင်ခြင်း ရှိ/မရှိနှင့် ပြေးဆွဲပေးမည်ဆိုပါက မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်နှင့် ပြေးဆွဲပေးနိုင်ခြင်း မရှိပါက မည်သည့်အတွက်ကြောင့် ဖြစ်သည်ကို သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးအောင်မြင့်က မြန်မာ့မီးရထားအနေဖြင့် သထုံ–လှာကာ–မြိုင်ကလေးလမ်းပိုင်းအား ခရီးတိုရထားကို တွဲ(၂)တွဲပါ စက်ခေါင်းဖြင့် ၂၀၁၅ ခုနှစ် မေ ၂၃ ရက်မှစ၍ တစ်ပတ်လျှင် စနေ၊ တနင်္ဂနွေ နှစ်ရက်ဖြင့် နှစ်လ စမ်းသပ်ပြေးဆွဲခဲ့သော်လည်း ခရီးသည်လိုက်ပါစီးနင်းမှုမရှိသည်ကို တွေ့ရှိရပါကြောင်း၊ သို့သော်လည်း လမ်းပိုင်းပျက်စီးမှုမရှိစေရေးအတွက် လမ်းပိုင်းထိန်းသိမ်းသည့်အနေဖြင့် တစ်လလျှင် သုံးခေါက်ပြေးဆွဲခဲ့ပြီး ခရီးသည်များ လိုက်ပါစီးနင်းမှုမရှိသဖြင့် ၂၀၁၇ ခုနှစ် မေ ၂၄ ရက်မှစ၍ ခရီးတိုရထားပြေးဆွဲခြင်းကို ရပ်ဆိုင်းခဲ့ကာ သံလမ်းပြေးယာဉ်(RGC)ဖြင့် အနည်းဆုံး တစ်လ တစ်ကြိမ် လမ်းပိုင်းစစ်ဆေးခြင်းကိုသာ ဆောင်ရွက်ခဲ့ပါကြောင်း။

သထုံ–လှာကာ–မြိုင်ကလေး ရထားလမ်းပိုင်းဖွင့်လှစ်ခဲ့ပြီးနောက် မြိုင်ကလေးဘိလပ်မြေစက်ရုံအတွက် လိုအပ်သောကုန်ကြမ်းပစ္စည်းများ သယ်ပို့ရန် ကုန်ရထားပြေးဆွဲမှုကို ဆောင်ရွက်ခဲ့သော်လည်း နောက်ပိုင်းတွင် ကုန်ပစ္စည်းများ သယ်ယူရန်မရှိသဖြင့် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်မှစ၍ ရပ်နားထားခဲ့ပါကြောင်း။

သထုံဘူတာမှ လေးတိုင်ဘူတာအထိ ၅ ဒသမ ၀ မိုင် အကွာအဝေးကို ၂၀၂၅ ခုနှစ် မတ် ၂၀ ရက်တွင် လမ်းပိုင်းပြုပြင်ပြီးဖြစ်သဖြင့် ကုန်ရထားပြေးဆွဲခြင်းကို ပြန်လည်ဆောင်ရွက်ခဲ့ပါကြောင်း၊ သထုံ–လှာကာ–မြိုင်ကလေးလမ်းပိုင်းတွင် ခရီးသည်ရထားအား လိုက်ပါစီးနင်းသူမရှိ၍ ဆက်လက်ပြေးဆွဲခြင်းမရှိသေးသည့်အပြင် လမ်းပိုင်းပြုပြင်ခြင်းလုပ်ငန်းများမှာ ဆောင်ရွက်ဆဲဖြစ်သဖြင့် ကုန်ရထားအား လမ်းပိုင်းပြုပြင်ပြီးသည့် လေးတိုင်ဘူတာအထိသာ ပြေးဆွဲပေးလျက်ရှိပြီး ကျန်ရှိသည့် လမ်းပိုင်းပြုပြင်မွမ်းမံထိန်းသိမ်းမှုများ ဆက်လက်ဆောင်ရွက်နေပါကြောင်း။

သထုံ – လှာကာ – မြိုင်ကလေး လမ်းပိုင်းတွင် တိုင်တရာရပ်စခန်းဘူတာအနီး၌ လမ်းပိုင်းမှာ ဆင်ခြေလျှော ၁ အချိုး ၆၀ ရှိခြင်း၊ သထုံမှ လေးတိုင်အထိ ၅ မိုင်ခန့်သာ သံလမ်းတစ်ဆက်လျှင် ကွန်ကရစ်ဇလီဖား ၁၇ တုံး ထည့်သွင်းပြုပြင်ထားပြီး ကျန် ၁၇ မိုင်ကျော်အတွက် နှစ်စဉ်ဘဏ္ဍာငွေထည့်သွင်းလျာထား၍ ကွန်ကရစ်ဇလီဖား ထပ်မံထည့်သွင်းခြင်း၊ လမ်းခင်းကျောက်ဖြည့်သွင်းခြင်းနှင့် တံတားနေရာများ စစ်ဆေးပြုပြင်ခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ပါ၍ သထုံ–လှာကာ–မြိုင်ကလေးလမ်းပိုင်းတွင် ရန်ကုန်–မော်လမြိုင် DEMU ရထားနှင့်ချိတ်ဆက်ဆောင်ရွက်နိုင်ရန်အတွက် ဘားအံ(မြိုင်ကလေး) ဘူတာမှ လေးတိုင်ဘူတာအထိ ကျန်ရှိသည့် ၁၇ မိုင်အတွက် လမ်းပိုင်းပြုပြင်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၇–၂၀၂၈ ဘဏ္ဍာနှစ်တွင် လမ်းပိုင်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမည်ဖြစ်ပါကြောင်းနှင့် ယင်းအချိန်တွင် ချိတ်ဆက်ပြေးဆွဲနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို သတင်းအချက်အလက်များ၊ နည်းပညာ အထောက်အကူများ၊ ငွေကြေးပံ့ပိုးမှုများနှင့် အလုပ်အကိုင်ကျွမ်းကျင်မှုများ လွယ်ကူစွာရရှိစေရန်၊ ကုန်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုများ နိုင်ငံတကာ စံချိန်စံညွှန်းကိုက်ညီ၍ အရည်အသွေးပြည့်မီပြီး ပြည်တွင်းပြည်ပဈေးကွက်များသို့ လက်လှမ်းမီစေရန်နှင့် ယှဉ်ပြိုင်နိုင်မှုစွမ်းရည် မြင့်မားတိုးတက်စေရန်၊ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများနှင့်အတူ ဝင်ငွေတိုးတက်ရရှိလာစေရန်၊ လုပ်ငန်းဆိုင်ရာအခက်အခဲများနှင့် အဟန့်အတားများ လျော့နည်းစေရန်၊ ဒီဂျစ်တယ်အသုံးပြုမှု၊ သတင်းအချက်အလက်နည်းပညာအသုံးပြုမှုနှင့် အွန်လိုင်းကုန်သွယ်မှုစနစ်တို့ ဖွံ့ဖြိုးတိုးတက်လာစေရေးပံ့ပိုးကူညီရန်၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးအတွက် လိုအပ်သော အထောက်အပံ့များ၊ အစီအစဉ်များ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးကို ဆောင်ရွက်နိုင်ရန်စသည့် ရည်ရွယ်ချက်များဖြင့် ရေးဆွဲထားပါကြောင်း လွှတ်တော်သို့ တင်သွင်းသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၃) ဦးဟိန်းမင်းဦးက အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ လေ့လာသုံးသပ်ချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အကာအကွယ်ပေးရေးဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြ၍ အမျိုးသားလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး သတ္တမနေ့ကို အောက်တိုဘာ ၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းအဖွဲ့**

## လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများ သုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂**

လျှပ်စစ်သုံးယာဉ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုတေသနရလဒ်များကို လက်တွေ့အသုံးချနိုင်သည့် နည်းပညာများအဖြစ် ပြောင်းလဲနိုင်ရန် Prototype ဖန်တီးခြင်း၊ စမ်းသပ်စစ်ဆေးခြင်းနှင့် လက်တွေ့အသုံးချခြင်းတို့ကို ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများအနက် ပြည်တွင်း၌ သုတေသနပြုဖွံ့ဖြိုးနိုင်မည့် နည်းပညာနယ်ပယ်များကို ဦးစားပေးသတ်မှတ်ရန်၊ EV Engineering၊ Battery Techn–ology၊ Power Electronics၊ Embedded Systems၊ Charging Technology စသည့် နည်းပညာဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို တက္ကသိုလ်များ၊ သုတေသန အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍတို့ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ဒုတိယဝန်ကြီး ဒေါက်တာ နေခြည်လွဲလွဲသိန်းက ပြောကြားသည်။



ယနေ့မွန်းလွဲပိုင်းတွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Hybrid စနစ်ဖြင့်ကျင်းပသည့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများ သုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာ ပြန့်ပွားရေးလုပ်ငန်းကော်မတီ အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးက ယခုကဲ့သို့ ဆွေးနွေးပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ နည်းပညာကျွမ်းကျင်သည့် လူ့စွမ်းအား အရင်းအမြစ်များ မွေးထုတ်နိုင်ရေးအတွက် တက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များ၊ သုတေသနအဖွဲ့အစည်းများနှင့် သက်ဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ သုတေသနနှင့် နည်းပညာဆိုင်ရာ အချက်အလက်များကို စုစည်းအသုံးချနိုင်ရေးအတွက် EV Technology and Research Database တည်ဆောက် နိုင်ရေးကိုလည်း ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လုပ်ငန်း ကော်မတီအနေဖြင့် သုတေသနရလဒ်များကိုလက်တွေ့အသုံးချနိုင်သည့် နည်းပညာများအဖြစ်ပြောင်းလဲနိုင်ရေး ဆောင်ရွက်ရန်နှင့် လုပ်ငန်းတစ်ခုချင်းစီအတွက် Action Plan ရေးဆွဲအကောင်အထည်ဖော်ရန် ဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် လုပ်ငန်း ကော်မတီဝင်များနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများ သုတေသနဖွံ့ဖြိုးရေး၊ နည်းပညာလွှဲပြောင်းရေး၊ စမ်းသပ်စစ်ဆေးရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးနှင့် ပြည်တွင်းထုတ်လုပ်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ် ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ရေ၊လေ) အားကစားပြိုင်ပွဲဖွင့်ပွဲ၌ အမှာစကားပြောကြား





**နေပြည်တော် အောက်တိုဘာ ၂**

၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ ကျင်းပပြုလုပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး တက်ရောက်ပြီး အဖွင့်အမှာစကားပြောကြားသည်။**(ယာပုံ)**

အဆိုပါအခမ်းအနားသို့တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူဇနီး ဒေါ်နီလာ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့်ဇနီး ဒေါ်နန်းကူးကူ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)ရုံး/ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ တပ်မတော် ဘောလုံးအကယ်ဒမီကျောင်းမှ သင်တန်းသားများ၊ ဖိတ်ကြားထားသူများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်(ကြည်း၊ရေ၊လေ)စစ်တီးဝိုင်းအဖွဲ့က ကွင်းအတွင်း ဝင်ရောက်နေရာယူပြီး စစ်ရေးပြမှူးကြီးဦးဆောင်သော အလံတော်အဖွဲ့နှင့် အားကစားအသင်း ၁၇ သင်းမှ အားကစားသမားများက ကွင်းအတွင်းဆက်လက်နေရာယူကြသည်။ ထို့နောက် ၂၀၂၆ ခုနှစ် တပ်မတော်(ကြည်း၊ရေ၊လေ) အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ဖွင့်လှစ်ကြောင်း ကြေညာချိန်တွင် တပ်မတော်အားကစားနှင့် ကာယပညာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဟိန်းနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကြည်သိုက်တို့က ဖွင့်ပွဲစာတမ်းပါ မိုးပျံပူဖောင်းများအား ဖဲကြိုးဖြတ်၍ လွှတ်တင်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စစ်ရေးပြမှူးကြီး ဦးဆောင်သော အလံတော်အဖွဲ့နှင့် အားကစားသမားများ၏ အလေးပြုခြင်းကို ခံယူသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် တပ်မတော်(ကြည်း၊ရေ၊လေ) လက်ရွေးစင်အားကစားသမားများမှတစ်ဆင့် နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်သည့် မြန်မာ့လက်ရွေးစင်အားကစားသမားများအဖြစ် တက်လှမ်းနိုင်စေရန်နှင့် မျိုးဆက်သစ်လူငယ်အားကစားသမားကောင်းများ စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ အခုကဲ့သို့ တပ်မတော်(ကြည်း၊ရေ၊လေ) အားကစားပြိုင်ပွဲများကို ကျင်းပပေးနေရခြင်းဖြစ်ကြောင်း။

မြန်မာ့အားကစားကဏ္ဍ တိုးတက်ရေးကို အထောက်အကူပြုနိုင်ရန်အတွက် တပ်မတော်အနေဖြင့် တပ်မတော်ကိုယ်ခံပညာနှင့် အားကစားသိပ္ပံကျောင်းကို ၁၉၉၇-၁၉၉၈ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ယနေ့အချိန်ထိ လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း၊ စတင်ဖွင့်လှစ်ခဲ့ချိန်မှ ယနေ့ထိတိုင်အောင် တပ်မတော်(ကြည်း၊ရေ၊လေ)လက်ရွေးစင်အားကစားသမားများသာမက မြန်မာ့ဂုဏ်ဆောင်နိုင်ခဲ့သည့် လက်ရွေးစင်အားကစားသမားများကိုပါ မွေးထုတ်နိုင်ခဲ့သည်အထိ အောင်မြင်မှုများရရှိခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

ထို့အပြင် မြန်မာ့အားကစားရွှေခေတ်လို့ ဆိုရမည့်ကာလများမှာလည်း မိမိတို့တပ်မတော်သားများ ပါဝင်ပြီး အောင်မြင်မှုသရဖူဆောင်းခဲ့သည့် မှတ်တမ်းများကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ အာရှအဆင့်အတွက်သာမက ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲများအထိ ဘောလုံး၊ ရေကူး၊ အလေးမ၊ လက်ဝှေ့ စသည့် အားကစားနည်းများတွင် နိုင်ငံတော်နှင့် တပ်မတော်၏ဂုဏ်ကို ဆောင်ကြဉ်းခဲ့ရုံသာမက မှတ်တမ်းများတစ်လျှောက် ယနေ့ထက်တိုင် သမိုင်းပုံရိပ်များအဖြစ် ထင်ကျန်နေဆဲဖြစ်ကြောင်း။

ယနေ့ကျင်းပပြုလုပ်သည့် ၂၀၂၆ ခုနှစ် တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများတွင် အားကစားနည်း ၁၂ မျိုးကို ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ရာဇဝင်သမိုင်းကြောင်းကို ပြန်ကြည့်မည်ဆိုပါက ကျန်းမာကြံ့ခိုင်သည့် လူမျိုးများအဖြစ် အများက လေးစားအားကျရလောက်သည်အထိ ကာယအား၊ ဉာဏအား ထွန်းပြောင်ခဲ့ကြသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ဆန်ရေစပါးပေါများသည့် မိမိတို့နိုင်ငံတွင် စားသောက်နေထိုင်မှုများကို သဘာဝနှင့်အညီ နေထိုင်ကျင့်ကြံခဲ့ကြ၍ မိမိတို့၏ဘိုးဘေးဘီဘင်များ အသက်ရှည်ရှည် ကျန်းကျန်းမာမာနှင့် နေထိုင်နိုင်ခဲ့ကြကြောင်း၊ မိမိတို့၏ သန်စွမ်းကျန်းမာမှုများကို အလဟဿ မဖြစ်စေဘဲ ကျရောက်လာသည့် သမိုင်းပေးတာဝန်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များတွင် ကိုယ်ကျိုးမငဲ့ထမ်းရွက်ခဲ့ကြသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

အားကစားနှင့်ပတ်သက်၍ ရှေးဘုရင်များ အုပ်စိုးစဉ်အခါကပင် လှေသဘင်ပွဲ၊ မြင်းခင်းသဘင်ပွဲများ ကျင်းပခဲ့သည့်အစဉ်အလာများရှိခဲ့သည်ကို ၁၂ လရာသီ ပွဲတော်မှတ်တမ်းများအရ သိရှိကြရမည်ဖြစ်ကြောင်း၊ ဘာသာရေး၊ အမျိုးသားရေး၊ ရိုးရာယဉ်ကျေးမှုစသည့် အထိမ်းအမှတ်ပွဲတော်များကို ၁၂ ရာသီပတ်လုံး ကျင်းပခဲ့ကြသလို လှေသဘင်ပွဲနှင့် မြင်းခင်းသဘင်ပွဲမှတစ်ဆင့် တိုင်းပြည်ကာကွယ်ရေးအတွက် လိုအပ်သည့် စစ်သည်ရဲမက် သူရဲကောင်းရွေးချယ်ခြင်းများကိုလည်း ပြုလုပ်နိုင်ခဲ့ကြကြောင်း၊ တစ်နည်းအားဖြင့် ဉာဏပေါင်းစပ်ထားသည့် ကာယအားပြု အားကစားပြိုင်ပွဲများသည် နိုင်ငံတော်ကာကွယ်ရေးကို အထောက်အကူပြုစေရန်ဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့တပ်မတော်အနေဖြင့်လည်း ယနေ့အားကစားပြိုင်ပွဲ အသီးသီးကို သတ်မှတ်ကာလများတွင်ကျင်းပစေပြီး ထူးချွန်သည့် အားကစားသမားများ ပေါ်ထွန်းလာစေရန် ရှေ့အစဉ်အလာများနှင့်အညီ ဆောင်ရွက်ပေးနေခြင်းပင်ဖြစ်ကြောင်း၊ တပ်ခွဲအဆင့်၊ တပ်ရင်းအဆင့်၊ တပ်မအဆင့်၊ တိုင်းအဆင့်တို့မှတစ်ဆင့် တပ်မတော်ကိုယ်စားပြု အားကစားသမား တစ်ယောက်ဖြစ်လာခြင်းသည် နိုင်ငံ့လက်ရွေးစင်အားကစားသမား တစ်ယောက် ထပ်မံဖြစ်ပေါ်လာစေရန် အခွင့်အလမ်းကောင်း တစ်ရပ်ဟုလည်း ဆိုနိုင်မည်ဖြစ်ကြောင်း။

တပ်မတော်အနေဖြင့် အမျိုးသားရေးယဉ်ကျေးမှု အမွေအနှစ်များ မပျောက်ပျက်စေဘဲ မျိုးဆက်သစ်များ ပေါ်ထွန်းစေရန် ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲများ ကျင်းပပေးခြင်း၊ အားကစားသမားကောင်းများ ပေါ်ထွက်အောင် အခုကဲ့သို့ (ကြည်း၊ရေ၊လေ)အားကစားပြိုင်ပွဲများ ကျင်းပပေးခြင်းနှင့် နွေရာသီကျောင်းပိတ်ရက်ကာလများတွင် ကျောင်းသားလူငယ်များအတွက် ရေကြောင်း၊ လေကြောင်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးခြင်းများသည် နိုင်ငံတော်အတွက် လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွန်းလာအောင် ဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း။

ထို့အပြင် အသင်းအုပ်ချုပ်သူများ၊ နည်းပြအဖွဲ့ဝင်များအနေဖြင့်လည်း အားကစားသမားရွေးချယ်ခြင်းကိစ္စရပ်များတွင် အမှန်တကယ် ခြေစွမ်းခြေစရှိသူများကို ရွေးထုတ်ပေးကြရန်လိုပြီး အားကစားနှင့် မသက်ဆိုင်သည့် ပုဂ္ဂိုလ်ရေးများကတစ်ဆင့် ရွေးချယ်ခြင်းမပြုကြရန်နှင့် အသင်းတာဝန်ရှိသူများ၏ သစ္စာတရားကို ပြသကြရန်လိုအပ်မည်ဖြစ်ကြောင်း။

စစ်ပွဲတစ်ပွဲတွင် အင်အားနည်းခြင်း၊ များခြင်း၊ လက်နက်အင်အား သာလွန်ခြင်းများထက် တိုက်ပွဲဝင်လိုစိတ်ပြင်းပြမှုနှင့် အနိုင်မခံအရှုံးမပေး စိတ်များကသာ ခေတ်အဆက်ဆက်တွင် ထိရောက်အောင်မြင်မှုရနေဆဲဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ မကြာခင်က ကျင်းပပြီးစီးခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲကြီးတွင် အင်အားကြီး နာမည်ကျော်အသင်းကြီးများကို အကြောက်အရွံ့ကင်းမဲ့စွာ ယှဉ်ပြိုင်ကစားခဲ့ကြသည့် မျက်နှာသစ်ပြိုင်ပွဲဝင် နိုင်ငံငယ်အသင်းများကို တွေ့ရှိခဲ့ရကြောင်း။

မိမိတို့ထက် အစစသာလွန်သည့် အသင်းကြီးဖြစ်သော်လည်း အကြောက်တရား မထားဘဲ ဗျူဟာမြောက်ကစားကွက်များနှင့် တုံ့ပြန်ကစားခဲ့သဖြင့် အသင်းကြီးအချို့ ရလဒ်မကောင်းခဲ့ကြသည်ကိုလည်းတွေ့မြင်ခဲ့ရကြောင်း၊ ၎င်းသည် အားကစားသမားများ၏ နိုင်ချင်စိတ်၊ အောင်မြင်ချင်စိတ်ရှိခြင်းကြောင့်ဟုလည်း ဆိုနိုင်မည်ဖြစ်ကြောင်း။

အားကစားပြိုင်ပွဲတွင် မိမိသာလျှင် “တော်သည်၊ တတ်သည်၊ ကောင်းသည်၊ မှန်သည်” ဆိုသည့် အစွဲသည် အသင်းအဖွဲ့တစ်ခုကို ထိခိုက်ပျက်စီးစေခြင်း၏ အစဖြစ်ကြောင်းကို အားလုံးသတိပြုကြရန်လိုကြောင်း၊ အသင်းလိုက်ကစားရသည့် ပြိုင်ပွဲများတွင် တစ်ဦးတစ်ယောက်အပေါ် လွန်ကဲစွာမှီခိုခြင်း မပြုသင့်ကြောင်း အသိတရားတစ်ခုကို အားကစားပွဲများကတစ်ဆင့်ရရှိစေပြီး အသင်းသားတိုင်း ညီညွတ်စုစည်းကြမှသာ အောင်မြင်မှုရရှိမည်ဆိုသည်ကိုလည်း သင်ခန်းစာရရှိစေမည်ဖြစ်ကြောင်း၊ အဆိုပါသင်ခန်းစာများကို အားလုံးနားလည်သိရှိပြီး လိုက်နာကျင့်သုံးမည်ဆိုပါက အားကစားတွင်သာမက ဘဝလမ်းကြောင်းများတွင် အောင်မြင်မှုများ ရရှိကြမည်ဖြစ်ကြောင်းကို တိုက်တွန်းမှာကြားလိုကြောင်း။

မြန်မာ့အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်တစ်ဖက်တစ်လမ်းက အထောက်အကူပြုနေသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲအသီးသီးတွင် ယနေ့ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရသည့် အားကစားသမားများသည် သမိုင်းကြောင်းလှပခဲ့သည့် တပ်မတော်အားကစားပုံရိပ် ပြန်လည်မြင့်မားစေရေး အစွမ်းကုန်ယှဉ်ပြိုင်ကစားကြရန် လိုအပ်ကြောင်း။

မိမိအသင်းအတွက် အောင်မြင်မှုရရှိရန် ကြိုးစားသည့်နေရာတွင် အောင်ပွဲရရင်လည်း ပျော်သကဲ့သို့ အရှုံးကိုလည်း လက်ခံနိုင်သူများဖြစ်အောင် ကြိုးစားပြီး အားကစားသမားကောင်းစိတ်ဓာတ်ကို ပြသကြရန်၊ အားကစားကဏ္ဍမြှင့်တင်ခြင်းသည် နိုင်ငံတော်ကို တစ်ဖက်တစ်လမ်းက ကာကွယ်စောင့်ရှောက်နေသည်ဆိုသည့် အမျိုးသားရေးခံယူချက် အသိတရားမွေးမြူပြီး မလျှော့သော ဇွဲလုံ့လများနှင့် ကြိုးစားယှဉ်ပြိုင်ကြရန်၊ စည်းကမ်းကောင်းမွန်ပြီး စည်းလုံးညီညွတ်မှုရှိပါက မည်သို့သော ပြိုင်ဘက်မျိုးကိုမဆို ရင်ဆိုင်ယှဉ်ပြိုင်ဝံ့သည်ဆိုသည့် အသိတရားတစ်ခုကိုလည်း ဘဝတစ်သက်တာလုံး လက်ကိုင်ထားပြီး လိုက်နာကျင့်သုံးသွားကြရန်၊ ရည်ရွယ်ချက်ကောင်းများနှင့် ကျင်းပပေးလျက်ရှိသည့် မိမိတို့၏တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲအသီးသီးကတစ်ဆင့် ကိုယ်စီရှိထားကြသည့် အရည်အချင်းအသီးသီးကိုဖော်ထုတ်ပြီး နိုင်ငံတော်နှင့် တပ်မတော်အတွက် အားကိုးအားထားပြုရသည့် အားကစားသမားကောင်းများဖြစ်အောင် ဆက်လက်ကြိုးစားသွားကြရန်တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် စစ်ရေးပြမှူးကြီး ဦးဆောင်၍ အလံတော်အဖွဲ့နှင့်အတူ ပြိုင်ပွဲဝင်အသင်းများက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြု ထွက်ခွာကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲအဖြစ် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံး ကိုယ်စားပြုအသင်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုအား ကြည့်ရှုအားပေးကြသည်။

အဆိုပါ ပွဲစဉ်တွင် တစ်ဖက်နှင့်တစ်ဖက်ရလဒ်ကောင်းရရှိနိုင်ရေး အပြန်အလှန် ဖိအားပေးကစားခဲ့ကြသော်လည်း ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြုအသင်းက အချိတ်အဆက်မိမိ၊ ကစားကွက်မိမိဖြင့် ဘောလုံးပိုင်ဆိုင်မှုအသာစီးရယူကာ ကစားနိုင်ခဲ့သောကြောင့် ပွဲကစားချိန် ပြီးဆုံးချိန်တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းက ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း) စခန်းမှူးရုံး ကိုယ်စားပြုအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

တပ်မတော်(ကြည်း၊ရေ၊လေ)အားကစားပြိုင်ပွဲတွင် ဘောလုံးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဖူဆယ်ပြိုင်ပွဲ၊ မြန်မာ့သိုင်း(ကျား/မ)ပြိုင်ပွဲ၊ လက်ဝှေ့ပြိုင်ပွဲ၊ ဘော်လီဘော(ကျား/မ)ပြိုင်ပွဲ၊ ပြေးခုန်ပစ်(ကျား/မ) ပြိုင်ပွဲ၊ ဂျူဒို(ကျား/မ)ပြိုင်ပွဲ၊ ဂေါက်သီးရိုက်ပြိုင်ပွဲ၊ တိုက်ကွမ်ဒိုပြိုင်ပွဲ၊ ကရာတေးပြိုင်ပွဲနှင့် ရိုးရာခြင်းလုံးပြိုင်ပွဲစသည့် အားကစားနည်းအမျိုးအစား ၁၂ မျိုးကို အောက်တိုဘာ ၁၆ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# Naypyitaw State Academy မှ ဥပဒေအထူးပြုကျောင်းသား ကျောင်းသူများအတွက် ဥပဒေပညာရပ်ဆိုင်ရာ လက်တွေ့သင်တန်း အမှတ်စဉ်(၃) ဖွင့်လှစ်



**နေပြည်တော် အောက်တိုဘာ ၂**

Naypyitaw State Academy မှ ဥပဒေအထူးပြု ကျောင်းသား ကျောင်းသူများအတွက် ဥပဒေပညာရပ်ဆိုင်ရာ လက်တွေ့သင်တန်း အမှတ်စဉ်(၃) သင်တန်းဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ဥပဒေရေးရာဝန်ကြီးဌာန သုံးထပ်ဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းကို အောက်တိုဘာ ၂ ရက်မှ နိုဝင်ဘာ ၁၃ ရက်အထိ ရက်သတ္တ (၆) ပတ်ကြာ လုပ်ငန်းခွင် လက်တွေ့သင်ကြားပေးမည်ဖြစ်ပြီး Naypyitaw State Academy ဥပဒေပညာဌာနမှ တတိယနှစ် ဥပဒေပညာ ကျောင်းသား ကျောင်းသူ ၁၃ ဦးနှင့်BA(Law)အထူးပြု ကျောင်းသား ကျောင်းသူ ရှစ်ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၂၁ ဦး တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦးက သင်တန်းသားများအနေဖြင့် ဥပဒေရေးရာဝန်ကြီးဌာန ဝန်ကြီးရုံးနှင့် ဦးစီးဌာန လေးခုတို့၏ လက်တွေ့လုပ်ငန်းများကို လေ့လာခွင့်ရရှိမည်ဖြစ်ကြောင်း၊ ဥပဒေရေးရာဝန်ကြီးဌာနနှင့် လုပ်ငန်းသဘာဝအရ ဆက်စပ်ဆောင်ရွက်ရသည့် ဌာနအဖွဲ့အစည်းများသို့ လေ့လာ ရေးခရီးပို့ဆောင်ရန်လည်း ညှိနှိုင်းဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့အတူ Naypyitaw State Academy ပါမောက္ခချုပ်က Naypyitaw State Academy ၏ သင်ကြားမှုပုံစံများအား ရှင်းလင်းတင်ပြသည်။

ယမန်နေ့ကလည်း ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Shanghai Cooperation Organization) အဖွဲ့ဝင် နိုင်ငံများ၏ (၂၄) ကြိမ်မြောက် ရှေ့နေချုပ်များ အစည်းအဝေးကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာဇန်မြို့၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် Virtual စနစ်ဖြင့် ပါဝင်တက်ရောက်ခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ အဖွဲ့ဝင်နိုင်ငံများမှ ရှေ့နေချုပ်များ၊ လေ့လာသူနိုင်ငံများနှင့် ဆွေးနွေးမှု မိတ်ဖက်နိုင်ငံများမှ ရှေ့နေချုပ်များလည်း တက်ရောက်ခဲ့သည်။

အဆိုပါရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ အဖွဲ့ဝင်နိုင်ငံများ၏ရှေ့နေချုပ်များ အစည်းအဝေးကို အရွယ်မရောက်သေးသူများ၏ အခွင့်အရေးများနှင့် ဥပဒေရေးရာ အကျိုးအမြတ်များကို အကာအကွယ်ပေးခြင်းဆိုင်ရာ ဥပဒေနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ခြင်း၊ တားဆီးကာကွယ်ရေးဆိုင်ရာ အတွေ့အကြုံများ ဖလှယ်ခြင်းနှင့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံများအကြား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးတို့ကို မြှင့်တင်ရန် ရည်ရွယ်ကျင်းပခြင်း ဖြစ်သည်။

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ အဖွဲ့ဝင်နိုင်ငံများ၏ (၂၄) ကြိမ်မြောက် ရှေ့နေချုပ်များ အစည်းအဝေးသို့ တက်ရောက်သော အဖွဲ့ဝင်နိုင်ငံများမှ ရှေ့နေချုပ်များ၊ လေ့လာသူ နိုင်ငံများနှင့် ဆွေးနွေးမှုမိတ်ဖက်နိုင်ငံများမှ ရှေ့နေချုပ်များက ကလေးသူငယ်များ အဖျက်အမှောင့်ဆောင်ရွက်မှုများတွင် ပါဝင်ခြင်းမှ တားဆီးကာကွယ်ခြင်းနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပုံနှိပ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် အရည်အသွေးစံချိန်စံညွှန်းများနှင့်အညီ အဆင့်ဆင့်စနစ်တကျစစ်ဆေးဆောင်ရွက်ရန် ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း မှာကြား

**နေပြည်တော် အောက်တိုဘာ ၂**

ကျောင်းသုံးပုံနှိပ် စာအုပ်များသည် နိုင်ငံ၏ အနာဂတ်မျိုးဆက်သစ် ကျောင်းသား ကျောင်းသူများ ပညာသင်ယူရေးနှင့် အသိပညာ ဖွံ့ဖြိုးရေးအတွက် အခြေခံအရေးပါသည့် ပညာရေးအထောက် အကူပြုပစ္စည်းများ ဖြစ်သဖြင့် ပုံနှိပ်ထုတ်ဝေရာတွင် စာအုပ်အရည်အသွေး၊ စာလုံးပုံနှိပ်သား၊ စက္ကူအရည်အသွေးနှင့် ချုပ်လုပ်မှုအပါအဝင် ပုံနှိပ်လုပ်ငန်းများ ဆောင်ရွက်ရာတွင် အရည်အသွေး စံချိန်စံညွှန်းများနှင့်အညီ အဆင့်ဆင့် စနစ်တကျစစ်ဆေး ဆောင်ရွက်ရန် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်းသည် ယနေ့နံနက်ပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန နေပြည်တော် ပုံနှိပ်စက်ရုံကို သွားရောက် ကြည့်ရှုစစ်ဆေးစဉ် မှာကြားသည်။

ထို့ပြင် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေး အလေးထားကြပ်မတ်ရန်၊ ပုံနှိပ်စက်များ ပုံမှန်ပြုပြင်ထိန်းသိမ်း၍ စက်စွမ်းဆောင်ရည် ပြည့်ဝစွာ အသုံးချနိုင်ရေး ဆောင်ရွက်ရန်နှင့် အချိန်မီ အရည်အသွေးပြည့်မီစွာ ရိုက်နှိပ်ထုတ်ဝေနိုင်ရေး၊ ထုတ်လုပ်မှု အရည်အသွေး တစ်ဆင့်ချင်းစီ တိုးတက်ကောင်းမွန်လာစေရေး အလေးထားဆောင်ရွက်ရန် မှာကြားခဲ့ပြီး ၂၀၂၆-၂၀၂၇ ပညာသင်နှစ်နှင့် ၂၀၂၇-၂၀၂၈ ပညာသင်နှစ် မူလတန်းကျောင်းသုံး ဖတ်စာအုပ်များ၊ စာဖောင်များ၊ စာအုပ်(အဖုံးများ) ခင်းကျင်းပြသထားမှုတို့ကိုလည်းကောင်း၊ စာပြင်ခန်း၊ CTP ဌာန၊ ပလိတ်ကူးခန်း၊ ပုံနှိပ်စက်ခန်းများတွင် ပညာရေးဝန်ကြီးဌာနမှအပ်နှံထားသော အခြေခံပညာမူလတန်းအဆင့် ကျောင်းသုံးဖတ်စာအုပ်များ ရိုက်နှိပ်ထုတ်ဝေနေမှု၊ စာအုပ်ချုပ်လုပ်ငန်းစဉ် အဆင့်ဆင့် ဆောင်ရွက်နေမှုနှင့် ပုံနှိပ်ပြီးစာအုပ်များထားရှိသည့် ကုန်ချောဂိုဒေါင်တို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။



ဆက်လက်၍ စက်ရုံဝင်းအတွင်းရှိဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအတွက် အပန်းပြေကလေးကစားကွင်း ထားရှိမှု၊ ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် အသားတိုးကြက်များ မွေးမြူထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း သတင်းစာတိုက်ဝင်းအတွင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အမှုထမ်းအိမ်ရာများ ပြန်လည်ပြုပြင်နေမှု၊ ဝန်ထမ်းများနှင့် မိသားစုများအတွက် စိတ်အပန်းပြေအနားယူနိုင်ရေး ပန်းခြံထားရှိမှုနှင့် မူကြိုကျောင်းတွင် ကလေးငယ်များ ကဗျာရွတ်ဆိုနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများနှင့် ကလေးငယ်များအတွက် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်သည်။

ဆက်လက်၍ ဘိုးဝဇီရခန်းမ၌ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းတို့မှအရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံပြီး နိုင်ငံတော်အစိုးရ၏ လုပ်ဆောင်ချက်များ၊ ရည်မှန်းချက်များ၊ မူဝါဒများနှင့် ရှေ့လုပ်ငန်းစဉ်များကို ပြည်သူများ သိရှိနားလည်လာစေရန် သတင်းမီဒီယာများမှ တစ်ဆင့် ထိရောက်စွာ အသိပညာပေးရန်နှင့် ပြည်သူများထံ မှန်ကန်တိကျသည့် သတင်းအချက်အလက်များ အချိန်မီရောက်ရှိရေးကို အလေးထား ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ သတင်းမီဒီယာကဏ္ဍသည် နိုင်ငံတော်၏ "နားနှင့်မျက်စိ" ဖြစ်သည့်အတွက် သတင်းအချက်အလက်များကို ထုတ်ပြန်ဖြန့်ဝေပေးရုံမျှ မဟုတ်ဘဲ ပြည်သူများ သိသင့်သိထိုက်သည့် အချက်အလက်များကို မှန်ကန်၊ တိကျ၊ ပြည့်စုံစွာ သိရှိနိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပြည်သူများထံ မှန်ကန်သည့် သတင်းအချက်အလက်များ ရောက်ရှိမှသာ ပြည်သူများအနေဖြင့် နိုင်ငံတော်၏ လုပ်ငန်းစဉ်များကို နားလည်သဘောပေါက်ပြီး တာဝန်ယူဆောင်ရွက်နေသည့် အစိုးရအဖွဲ့များအပေါ် ယုံကြည်မှုရှိလာကာ သက်ဆိုင်ရာလုပ်ငန်းများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း မှာကြားသည်။

တွေ့ဆုံပွဲ အပြီးတွင် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။

**သတင်းစဉ်**

# တတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပ

**မြစ်ကြီးနား အောက်တိုဘာ ၂**

တတိယအကြိမ် ကချင်ပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် မြစ်ကြီးနားမြို့ ပြည်နယ်လွှတ်တော်ရုံး လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူ့အကျိုးပြု မေးခွန်း ရှစ်ခုကို မေးမြန်းကြရာ သက်ဆိုင်ရာ ပြည်နယ်ဝန်ကြီးများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ဆက်လက်၍ အစည်းအဝေး ပထမနေ့တွင် တင်သွင်းခဲ့သော မိုးကောင်းမြို့နယ် မဲဆန္ဒနယ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အမှတ်(၁) ဦးနေလင်းစိုးက မြစ်ကြီးနားလေဆိပ် (ရန်ကုန်-မန္တလေး- မြစ်ကြီးနား - ပူတာအို) ခရီးသည်တင်လေယာဉ်ပြေးဆွဲမှု အကြိမ်ရေများ တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရေးနှင့် ပြည်သူများ လေယာဉ်လက်မှတ် အလွယ်တကူဝယ်ယူနိုင်ရေးတို့ကို စနစ်တကျစီမံဆောင်ရွက်ပေးရန် ပြည်နယ်အစိုးရအဖွဲ့မှ တစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တိုက်တွန်းကြောင်း အဆိုအား လွှတ်တော်ကိုယ်စားလှယ် လေးဦးက ထောက်ခံဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်နယ်လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားပြီး လွှတ်တော်၏ အဆုံးအဖြတ်ဖြင့် အဆိုကို အတည်ပြုသည်။

ထို့နောက် ပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့တွင် တင်သွင်းခဲ့သော ကချင်ပြည်နယ် သတ္တုအသေးစားနှင့် လက်လုပ်လက်စားလုပ်ငန်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် အမည်စာရင်းတင်သွင်းသည့် လွှတ်တော်ကိုယ်စားလှယ် မရှိသဖြင့် အဆိုပါဥပဒေကြမ်းအား လွှတ်တော်၏ အဆုံးအဖြတ်ဖြင့် အတည်ပြုကာ တတိယအကြိမ် ကချင် ပြည်နယ်လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ရပ်နားလိုက်ကြောင်း သိရသည်။



**ပြည်နယ်(ပြန်/ဆက်)**

# လူငယ်၊ နိုင်ငံသားကောင်းဖြစ်မှုနှင့် ပြောင်းလဲနေသော ကမ္ဘာ့အခင်းအကျင်း

**နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံ့စွမ်းအားဆိုသည်မှာ စစ်ရေးစွမ်းရည်တစ်ခုတည်းကို ဆိုလိုခြင်းမဟုတ်ဘဲ နိုင်ငံ၏ လူသားအရင်းအမြစ်၊ စီးပွားရေး၊ နည်းပညာ၊ နိုင်ငံရေးနှင့် အုပ်ချုပ်ရေးစွမ်းရည်၊ သံတမန်ရေး၊ လူမှုသဟဇာတဖြစ်မှု၊ စည်းလုံးညီညွတ်မှု၊ ယဉ်ကျေးမှုနှင့် သဘာဝအရင်းအမြစ်များကို ထိရောက်စွာ အသုံးချနိုင်သည့် စုပေါင်းစွမ်းရည် ဖြစ်ပါသည်။**

**မောင်လူအေး(လူငယ်ရေးရာ)**

အဆိုပါစွမ်းရည် သို့မဟုတ် စွမ်းအားကို ရေရှည်တောင့်တင်းခိုင်မာစေရန် လူ့စွမ်းအားအရင်းအမြစ်ဖြစ်သည့် လူငယ်များက အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ လူငယ်များသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိအင်အားစုများဖြစ်သကဲ့သို့ အနာဂတ် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် ခေါင်းဆောင်မှုကို ဆက်လက်သယ်ဆောင်ကြမည့် လူသားအရင်းအမြစ်များ၊ အင်အားစုများလည်း ဖြစ်ပါသည်။

ထို့ကြောင့် ကမ္ဘာ့နိုင်ငံများက လူငယ်များအား နိုင်ငံ၏အနာဂတ်အင်အားစုများအဖြစ်သာမကဘဲ နိုင်ငံ၏ လက်ရှိနှင့် အနာဂတ်စွမ်းအားကို တည်ဆောက်နေသော အဓိက အင်အားစုများအဖြစ် ရှုမြင်ကာ လူငယ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဖော်ဆောင်နေကြခြင်းဖြစ်သည်။

ထို့ပြင် နိုင်ငံ့စွမ်းအား တောင့်တင်းခိုင်မာရေးသည် အစိုးရ သို့မဟုတ် တပ်မတော်အဖွဲ့အစည်းတစ်ရပ်၏ တာဝန်သက်သက်မဟုတ်ဘဲ ပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်မှု လိုအပ်သော အမျိုးသားရေးလုပ်ငန်းစဉ်တစ်ရပ်လည်း ဖြစ်သည်။ မျက်မှောက်ကာလ ကမ္ဘာ့အစီအစဉ်သည် နိုင်ငံတကာအရေးကိစ္စရပ်များကို ဆုံးဖြတ်ရာတွင် နိုင်ငံတစ်နိုင်ငံတည်းက လွှမ်းမိုးချုပ်ကိုင်ထားသည့် Unipolar World Order မှ အင်အားကြီးနိုင်ငံများ၊ အင်အားကြီးမားလာသည့် နိုင်ငံအများအပြားပါဝင်လာသော Multipolarity ပုံစံသို့ တဖြည်းဖြည်း ပြောင်းလဲလျက်ရှိသည်။

အထူးသဖြင့် နိုင်ငံတကာဆက်ဆံရေးတွင် စည်းမျဉ်းအခြေခံစနစ်မှ အင်အားအခြေခံစနစ်သို့ ပြောင်းလဲလာသည်ကိုလည်း တွေ့မြင်နေရပါသည်။ ကမ္ဘာ့နိုင်ငံများအကြား မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားနှင့် အချုပ်အခြာအာဏာကို ဦးစားပေးလာခြင်းနှင့်အတူ အနာဂတ် ကမ္ဘာ့အခင်းအကျင်းသည်လည်း နိုင်ငံ့စွမ်းအားတိုးတက်ပြောင်းလဲမှုများကြောင့် ဆက်လက်ပြောင်းလဲနေဦးမည်ဖြစ်သည်။

### လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား

နိုင်ငံ့စွမ်းအားခိုင်မာတောင့်တင်းမှသာ မိမိနိုင်ငံ၏အမျိုးသားအကျိုးစီးပွားနှင့် အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်များကို ပုံဖော်နိုင်မည်ဖြစ်ပြီး ကမ္ဘာတည်သရွေ့ မိမိနိုင်ငံနှင့်လူမျိုး ရေရှည်တည်တံ့ခိုင်မြဲစေရေးနှင့် မည်သည့်အခြေအနေတွင်မဆို နိုင်ငံ့အချုပ်အခြာအာဏာကို ထိပါးမခံရစေရေးအတွက် ကာကွယ်ထိန်းသိမ်းနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံများသည် နိုင်ငံ့စွမ်းအားခိုင်မာအားကောင်းစေရေးအတွက် အဓိကကျသည့် လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်လာကြသည်။

ယင်းလုပ်ငန်းစဉ်တွင် လူငယ်များသည် လူဦးရေအများစုဖြစ်သည်သာမက Human Capital, Innovation Capital, Social Capital နှင့် Leadership Capital များအဖြစ် ဖန်တီးပေးနိုင်သော အင်အားစုများလည်းဖြစ်ပါသည်။ လူငယ်များသည် နိုင်ငံတစ်နိုင်ငံ၏ အတက်ကြွဆုံးနှင့် အင်အားအကောင်းဆုံး လူ့စွမ်းအားအရင်းအမြစ်များဖြစ်ရာ ယနေ့ကမ္ဘာ့အခင်းအကျင်းကို နားလည်သဘောပေါက်ပြီး မိမိနိုင်ငံနှင့်လူမျိုးအတွက် အကျိုးမပြုသည့် အယူအဆ အတွေးအခေါ်များ၊ ဆန့်ကျင်ဘက်လုပ်ရပ်များကို ရှောင်ကြဉ်၍ နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို အပြည့်အဝ ဖော်ဆောင်နိုင်ရေး တန်ဖိုးရှိသည့် နိုင်ငံ့အင်အားစုများအဖြစ် နိုင်ငံသားကောင်းစိတ်ဓာတ်အပြည့်ဖြင့် အကောင်းဆုံး ပူးပေါင်းဆောင်ရွက်ရမည့်အချိန်အခါ ဖြစ်ပါသည်။

လူ့အဖွဲ့အစည်းတစ်ရပ်၏ တည်ငြိမ်မှု၊ စည်းလုံးညီညွတ်မှုနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုတို့သည် နိုင်ငံ၏ စီးပွားရေးအင်အား၊ နည်းပညာတိုးတက်မှုနှင့် သဘာဝအရင်းအမြစ်များအပေါ်တွင်သာ မူတည်နေခြင်းမဟုတ်ဘဲ ယင်းလူ့အဖွဲ့အစည်းအတွင်း နေထိုင်ကြသည့် လူတစ်ဦးချင်းစီ၏ ကိုယ်ကျင့်တရား၊ တာဝန်သိစိတ်နှင့် နိုင်ငံသားကောင်းစိတ်ဓာတ်တို့အပေါ်တွင်လည်း မှီတည်လျက် ရှိပါသည်။ လူငယ်များသည် နိုင်ငံတစ်နိုင်ငံ၏ လက်ရှိအင်အားသာမက အနာဂတ် လူ့အဖွဲ့အစည်း၏ ခေါင်းဆောင်များလည်း ဖြစ်ကြပါသည်။

> **“အချုပ်အားဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးသည် မိမိနိုင်ငံ၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်ရန်အတွက် နိုင်ငံ့စွမ်းအားခိုင်မာအားကောင်းလာစေရေး အလေးထားဆောင်ရွက်လျက်ရှိသည်။ နိုင်ငံ့စွမ်းအားသည် စစ်ရေး၊ စီးပွားရေးနှင့် နည်းပညာတစ်ခုတည်းဖြင့် မခိုင်မာနိုင်ပါ။ နိုင်ငံ့စွမ်းအား၏ အခြေခံအုတ်မြစ်ဖြစ်သော အရည်အသွေးမြင့် လူသားအရင်းအမြစ်ဖြစ်သည့် တာဝန်ယူမှုရှိသော နိုင်ငံသားများနှင့် တက်ကြွသော နိုင်ငံသားများလည်း လိုအပ်”**

ထို့ကြောင့် လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတွင် ပညာရပ်ဆိုင်ရာ အသိပညာ၊ အတတ်ပညာနှင့် နည်းပညာကျွမ်းကျင်မှုများသာမက ကျင့်ဝတ်နှင့် နိုင်ငံသားကောင်းစိတ်ဓာတ်ကိုလည်း ထည့်သွင်းမြှင့်တင်လေ့ကျင့်ဆောင်ရွက်ပေးရမည်ဖြစ်သည်။ လူတစ်ဦးသည် ပညာအရည်အချင်းမြင့်မားခြင်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကျွမ်းကျင်မှုရှိခြင်းတို့နှင့်အတူ မှန်ကန်သော ကိုယ်ကျင့်တရားနှင့် တာဝန်သိသော နိုင်ငံသားကောင်း စိတ်ဓာတ်ရှိမှသာ မိမိကိုယ်တိုင်အတွက်သာမက မိမိနေထိုင်ရာ လူ့အဖွဲ့အစည်းနှင့် နိုင်ငံတော်အတွက်ပါ အကျိုးပြုနိုင်မည်ဖြစ်သည်။ နိုင်ငံသားကောင်းတစ်ဦး၏ အခြေခံအချက်များမှာ ရိုးသားဖြောင့်မတ်မှု၊ တာဝန်ယူမှု၊ ကျင့်ဝတ်စောင့်ထိန်းမှု၊ စည်းကမ်းရှိမှုနှင့် အခြားသူများကို လေးစားမှုတို့ဖြစ်သည်။

နိုင်ငံသားကောင်းတစ်ယောက် ဖြစ်ရန်အတွက် ပြည်သူ့နီတိ(Civics) ကို သိရှိလိုက်နာရန် လိုအပ်ပါသည်။ ပြည်သူ့နီတိဆိုသည်မှာ လက်တင်ဘာသာစကား ‘Civicus’ မှ ဆင်းသက်လာခြင်းဖြစ်သည်။ အင်္ဂလိပ်ဘာသာ ‘Civics’ ကို Oxford English Dictionary တွင် “the study of the rights and duties of citizens as well as how government works” ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ အစိုးရ၏လုပ်ဆောင်ချက်များ၊ နိုင်ငံသားများ၏ တာဝန်နှင့်ရပိုင်ခွင့်များကို လေ့လာခြင်းဟု အကြမ်းဖျင်းဆိုနိုင်မည်ဖြစ်သည်။

စာရိတ္တနှင့် ပြည်သူ့နီတိကို သိရှိလိုက်နာဆောင်ရွက်ခြင်းဖြင့် ကိုယ်ကျင့်တရား ကောင်းမွန်သော၊ ယဉ်ကျေးသိမ်မွေ့၍ တာဝန်ကိုကျေပွန်စွာ ထမ်းဆောင်နိုင်သော နိုင်ငံသားကောင်းများကို မွေးထုတ်ပေးနိုင်မည်ဖြစ်သည်။ ယင်းကြောင့်လည်း အခြေခံပညာကျောင်းများတွင် စာရိတ္တနှင့်ပြည်သူ့နီတိဘာသာရပ်ကို ပြဋ္ဌာန်းထားရှိကာ လေ့ကျင့်သင်ကြားပေးနေခြင်းဖြစ်သည်။ လူ့အဖွဲ့အစည်းအတွင်း နေထိုင်ပေါင်းသင်းဆက်ဆံမှုတို့တွင် လိုက်လျောညီထွေပြေပြစ်စွာ ပြုမူပြောဆိုဆက်ဆံနေထိုင်တတ်စေရန်နှင့် နိုင်ငံသားတစ်ဦးအနေဖြင့် စောင့်ထိန်းလိုက်နာရမည့် တာဝန်ဝတ္တရားများကို လိုက်နာဆောင်ရွက်တတ်စေရန် ရည်ရွယ်၍ ပြည်သူ့နီတိဘာသာရပ်ကို သင်ကြားရခြင်းဖြစ်သည်။

ကိုလိုနီခေတ် ဗြိတိသျှအစိုးရအုပ်ချုပ်မှုလက်အောက်ရှိ မြန်မာနိုင်ငံတွင် အစိုးရကျောင်းများ၌ ပြည်သူ့နီတိကို ကျောင်းသင်ဘာသာရပ်တစ်ခုအနေဖြင့် သင်ကြားခွင့်မပြုခဲ့ပေ။ အမျိုးသားကျောင်းများတွင်သာ ပြည်သူ့နီတိကို ကျောင်းသင်ဘာသာရပ်အဖြစ် သင်ကြားရန် ပြဋ္ဌာန်းခဲ့သည်။ လွတ်လပ်ရေးရပြီး ၁၉၅၀ ဝန်းကျင်မှသာ ပြည်သူ့နီတိကို မူလတန်း၊ အလယ်တန်း၊ အထက်တန်းဟူ၍ သီးခြားထုတ်ဝေကာ ကျောင်းသုံးဘာသာရပ်အဖြစ် ပြဋ္ဌာန်းနိုင်ခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့်လည်း ကိုလိုနီခေတ်စာပေပညာရှင်များ၏ ဆောင်းပါး၊ ကဗျာ၊ ဝတ္ထုများသည် နိုင်ငံသားကောင်းများဖြစ်ရန်၊ မျိုးချစ်စိတ် နိုင်ငံချစ်စိတ် ထက်သန်စေရန်နှင့် လူ့အဖွဲ့အစည်းကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်တတ်စေရန် လှုံ့ဆော်မှုပေးသည့် စာပေလက်ရာများကို အများဆုံး လေ့လာတွေ့ရှိရပါသည်။ ဥပမာအနေဖြင့် ဆရာဇော်ဂျီ၏ “သင်သေသွားသော်” ကဗျာတွင် နိုင်ငံသားတစ်ဦးအနေဖြင့် မိမိနိုင်ငံ၊ ရပ်ရွာဇာတိ၊ လူမျိုး၊ ဘာသာ သာသနာကို တိုးတက်ကောင်းမွန်အောင် ထိန်းသိမ်း စောင့်ရှောက်သွားရမည်ဖြစ်ကြောင်း တိုက်တွန်းနှိုးဆော်ထားသည်မှာ–

“ဩော် လူ့ပြည်လောက၊ လူ့ဘဝကား<br>
အိုရ၊ နာရ၊ သေရဦးမည်၊<br>
မှန်ပေသည်တည့် ။<br>
သို့တပြီး ကား၊ သင်သေသွားသော်<br>
သင်ဖွားသောမြေ၊ သင်တို့မြေသည်<br>
အခြေတိုးမြင့်၊ ကျန်ကောင်းသင့်၏ ။<br>
သင်၏ မျိုးသား၊ စာစကားလည်း<br>
ကြီးပွားတက်မြင့်၊ ကျန်ကောင်းသင့်၏ ။<br>
သင်ဦးချ၍၊ အမျှဝေရာ<br>
စေတီသာနှင့် သစ္စာအရောင်<br>
ဉာဏ်တန်ဆောင်လည်း<br>
ပြောင်လျက်ဝင်းလျက် ကျန်စေသတည်း ။ ။”

အလားတူ “အို တက်လူတို့” ကဗျာတွင်လည်း ဆရာဇော်ဂျီက နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းတွင် လူငယ်များပါဝင်လာစေရန် တိုက်တွန်းနှိုးဆော်ထားသည်မှာ–

“အဟောင်းပျက်လျှင်၊ အသစ်ပြင်လော့<br>
အမြင်ကျယ်၍၊ ပညာမွေ့လော့<br>
ယနေ့လူငယ်၊ နောင်ဝယ်လူကြီး<br>
သင်လည်းတစ်ဦး၊ သားထူးသားမြတ်<br>
ဖြစ်အပ်ရာသည်၊ ရှေ့သို့ရည်၍<br>
ငိုမြည်မတ<br>
သခ်ါရဟု၊ စိတ်ကမစော<br>
လောလောဆယ်ဆယ်၊ ဒုက္ခနယ်ကို<br>
ကယ်တင်နိုင်ကြပါစေသတည်း။ ။”

လူငယ်များသည် ပိုမိုကောင်းမွန်သော အနာဂတ်ကို ဖန်တီးနိုင်မည့်သူများဖြစ်သည်မှာ ယုံမှားသံသယဖြစ်စရာမရှိပါ။ တိုင်းပြည်တစ်ပြည်၏ အနာဂတ်ကို လေ့လာလိုလျှင် ယင်းနိုင်ငံရှိ လူငယ်များ၏အခြေအနေကို လေ့လာခြင်းဖြင့် သိရှိနိုင်ပေသည်။ အနာဂတ်နိုင်ငံတော်ကို လူငယ်များက ဦးဆောင်သွားကြရမည်ဖြစ်သော်လည်း လူငယ်များ လမ်းကြောင်းမှန်ပေါ်သို့ ရောက်ရှိနေစေရန် နိုင်ငံတော်အစိုးရတွင် တာဝန်ရှိပါသည်။

### အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ အခန်း(၁) နိုင်ငံတော်အခြေခံမူများ၊ ပုဒ်မ ၃၃ တွင် “ နိုင်ငံတော်သည် လူငယ်များ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်ရေးနှင့် ဗလငါးတန် တိုးတက်ဖွံ့ဖြိုးရေးတို့အတွက် ဆောင်ရွက်ရမည်” ဟု ပြဋ္ဌာန်းထားရှိပါသည်။ အနာဂတ်နိုင်ငံတော်ကို ဦးဆောင်မည့်လူငယ်များ အကျင့်စာရိတ္တကောင်းမွန်ပြီး ဉာဏ်ရည် ဉာဏ်သွေး ထက်မြက်ကာ စွမ်းဆောင်ရည်မြင့်မားကြဖို့ ယနေ့လူကြီးများက အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ ဆောင်ရွက်ကြရမည်ဖြစ်သည်။

လူငယ်များအကြား စိန်ခေါ်မှုများစွာရှိသည့် အနက် အကြမ်းဖက်မှုနှင့်ရာဇဝတ်မှုများ၊ စိတ်ကျန်းမာရေးပြဿနာများအပြင် နိုင်ငံတော်ကာကွယ်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မှုနည်းပါးခြင်း၊ ပရဟိတလုပ်ငန်း၊ စေတနာ့ဝန်ထမ်းလုပ်ငန်းများတွင် စိတ်ရင်းစေတနာဖြင့် လုပ်ကိုင်ကြသည်မှန်သော်လည်း စည်းစနစ်တကျဆောင်ရွက်နိုင်မှု အားနည်းခြင်းစသည့် အမျိုးသားရေးစိတ်ဓာတ်ဖွံ့ဖြိုးရေးဆိုင်ရာစိန်ခေါ်မှုများကိုလည်း ကြုံတွေ့နေရသည်။

နိုင်ငံတစ်နိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုတွင် ခေတ်ပညာတတ် နည်းပညာကျွမ်းကျင်သော လူငယ်များသာမက ရိုးသားဖြောင့်မတ်သော၊ တာဝန်သိသော တာဝန်ယူမှုရှိသော၊ ကျင့်ဝတ်လိုက်နာသော၊ အခြားသူများ၏ အခွင့်အရေးကို လေးစားသော၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံတော်အတွက် တက်ကြွစွာ ပါဝင်ဆောင်ရွက်လိုသော နိုင်ငံသားကောင်းလူငယ်များလည်း လိုအပ်ပါသည်။ ပြောင်းလဲနေသော ကမ္ဘာ့အခင်းအကျင်းတွင် ဉာဏ်ပညာနှင့် ကိုယ်ကျင့်တရား မျှတစွာဖွံ့ဖြိုးသည့် လူတော်လူကောင်းများဖြင့်သာ ရေရှည်တည်တံ့သော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကို တည်ဆောက်နိုင်မည်ဖြစ်သည်။

ထို့ကြောင့် ကျောင်းသားလူငယ်အရွယ်တွင် ကျင့်ဝတ်နှင့် ပြည်သူ့နီတိတို့ကို စနစ်တကျ သိရှိနားလည်အောင် လေ့ကျင့်သင်ကြားပေးရန် လိုအပ်မည်ဖြစ်သည်။

*စာမျက်နှာ ၁၂ သို့*

*❋ ကျောဖုံးမှ*

၂၃၀ ကေဗွီ နေပြည်တော်–၂ ပင်မဓာတ်အားခွဲရုံ၊ ၁၀၀ အမ်ဗွီအေ မိန်းထရန်စဖော်မာ၏ ၁၁ ကေဗွီ မြေအောက်ဓာတ်ကြိုးလျှပ်ကာပစ္စည်း ချွတ်ယွင်းမှုဖြစ်ပေါ်နေခြင်းကို အစားထိုးလဲလှယ်နိုင်ရန် အဆိုပါမိန်းထရန်စဖော်မာအား ၂၀၂၆ ခုနှစ် အောက်တိုဘာ ၄ ရက် နံနက်၉နာရီမှမွန်းတည့်၁၂နာရီအထိ ဓာတ်အားပိတ်ဆောင်ရွက်မည်ဖြစ်ပါ၍ ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဟိုတယ်ဇုန်အမှတ်(၂)၊ Naypyitaw State Polytechnic University၊ ဆင်ဖြူရှင်ရပ်ကွက်၊ တပင်ရွှေထီးရပ်ကွက်၊ နဝဒေးရပ်ကွက် စသည့် ရပ်ကွက်အချို့နှင့် ကျေးရွာအချို့ အချိန် ၃ နာရီကြာခန့် ယာယီဓာတ်အား ပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ဧရိယာများရှိ ဓာတ်အားသုံးစွဲသူ မိဘပြည်သူများအား သက်ဆိုင်ရာမြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှတစ်ဆင့် ကြိုတင်အသိပေးထားပြီးဖြစ်ပါကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

အလားတူ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဓာတ်အားပြတ်တောက်မှု လျော့နည်းစေရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ဓာတ်အားလိုင်းများတစ်လျှောက် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ၊ ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်းနှင့် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ၂၃၀ ကေဗွီ ပင်မ(၁)ဓာတ်အားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးပေးထားသော ၃၃ ကေဗွီ တောင်ညို ဓာတ်အားလိုင်းကို ၂၀၂၆ ခုနှစ် အောက်တိုဘာ ၃ ရက်၊ ၁၀ ရက်၊ ၁၇ ရက်များတွင် နံနက် ၈ နာရီ မှ ညနေ ၃ နာရီအထိ ဓာတ်အားပိတ်ဆောင်ရွက်သွားမည်ဖြစ်ရာ လုပ်ငန်းများဆောင်ရွက်မည့် အဆိုပါနေ့ရက်များတွင် ရွှေနံ့သာရပ်ကွက်နှင့် ကျေးရွာ(၅၁)ရွာတို့တွင် ယာယီဓာတ်အား ပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ဧရိယာများရှိ ရုံးဌာနများနှင့် အများပြည်သူများကို ကြိုတင်အသိပေးထားပြီးဖြစ်ပါကြောင်း လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။ **သတင်းစဉ်**

*✪ ကျောဖုံးမှ*

ISPE အသင်း ပွဲစဉ်သည် အပြန်အလှန် ထိုးဖောက်တိုက်စစ်ဆင်မှုများဖြင့် အကြိတ်အနယ်ရှိခဲ့သည်။ ရတနာပုံအသင်းသည် နောက်ဆုံး ကစားခဲ့သည့်ပွဲတွင် မြဝတီအသင်းကို အနိုင်ရထားပြီး ယခုပွဲစဉ်တွင်လည်း ခြေစွမ်းပြသနိုင်ခဲ့ကာ ပွဲချိန် ၁၈၊ ၄၄၊ ၇၀ မိနစ်တို့တွင် တိုက်စစ်မှူး ပြည့်ဖြိုးအောင်၏ ဟက်ထရစ်ဂိုးများဖြင့် ISPE အသင်းကို အနိုင်ရရှိခဲ့သည်။

ဇယားထိပ်ဆုံးမှ ISPE အသင်းသည် ချေပဂိုးနှင့် အနိုင်ဂိုးများ ပြန်လည်ရရှိရေး ထိုးဖောက်ကစားခဲ့ပြီး ပွဲချိန် (၄၅+၁) မိနစ်တွင် ကောင်းခန့်ကျော်နှင့် (၉၀+၁) မိနစ်တွင် မင်းကိုခန့်တို့က တစ်ဂိုးစီသွင်းယူခဲ့သော်လည်း ပွဲပြီးဆုံးချိန်တွင် ရတနာပုံအသင်းကို သုံးဂိုး – နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

YUSC ကွင်း၌ ကစားခဲ့သည့် သစ္စာအားမာန်နှင့် ဒဂုံစတားယူနိုက်တက်အသင်း ပွဲစဉ်တွင် ဒဂုံစတားယူနိုက်တက် အသင်းအတွက် ဦးဆောင်ဂိုးကို စိုင်းခန့်မှူးက ပွဲချိန် ၅၆ မိနစ်တွင် သွင်းယူပေးခဲ့သော်လည်း သစ္စာအားမာန်အသင်းမှ မျိုးမင်းခန့်က ပွဲချိန် ၆၁ မိနစ်တွင် ချေပဂိုး ပြန်လည်သွင်းယူပေးနိုင်ခဲ့သဖြင့် ပွဲအပြီးတွင် တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျကာ အမှတ်ခွဲယူခဲ့ကြသည်။

ပွဲစဉ်(၁၇) အပြီးတွင် ISPE အသင်းက ရမှတ် ၄၁ မှတ်ဖြင့် အဆင့်(၁)နေရာကို ဆက်လက်ရယူထားနိုင်ခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်းက ရမှတ် ၃၉ မှတ်ဖြင့် ဒုတိယနှင့် ရှမ်းယူနိုက်အသင်းက ရမှတ် ၃၂ မှတ်ဖြင့် အဆင့်(၃) နေရာတွင် အသီးသီးရပ်တည်လျက်ရှိသည်။ **နေမျိုး၊ ဓာတ်ပုံ–ML**

*❒ ကျောဖုံးမှ*

ခုနစ်ဦးအထိ ပြောင်းလဲကစားခဲ့ကြသည်။ ဖိလစ်ပိုင်အသင်းအတွက် ဦးဆောင်ဂိုးကို ပွဲချိန် ၃ မိနစ်တွင် ခရစ္စတန်ဆန်က သွင်းယူပေးခဲ့သည်။ ထိုင်းအသင်းအတွက် ချေပဂိုးကို ပွဲချိန် ၅၅ မိနစ်တွင် အစ်ကလပ်စ်ဆန်ရွှန်က ပင်နယ်တီဧရိယာထိပ်မှ အပိုင်ကန်သွင်းယူပေးခဲ့သည်။ ပွဲချိန် ၆၈ မိနစ်တွင် ဖိလစ်ပိုင်အသင်းအတွက် အနိုင်ဂိုးကို ခရစ္စတန်ဆန်ကပင် ထပ်မံသွင်းယူပေးခဲ့သဖြင့် ပွဲပြီးချိန်တွင် ထိုင်းအသင်းကို နှစ်ဂိုး– တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယနေ့ယှဉ်ပြိုင်ကစားခဲ့သည့် Division 1 အုပ်စု(B) နောက်ထပ်ပွဲစဉ်တစ်ပွဲ၌ ဗီယက်နမ်အသင်းက ပါကစ္စတန်အသင်းကို လေးဂိုး– နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ပါကစ္စတန်အတွက် ဦးဆောင်ဂိုးများကို ပွဲချိန် ၃၁ မိနစ်တွင် မိုဟာစ်ဘ်အူလာနှင့် ၈၈ မိနစ်တွင် ကာလင်အူလာတို့က သွင်းယူပေးခဲ့ပြီး ဗီယက်နမ်အသင်းအတွက် ချေပဂိုးနှင့် အနိုင်ဂိုးများကို ပွဲချိန်မိနစ် ၅၀ တွင် ဟိုင်လောင်ငုယင်၊ ၅၇ မိနစ်တွင် ဟွမ်ဒတ်ငုယင်၊ မိနစ် ၈၀ တွင် ဒင်ဘက်ငုယင်နှင့် နာကျင်အချိန်ပို (၉၀+၁) မိနစ်တွင် မင်ဟွမ်ဝီလျံစ်တို့က အသီးသီးသွင်းယူပေးခဲ့ကာ ပွဲပြီးဆုံးချိန်တွင် ဗီယက်နမ်အသင်းက လေးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

Division 1 အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စု(A) ပထမ အင်ဒိုနီးရှားအသင်းနှင့် အုပ်စု(B) ပထမ ထိုင်းအသင်းတို့ အောက်တိုဘာ ၅ ရက်တွင် ဗိုလ်လုပွဲစဉ် ယှဉ်ပြိုင် ကစားရမည်ဖြစ်ပြီး တတိယနေရာလုပွဲအဖြစ် အုပ်စု(A) ဒုတိယ မလေးရှားအသင်းနှင့် အုပ်စု(B) ဒုတိယ ဗီယက်နမ်အသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အလားတူ အောက်တိုဘာ ၃ ရက်တွင် Division 2 အုပ်စု(A) ပထမ ဟောင်ကောင်နှင့် အုပ်စု(B) ပထမ ကမ္ဘောဒီးယားအသင်းတို့ ဗိုလ်လုပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**နေမျိုး၊ ဓာတ်ပုံ–AFF**

## အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

*စာမျက်နှာ ၁၁ မှ*

ဗလငါးတန်နှင့်ပြည့်စုံသည့် နိုင်ငံ့သားကောင်း လူငယ်များ ဖြစ်လာစေရေး စာသင်ကျောင်းများမှ စတင်ရမည်ဖြစ်သည်။ အသက်သုံးနှစ်မှ ငါးနှစ်အထိ မူကြိုအရွယ်တွင် ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ် ငါးရပ်ဖြစ်သည့် ကာယ၊ ဉာဏ၊ စာရိတ္တ၊ ပေါင်းသင်းဆက်ဆံရေးနှင့် စိတ်လှုပ်ရှားခံစားမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအပြည့်အဝရရှိအောင် မူလတန်းကြိုကျောင်းများက လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူငယ်ဘဝဗလငါးတန် ဖွံ့ဖြိုးတိုးတက်မှုအတွက် မျိုးစေ့ချပေးနိုင်မည် ဖြစ်ပါသည်။

ဆက်လက်၍ အခြေခံပညာကျောင်းများတွင် ကျောင်းသင်ခန်းစာများမှတစ်ဆင့် လေ့ကျင့်သင်ကြားပေးခြင်း၊ လူငယ်အချင်းချင်းကြား အသိပညာမျှဝေခြင်း၊ လူမှုကွန်ရက်နှင့် ဆိုရှယ်မီဒီယာများမှတစ်ဆင့် အသိပညာပေးခြင်းနှင့် အနုပညာရှင်များ၊ စာရေးဆရာများ၊ Social Influencer များအား ဖိတ်ခေါ်၍ ပညာပေးစေခြင်း စသည့် နည်းလမ်းပေါင်းများစွာဖြင့် ဗလငါးတန်ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရမည်ဖြစ်သည်။ စိတ်ဓာတ်အရည်အသွေးဖွံ့ဖြိုးတိုးတက်စေရန် ပျိုးထောင်ပေးသော ပန်းချီ၊ ဂီတ၊ အနုပညာဘာသာရပ်တို့ကို အခြေခံပညာကျောင်းများတွင် ပြန်လည်သင်ကြားပေးရမည်ဖြစ်သည်။ ဦးနှောက်အာဟာရ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သုတပညာရပ်များကို လေ့ကျင့်သင်ကြားပေးခြင်းသာမက စိတ်(နှလုံးသား) အာဟာရဖွံ့ဖြိုးတိုးတက်စေရေးအတွက် စာရိတ္တနှင့် ပြည်သူ့နီတိဘာသာရပ်များကိုလည်း ဟန်ချက်ညီအောင် သင်ကြားပေးရမည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏ Soft Power ဖြစ်သည့် လူမှုရေးယဉ်ကျေးမှုအဆင့်အတန်းသည် လူငယ်များ၏ အကျင့်စာရိတ္တနှင့် စိတ်ပိုင်းဆိုင်ရာအမြင်များဖြင့် ကိုယ်စားပြုဖော်ပြခြင်းဖြစ်ရာ မျိုးဆက်သစ်လူငယ်များ အကျင့်စာရိတ္တမြင့်မားရေး၊ နိုင်ငံ့သားကောင်းဖြစ်စေရေး၊ ကောင်းမွန်သည့် လူမှုကျင့်ဝတ်များကို ထိန်းသိမ်းမြှင့်တင်ရေး အလေးထား ဆောင်ရွက်သွားရမည်ဖြစ်သည်။ ရပိုင်ခွင့် အခွင့်အရေးနှင့် လိုက်နာဆောင်ရွက်ရမည့် တာဝန်များကို ကွဲပြားစွာ သိရှိနားလည်အောင် ငယ်စဉ်ကတည်းက လေ့ကျင့်ပျိုးထောင်ပေးရမည်ဖြစ်သည်။

မိမိကျောင်း၊ မိမိအဖွဲ့အစည်း၊ မိမိရပ်ရွာ ကောင်းရာကောင်းကျိုး ဆောင်ရွက်လိုသည့်စိတ်များကို ကျောင်းသားလူငယ်များ၏ နှလုံးသားတွင် ရင်းနှီးမြှုပ်နှံပေးရပါမည်။ “စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ”ဟူသော ဆောင်ပုဒ်နှင့်အညီ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်မှသာလျှင် လူကောင်းတစ်ဦးဟု သတ်မှတ်နိုင်မည်ဖြစ်ပြီး ပညာထူးချွန်၍ စွမ်းဆောင်ရည်ပြည့်ဝမှသာ လူတော်ဟု သတ်မှတ်နိုင်မည်ဖြစ်ရာ ကိုယ်ကျင့်တရား၊ စာရိတ္တကောင်းမွန်ပြီး ပညာထူးချွန်သော လူတော်လူကောင်းများဖြစ်အောင် ပြုစုပျိုးထောင်ကြရမည်ဖြစ်သည်။

ပြည်သူ့နီတိ၏ ရည်ရွယ်ချက်မှာ နိုင်ငံသားတစ်ဦးအနေဖြင့် မိမိအခွင့်အရေးနှင့် တာဝန်များကို သိရှိနားလည်ပြီး မိသားစု၊ လူမှုအသိုက်အဝန်းနှင့် နိုင်ငံတော်အတွက် တာဝန်ရှိသော၊ တာဝန်သိသော နိုင်ငံသားတစ်ဦးအဖြစ် ပါဝင်ဆောင်ရွက်နိုင်စေရန် အသိပညာ၊ တန်ဖိုးထားမှုနှင့် ကျင့်ဝတ်များကို လေ့ကျင့်သင်ကြားပေးခြင်းဖြစ်သည်။ ပြည်သူ့နီတိဘာသာရပ်တွင် နိုင်ငံသားဖြစ်မှု၊ အခွင့်အရေးနှင့် တာဝန်များ၊ ဥပဒေစိုးမိုးရေး၊ လူ့အခွင့်အရေး၊ ဒီမိုကရေစီတန်ဖိုးများ၊ နိုင်ငံရေးအသိပညာ၊ လူမှုရေးတာဝန်ယူမှု၊ ကျင့်ဝတ်နှင့် ကိုယ်ကျင့်တရား၊ မတူကွဲပြားမှုနှင့်သည်းခံမှု၊ ငြိမ်းချမ်းရေးနှင့် ပဋိပက္ခဖြေရှင်းခြင်း၊ လူငယ်နှင့် Civic Engagement၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သတင်းအချက်အလက်နှင့် မီဒီယာအသိပညာ၊ ရပ်ရွာဖွံ့ဖြိုးရေးနှင့် စေတနာ့ဝန်ထမ်းလုပ်ငန်း၊ အမျိုးသားရေးအသိနှင့် ကမ္ဘာ့လုံးဆိုင်ရာ နိုင်ငံသားဖြစ်မှု စသည့်ကဏ္ဍများ ပါဝင်ပါသည်။ ထို့ကြောင့် ပြည်သူ့နီတိသည် နိုင်ငံရေးအကြောင်းသာ သင်ကြားခြင်းမျိုးမဟုတ်ဘဲ လူငယ်တစ်ဦးအား တာဝန်ရှိပြီး တက်ကြွသော နိုင်ငံသားတစ်ဦးဖြစ်လာစေရန် လေ့ကျင့်ပျိုးထောင်ပေးခြင်းပင်ဖြစ်သည်။

ကျင့်ဝတ်သည် လူငယ်များအား မှန်ကန်သော အရာကို ရွေးချယ်ပြီး ကောင်းမွန်စွာ ပြုမူနေထိုင်တတ်ရန် လမ်းညွှန်ပေးနိုင်ပါသည်။ ပြည်သူ့နီတိသည် လူငယ်များအား နိုင်ငံသားတစ်ဦးအနေဖြင့် မိမိအခွင့်အရေးနှင့် တာဝန်များကို သိရှိနားလည်ပြီး ဥပဒေစည်းမျဉ်းများကို လိုက်နာကာ အများပြည်သူအကျိုး၊ နိုင်ငံတော်အကျိုးအတွက် တာဝန်သိရှိစွာ ပါဝင်ဆောင်ရွက်လာစေရေးကို အထောက်အကူပြုစေမည်ဖြစ်သည်။ ဥပမာအားဖြင့် ယာဉ်စည်းကမ်း လမ်းစည်းကမ်းများကို လိုက်နာခြင်း၊ အများပြည်သူပိုင်ပစ္စည်းများကို မဖျက်ဆီးခြင်း၊ အမှိုက်ကို စနစ်တကျစွန့်ပစ်ခြင်း၊ အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများတွင် ဆေးလိပ်မသောက်ခြင်း၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများနှင့် စေတနာ့ဝန်ထမ်းလုပ်ငန်းများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခြင်း၊ အခွန်ထမ်းဆောင်ခြင်း၊ ပါဝင်ဆန္ဒမဲပေးခြင်း၊ ပြည်သူ့စစ်မှုထမ်းတာဝန်ထမ်းဆောင်ခြင်း စသည်တို့သည် ပြည်သူ့နီတိနှင့် အညီ နိုင်ငံသားတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခြင်း ဖြစ်ပါသည်။

ထို့ပြင် လူမှုမီဒီယာနှင့် ဒီဂျစ်တယ်နည်းပညာများကို ကျယ်ပြန့်စွာအသုံးပြုလာကြသဖြင့် သတင်းအမှားများကို မဖြန့်ဝေခြင်း၊ အခြားသူများ၏ ကိုယ်ရေးကိုယ်တာများကို လေးစားခြင်း၊ လူမှုကွန်ရက်တွင် အမုန်းစကားနှင့် ထိခိုက်စေသော အကြောင်းအရာများကို မဖြန့်ဝေခြင်းတို့သည် နိုင်ငံကြီးသားပီသခြင်းဖြစ်သည်။

သို့ဖြစ်ရာ လူငယ်များကို ပြုစုပျိုးထောင်ရာတွင် ကျင့်ဝတ်နှင့် ပြည်သူ့နီတိကို ပေါင်းစပ်သင်ကြားပေးခြင်းဖြင့် ကိုယ်ကျင့်တရား ကောင်းမွန်ပြီး မိမိအခွင့်အရေးနှင့်တာဝန်များကို သိရှိနားလည်ကာ အများပြည်သူအကျိုး၊ နိုင်ငံတော်အကျိုးကို တက်ကြွစွာပါဝင်ဆောင်ရွက်သည့် နိုင်ငံသားကောင်းများကို မွေးထုတ်ပေးနိုင်မည်ဖြစ်သည်။ လူငယ်များသည် နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်ကို သတ်မှတ်ပေးနိုင်သော အရေးကြီးသည့်အင်အားစုများဖြစ်ကြရာ စာရိတ္တနှင့်ပြည်သူ့နီတိဘာသာရပ်ကို အခြေခံပညာအဆင့်တွင်သာမက တက္ကသိုလ်များတွင်ပါ သင်ရိုးဝင်ဘာသာရပ်အဖြစ် စနစ်တကျ သင်ကြားပို့ချပေးခြင်းအားဖြင့် ကိုယ်ကျင့်တရား ကောင်းမွန်လာစေခြင်း၊ ယဉ်ကျေးသိမ်မွေ့၍ နိုင်ငံကြီးသားပီသခြင်း၊ လူ့ကျင့်ဝတ် လူ့တန်ဖိုးကို အလေးထား၍ စိတ်ဓာတ်စည်းကမ်း ကောင်းမွန်လာခြင်း၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်လာစေခြင်း၊ အများအကျိုးကို ဆောင်ရွက်လိုသည့် ပရဟိတစိတ်ထားများ ဖွံ့ဖြိုးလာခြင်း၊ တာဝန်ယူမှု တာဝန်ခံမှုရှိခြင်းစသည့် နိုင်ငံ့သားကောင်းတစ်ဦး ဖြစ်လာစေမည့် အခြေခံအလေ့အကျင့်ကောင်းများကို တည်ဆောက်ပေးနိုင်မည်ဖြစ်သည်။

အချုပ်အားဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးသည် မိမိနိုင်ငံ၏အကျိုးစီးပွားကို ဖော်ဆောင်နိုင်ရန်အတွက် နိုင်ငံ့စွမ်းအားခိုင်မာအားကောင်းလာစေရေး အလေးထားဆောင်ရွက်လျက်ရှိသည်။ နိုင်ငံ့စွမ်းအားသည် စစ်ရေး၊ စီးပွားရေးနှင့် နည်းပညာတစ်ခုတည်းဖြင့် မခိုင်မာနိုင်ပါ။ နိုင်ငံ့စွမ်းအား၏ အခြေခံအုတ်မြစ်ဖြစ်သော အရည်အသွေးမြင့် လူသားအရင်းအမြစ်ဖြစ်သည့် တာဝန်ယူမှုရှိသော နိုင်ငံသားများနှင့် တက်ကြွသော နိုင်ငံသားများလည်း လိုအပ်ပါသည်။

ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့အခင်းအကျင်းသစ်တွင် စိန်ခေါ်မှုများစွာရှိနေသကဲ့သို့ တစ်ပြိုင်တည်းတွင် အခွင့်အလမ်းများစွာလည်းရှိနေသည်ဖြစ်ရာ အမိနိုင်ငံတော်အတွက် အကျိုးစီးပွားမျှခြေကို လိမ္မာပါးနပ်စွာ ဖော်ဆောင်ရမည်ဖြစ်သည်။ သို့ဖြစ်ရာ နိုင်ငံ့လူဦးရေ၏ သုံးပုံတစ်ပုံခန့်ရှိသော လူငယ်များအနေဖြင့် တာဝန်သိသော၊ တက်ကြွသော နိုင်ငံသားကောင်းစိတ်ဓာတ်အပြည့်ဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် အဓိကအင်အားစုများအဖြစ် ပူးပေါင်းပါဝင်ကြရမည်ဖြစ်ကြောင်း တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

**ကိုးကား**

လူငယ်နှင့်ဗီဇ၊ ပတ်ဝန်းကျင်စာစုများ၊ သူရအေး (၂၀၀၀)

၂၁ရာစု ပြည်သူ့နီတိ၊ တင်ညွန့် (၂၀၁၈)

အနာဂတ်နိုင်ငံတော်အတွက် လူငယ်ပြုစုပျိုးထောင်ရေး၊ စိုးသိန်း (၂၀၂၂)

မြန်မာ့အလင်းသတင်းစာများ (၂၀၂၆)

# ဟိုတယ်နှင့် ခရီးသွားလာရေးကဏ္ဍသည် နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားဧည့်သည်များ ဝင်ရောက်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသော အစိတ်အပိုင်းတစ်ခုဖြစ်






**ရန်ကုန် အောက်တိုဘာ ၂**

မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ရန်ကုန်ဇုန်) မိတ်ဖက်ကုမ္ပဏီများနှင့် ပူးပေါင်းကျင်းပသည့် ဟိုတယ်လုပ်ငန်းသုံးပစ္စည်းပြပွဲနှင့် "7th MEMBERS GALA DINNER 2026" ကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ Novotel Yangon Max ဟိုတယ်၌ကျင်းပရာ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီး ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး ဦးနေမင်းထွန်းနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(ရန်ကုန်ဇုန်) မိတ်ဖက်ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဟိုတယ်နှင့် ခရီးသွားလာရေးကဏ္ဍသည် နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှု၊ ခရီးသွားဧည့်သည်များ ဝင်ရောက်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသော အစိတ်အပိုင်းတစ်ခုဖြစ်ပါကြောင်း၊ ဟိုတယ်လုပ်ငန်းများတွင် ဝန်ဆောင်မှု ပိုမိုကောင်းမွန်ရေး၊ လုံခြုံစိတ်ချရမှု၊ အာမခံချက်ရှိမှုနှင့် အဆင်ပြေစေမှုတို့ကို အဓိကထား၍ စနစ်တကျ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အဓိကလုပ်ငန်းစဉ်ဌာနများ၏ အခန်းကဏ္ဍ – Front Office, Housekeeping, Food & Beverage နှင့် Culinary စသည့် အဓိကဌာနများ၏ ဝန်ဆောင်မှုအဆင့်အတန်း မြင့်မားလာစေရန် အသင်းကြီးက ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လုပ်ငန်းများ ရေရှည်တည်တံ့စေရန် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပြီး ပူးပေါင်းဆောင်ရွက်မှုဖြင့် စိန်ခေါ်မှုများကို အားသွန်ခွန်စိုက်ရင်ဆိုင်ကျော်လွှားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ဟိုတယ်လုပ်ငန်းရှင်များအသင်း(ရန်ကုန်ဇုန်) ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားပြီး အခမ်းအနား ဖြစ်မြောက်ရေးအတွက် ပံ့ပိုးကူညီပေးကြသော Diamond Sponsor နှင့် Platinum Sponsor ကုမ္ပဏီများဖြစ်ကြသည့် Tint Sapai Trading Company၊ Flymya Halal OTA နှင့် BIM Group of Companies တို့၏ Product Presentation အဖြစ် ပြုလုပ်ဆောင်ရွက်ကြပြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် Hotel Excellence Award – Short Video ကို ပြသကာ Hotel Excellence Award 2026 ဆုရရှိသူများအား ဆုဖလားနှင့်ဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အာဆီယံအပေါင်းသုံး အရေးပေါ်ဆန်ရိက္ခာ(APTERR) အစီအစဉ်-၃ (၂၀၂၅)အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသော ဆန် ၁၆၃ ဒသမ ၈၇၇ တန်အား စိုက်ပျိုးရေးဦးစီးဌာနမှတစ်ဆင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ထံသို့ လွှဲပြောင်းပေးအပ်




**မန္တလေး အောက်တိုဘာ ၂**

အာဆီယံ အပေါင်းသုံး အရေးပေါ် ဆန်ရိက္ခာ(APTERR) အစီအစဉ်–၃ (၂၀၂၅)အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့် ပြည်သူများထံ ထောက်ပံ့ရန် လှူဒါန်းသော ဆန် ၁၆၃ ဒသမ ၈၇၇ တန်ကို မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တစ်ဆင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ထံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ လွှဲပြောင်းပေးအပ်ရာတွင် APTERR အတွင်းရေးမှူးချုပ်ရုံးမှ အထွေထွေမန်နေဂျာ Dr.Choomjet Karnjanakesorn နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးဇော်တို့က လှူဒါန်းမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသော ဆန် ၁၆၃ ဒသမ ၈၇၇ တန်ကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်ထံသို့ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ကလည်းကောင်း၊ APTERR အတွင်းရေးမှူးချုပ်ရုံးမှ အထွေထွေမန်နေဂျာက ရေဘေးသင့်ပြည်သူတစ်ဦးထံသို့ လည်းကောင်း လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က APTERR အတွင်းရေးမှူးချုပ်ရုံးမှ အထွေထွေမန်နေဂျာထံသို့ ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်ပြီးနောက် ရေဘေးသင့် ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်းနှင့် အဆိုပါလှူဒါန်းသော ဆန်အိတ် ၁၆၃ ဒသမ ၈၇၇ တန် 50 Kg အိတ် အရေအတွက် ၃၂၇၇အိတ်ကို ခရိုင်/မြို့နယ်များမှတစ်ဆင့် စနစ်တကျခွဲဝေပေးအပ်သွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များစက်မှုလက်မှုပညာသင်တန်းကျောင်းများနှင့် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများ၌ သင်တန်းဆင်းပွဲများကျင်းပ





**နေပြည်တော် အောက်တိုဘာ ၂**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်းလေးကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ၁၉ ကျောင်းတို့၌ မေ ၄ ရက်မှ အောက်တိုဘာ ၂ ရက်အထိ အသက်မွေးဝမ်းကျောင်း သင်တန်းများ ဖွင့်လှစ်ခဲ့ရာ စက်မှုကျောင်းများတွင် ဆောက်လုပ်ရေး သင်တန်း၊ လျှပ်စစ်သင်တန်း၊ ဂဟေသင်တန်း၊ မော်တော်ယာဉ်စက်ပြင်သင်တန်း၊ လက်ကိုင်ဖုန်းပြင်သင်တန်း၊ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများ၊ အိမ်တွင်းမှုသင်တန်းကျောင်းများတွင် အဆင့်မြင့် အိမ်တွင်းမှုစက်ချုပ်သင်တန်းနှင့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းများ၏ သင်တန်းဆင်းပွဲများကို ယနေ့နံနက်ပိုင်းတွင်ကျင်းပရာ မုဒုံမြို့ အိမ်တွင်းမှု သင်တန်းကျောင်းတွင် မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်း တက်ရောက်၍ သင်တန်းဆင်းအမှာစကား ပြောကြားသည်။

အလားတူ သင်တန်းဆင်းပွဲများ ကျင်းပခဲ့သည့် ဘားအံမြို့ စက်မှု သင်တန်းကျောင်းနှင့် အိမ်တွင်းမှုသင်တန်းကျောင်းတွင် ကရင်ပြည်နယ် ဝန်ကြီးချုပ်၊ ထားဝယ်မြို့ စက်မှုသင်တန်းကျောင်းတွင် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ အောင်ပန်းမြို့ စက်မှု သင်တန်းကျောင်းတွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ်၊ ပုသိမ်မြို့ အိမ်တွင်းမှု သင်တန်းကျောင်းတွင် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ လဟယ်မြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွင် နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးလှထွန်း၊ ဆိုက်ခေါင် အိမ်တွင်းမှု သင်တန်းကျောင်းတွင် ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ဖိုးစိန်၊ ကျိုင်းတုံမြို့ အိမ်တွင်းမှုသင်တန်းကျောင်းတွင် တြိဂံဒေသ တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ မြိုင်ကြီးငူ အိမ်တွင်းမှုသင်တန်းကျောင်းတွင် ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးတို့ တက်ရောက်ကြပြီး ကျန် သင်တန်းကျောင်းများ၌ နယ်စပ်ရေးရာ ဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိဦးစီးဌာနများမှ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးများနှင့် ခရိုင်၊ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ သင်တန်းကျောင်းများတွင် ဖွင့်လှစ်သည့် သင်တန်းများသို့ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၆၆၈ ဦးဖြင့် မေ ၄ ရက်မှ အောက်တိုဘာ ၂ ရက်အထိ ရက်သတ္တ ၂၂ ပတ်ကြာ နေထိုင်စားသောက်ရေးနှင့် လက်တွေ့ခန်းသုံးပစ္စည်းများ၊ သင်ထောက်ကူပစ္စည်းများ ပြည့်စုံစွာ အခမဲ့ ထောက်ပံ့ သင်ကြားပေးခဲ့ပြီး သင်တန်း ထူးချွန်ဆုရရှိသူများအား အပ်ချုပ်စက်တစ်စုံစီနှင့် သင်တန်းသား သင်တန်းသူများအတွက် သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ကာ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်နိုင်ရန် အပ်ချုပ်စက်များ အရစ်ကျ ရောင်းချပေးခြင်း၊ အလုပ်အကိုင်ရရှိရေးအတွက် မြို့ကြီးများရှိ အထည်ချုပ်စက်ရုံများ၊ စက်မှုဇုန်၊ အလုပ်ရုံ၊ စက်ရုံများနှင့် ဟိုတယ်ဇုန်များတွင် ဝင်ရောက်လုပ်ကိုင်နိုင်ရေး ချိတ်ဆက်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများတွင် ဘဏ္ဍာရေးနှစ် တစ်နှစ်လျှင် သင်တန်းနှစ်ကြိမ် ဖွင့်လှစ်ပေးလျက်ရှိရာ ယနေ့အချိန်အထိ စက်မှုကျောင်းများတွင် သင်တန်းသား သင်တန်းသူ ၇၂၁၆ ဦးနှင့် အိမ်တွင်းမှုသင်တန်းကျောင်းများတွင် သင်တန်းသား သင်တန်းသူ ၉၈၆၅၈ ဦး သင်ကြားလေ့ကျင့်မွေးထုတ်ပေးခဲ့ပြီး အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**နှစ် ၂၀ တစ်ပိုက်အချိန်ကိုက် တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင်၊ အခုချိန်စိုက်နောက်မကျ ဒုတိယအကြိမ် အကောင်းဆုံးပ**

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး သင်တန်းအမှတ်စဉ် (၁၈) သင်တန်းဆင်း



**နေပြည်တော် အောက်တိုဘာ ၂**

ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးသင်တန်း အမှတ်စဉ် (၁၈) သင်တန်းဆင်းပွဲကို ယနေ့နံနက် ၈နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ရှိ နဝရတ်ခန်းမ၌ ကျင်းပသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၂၃ ဦး၊ သင်တန်းသူ ငါးဦး စုစုပေါင်း ၂၈ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တ ရှစ်ပတ် ကြာမြင့်ခဲ့သည်။

သင်တန်းဆင်းပွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌဦးတင်မောင်ဝင်းက အဆင့်မြင့်အရာရှိကြီးများအနေဖြင့် ဝန်ကြီးဌာနအလိုက် တာဝန်ယူကြရသည့် လုပ်ငန်းကဏ္ဍအလိုက်၊ အဆင့်အလိုက် လုပ်ငန်းများကို စဉ်ဆက်မပြတ်မှန်မှန်ကန်ကန် လုပ်ဆောင်နိုင်ပြီး နိုင်ငံ့အကျိုးရှေးရှု၍ ပြည်သူလူထုကို အလုပ်အကျွေးပြုနေသည့် စည်းကမ်းရှိသော၊ စနစ်တကျရှိသော နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်း ဖြစ်လာစေရန် လေ့ကျင့်ပေးခဲ့ခြင်းဖြစ်ပါကြောင်း။

နိုင်ငံတော်၏မူဝါဒများနှင့်အညီ အတွေ့အကြုံကောင်းများကိုအသုံးချ၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် မိမိတို့ပါဝင်အကောင်အထည်ဖော်ရသည့် ကဏ္ဍအလိုက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ စိတ်ကောင်း၊ စေတနာကောင်းများဖြင့် ဦးဆောင်ပါဝင်ဆောင်ရွက်ကြရန်လိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ပြန်လည်ဆန်းစစ်သုံးသပ်ခြင်း၊ ပိုမိုကောင်းမွန်အောင် တီထွင်ကြံဆခြင်းများကို Check List ပြုလုပ်၍ စဉ်ဆက်မပြတ် စိစစ်သုံးသပ်ကာ အောင်မြင်စေရေး ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ တာဝန်ကို ကျေပွန်ရုံသာမက စိတ်စေတနာကောင်းပေါင်းစပ်ပြီး တာဝန်ယူမှု၊ တာဝန်ခံမှုရှိရန် တိုက်တွန်းမှာကြားပြီး သင်တန်းသားများအား သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်သည်။

သင်တန်းဆင်းပွဲအပြီးတွင် ပင်မရုံးအစည်းအဝေးခန်းမ၌ တက္ကသိုလ်မှတာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် တက္ကသိုလ်တွင် ဆောင်ရွက်လျက်ရှိသည့် စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်းများ၊ သင်တန်းအလိုက် အရည်အချင်းသတ်မှတ်ရေးဆိုင်ရာကိစ္စရပ်များ၊ သင်တန်းအလိုက် ရည်ရွယ်ချက်များပြင်ဆင်နိုင်ရေး ဆောင်ရွက်ထားရှိမှုများတင်ပြမှုအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် တက္ကသိုလ်ရှိ ရတနာခန်းမ၌ စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ်(၁၁၇)မှ သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး တက္ကသိုလ်တွင် စိုက်ပျိုးထားရှိသည့် သီးပင်စားပင်များ အောင်မြင်ဖြစ်ထွန်းနေမှုနှင့် သင်တန်းရိက္ခာအတွက် ဥစားကြက်နှင့် အသားစားကြက်များ မွေးမြူထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့ အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲမှ ထွက်ပေါ်လာသည့် ရှေ့ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်ရေး ညှိနှိုင်းဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၂

**"လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံ့ထုတ်ကုန်တိုးတက်မှုသို့" အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို စက်တင်ဘာ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ကျင်းပခဲ့ပြီး စီမံကိန်း၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ စာတမ်းဖတ်ပွဲမှ ထွက်ပေါ်လာသည့် ရလဒ်များအရ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ချမှတ်နိုင်ရန် ယနေ့နံနက် ၉ နာရီခွဲတွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဇမ္ဗူသီရိခန်းမ၌ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် မြန်မာနိုင်ငံဘဏ်များအသင်းတို့ ညှိနှိုင်းဆွေးနွေးကြသည်။**

ညှိနှိုင်း အစည်းအဝေးတွင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် ဘဏ္ဍာရေးကဏ္ဍက ပံ့ပိုးဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးချေးငွေသတ်မှတ်ရေးနှင့်စပ်လျဉ်းသည့် ညွှန်ကြားချက် ထုတ်ပြန်နိုင်ရန်၊ ချေးငွေပံ့ပိုးပေးရန်၊ စိုက်ပျိုးရေးအခြေပြုရောနှော ဘဏ္ဍာငွေတစ်ရပ် (Blended Finance) တည်ထောင်ရန်၊ စိုက်ပျိုးရေးချေးငွေများကို လွယ်ကူစွာ ထုတ်ချေးပေးနိုင်ရေးအတွက် ပြည့်စုံသော ဒီဂျစ်တယ်ပလက်ဖောင်း တည်ဆောက်နိုင်ရန်နှင့် ဒီဂျစ်တယ်ငွေပေးချေမှုစနစ်ပိုမိုတိုးတက်ရန်တို့ကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ငါးနှစ်တာကာလ (၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်မှ ၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ်အထိ) အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအတွက် နှစ်အလိုက် အကောင်အထည်ဖော်မှု (ရာခိုင်နှုန်း)၊ ဘဏ္ဍာငွေဖြည့်တင်းမည့်အစီအစဉ်၊ တိုင်းတာမည့်ညွှန်ကိန်းနှင့် တာဝန်ယူရမည့်အဖွဲ့အစည်း စသည့်ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။



အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦး၊ ဒုတိယဥက္ကဋ္ဌများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် မြန်မာနိုင်ငံဘဏ်များအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်ဘဏ်များမှ တာဝန်ရှိသူများ ပါဝင်တက်ရောက် ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် အင်အားပြင်း မန္တလေး ငလျင်ကြီးဒဏ်ခံခဲ့ရသည့် နယ်မြေဒေသများ ပြန်လည်ထူထောင်ရေး ရန်ပုံငွေကြီးကြပ်မှုဗဟိုကော်မတီ (၃/၂၀၂၆) အစည်းအဝေးကို မြန်မာနိုင်ငံတော် ဗဟိုဘဏ် နေပြည်တော် ဇမ္ဗူသီရိခန်းမ၌ကျင်းပရာ ရန်ပုံငွေကြီးကြပ်မှု ဗဟိုကော်မတီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦးက မန္တလေး ငလျင်ကြီးကြောင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အပါအဝင် တိုင်းဒေသကြီး၊ ပြည်နယ်ခြောက်ခုမှ နိုင်ငံ့ဝန်ထမ်းများအပါအဝင် ပြည်သူများ၏ နေအိမ်များနှင့် စီးပွားရေးလုပ်ငန်းများ ထိခိုက်ပျက်စီး ဆုံးရှုံးခဲ့ရခြင်းကြောင့် ပြန်လည်ထူထောင်ရေး ချေးငွေ အစီအစဉ်အား နိုင်ငံတော်မှ ထည့်ဝင်ပံ့ပိုးသော ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရန်ပုံငွေ ကြီးကြပ်မှုဗဟိုကော်မတီ အနေဖြင့် ရန်ပုံငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့မှ စိစစ်တင်ပြလာသော ချေးငွေများကို ချေးငွေဆိုင်ရာ စံပြုလုပ်ငန်းစဉ် SOP ပါ စံသတ်မှတ်ချက်များနှင့်အညီ စိစစ်၍ ထုတ်ချေးပေးလျက်ရှိရာတွင် စုစုပေါင်းချေးငွေ ၁၂ ခု၊ ပမာဏ ကျပ် ၈ ဒသမ ၁၁ ဘီလီယံကို ထုတ်ချေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

ချေးငွေများတွင် နိုင်ငံ့ဝန်ထမ်းများ၊ MSME လုပ်ငန်းများ၊ စက်ရုံလုပ်ငန်းကြီးများ၊ ဟိုတယ်နှင့် ပညာရေးဆိုင်ရာ လုပ်ငန်းများ ပါဝင်ပြီး ချေးငွေအမျိုးအစားများအနေဖြင့် Home Loan၊ Reconstruction Loan၊ Working Capital Loan၊ Fixed Capital Loan စသည်ဖြင့် ပါဝင်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ငလျင်ကြောင့် ထိခိုက်ပျက်စီးမှုများအား ပြန်လည်ထူထောင်ရေး ဆောင်ရွက်ပေးလျက်ရှိရာတွင် အတိုးနှုန်းသက်သာစွာဖြင့် ပံ့ပိုးပေးသည့် အထူးချေးငွေ အစီအစဉ်တစ်ရပ်ဖြစ်သည့်အတွက် ရည်ရွယ်ချက်အတိုင်း အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် အဖွဲ့ဝင်များအားလုံး ပူးပေါင်းဆောင်ရွက်ပေးရန်လိုအပ်ကြောင်း ပြောကြားသည်။

အဆိုပါ အစည်းအဝေးတွင် တက်ရောက်လာသည့် ဗဟိုကော်မတီအဖွဲ့ဝင်များက ခွင့်ပြုထားသည့် ဘဏ်များအနက် ဘဏ် ၅ ဘဏ်မှ တင်ပြလာသည့် နိုင်ငံ့ဝန်ထမ်းတစ်ဦးနှင့် လုပ်ငန်းကိုးခု အပါအဝင် စုစုပေါင်းချေးငွေ ၁၀ ခုအတွက် ချေးငွေပမာဏ ကျပ် ၂၄ ဒသမ ၇၅ ဘီလီယံကို စိစစ်အတည်ပြုကြပြီး မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# တနင်္သာရီတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဝင်ရောက်မှုဖြစ်ပွားသည့်နေရာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက်ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂**

မြန်မာနိုင်ငံအတွင်း ဖြတ်ကျော်ဝင်ရောက်ခဲ့သည့် ကုန်းတွင်းမုန်တိုင်းငယ်(Land Depression) ကြောင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းစက်တင်ဘာ ၂၆ ညနေပိုင်းမှစ၍ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုဖြစ်ပေါ်၍ မြို့နယ်အချို့တွင် မြစ်ရေဝင်ရောက်မှုဖြစ်ပွားခဲ့သည့်အပြင် ထားဝယ် - မြိတ်-တနင်္သာရီ-ဘုတ်ပြင်း-ကော့သောင်း ပြည်ထောင်စုလမ်းကြီးပေါ်ရှိ နေရာအချို့နှင့် မြိတ်-မောတောင်လမ်းမကြီးပေါ်ရှိနေရာအချို့တွင် ရေကျော်ခြင်းများ၊ လမ်းပေါ်တွင်မြေပြိုကျ၍ လမ်းပိတ်ခြင်းများ၊ လမ်းပေါ်ရှိ တံတားများတွင် အမှိုက်များပိတ်ဆို့ခြင်းများ ဖြစ်ပွားခဲ့သည်။

အဆိုပါ ရေဝင်ရောက်မှုဖြစ်ပေါ်ခဲ့သည့် နေရာများရှိ ရေဘေးသင့်ပြည်သူများအား ယာယီရေဘေးကူညီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ခြင်း၊ ဘုန်းတော်ကြီးကျောင်းများသို့ ကူညီရွှေ့ပြောင်းပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ လမ်းတံတားများတွင် ပိတ်နေသည့် မြေကြီးများ၊အမှိုက်များအား ရှင်းလင်းပေးခြင်း၊ သွားလာ၍မရသော နေရာများ၌ လမ်းလွှဲများဖောက်လုပ်ပေးခြင်း၊ မြစ်ရေဝင်ရောက်မှုမရှိစေရေး ရေနုတ်မြောင်းများတူးဖော်ခြင်း၊ သစ်ပင်ချုံနွယ်များရှင်းခြင်းနှင့် အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ စက်ယန္တရားများအသုံးပြုကာ အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ကူညီကယ်ဆယ်ရေးနှင့် ရေဝင်ရောက်မှုတားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်ကျော်ဟန်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ဟားခါးမြို့၌ အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့အခမ်းအနား ကျင်းပ



**ဟားခါး အောက်တိုဘာ ၂**

အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့အခမ်းအနားကို ယမန်နေ့က ဟားခါးမြို့ ချင်းပြည်နယ် အစိုးရအဖွဲ့ရုံးရှိ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က အမှာစကားပြောကြားပြီး ချင်းပြည်နယ်အစိုးရအဖွဲ့၏ ချင်းပြည်နယ်အတွင်း အသက် ၈၅ နှစ်အထက်၊ အသက် ၉၀ နှင့် အထက် အဘိုးအဘွားများအတွက် ပေးအပ်သည့် ထောက်ပံ့ငွေများကို ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူးထံ ပေးအပ်သည်။

ထို့အတူ ပြည်နယ်ပြည်သူ့ကျန်းမာရေး / ကုသရေးဦးစီးဌာနမှ ဘိုးဘွားများအတွက် လှူဒါန်းသည့် ဆေးမျိုးစုံကို ပြည်နယ်ပြည်သူ့ကျန်းမာရေး/ ကုသရေးဦးစီးဌာနမှူး ဒေါက်တာ ချမ်းငြိမ်းမောင်က ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူးထံ ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများက သက်ကြီးပုဂ္ဂိုလ်များအား ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## တောင်ငူမြို့အတွင်း ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်း



**တောင်ငူ အောက်တိုဘာ ၂**

တောင်ငူမြို့အတွင်း ကေတုမတီ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်း စောင့်ရှောက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ကေတုမတီမြို့ဟောင်း မြောက်ဘက်ကျုံး ပြင်ဆင်နေမှုနှင့် ကျုံးကူးတံတား တည်ဆောက်မည့် နေရာတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး တူးဖော်ထားပြီးဖြစ်သည့် မြို့ရိုးပေါ်တွင် သစ်ပင်ချုံနွယ်များ ရှင်းလင်းရန်၊ ကျုံးအတွင်း ရေဝင်/ရေထွက် ပေါက်များ ထည့်သွင်းရန်၊ လမ်းဘေးဝဲယာသစ်ပင်များ စိုက်ပျိုးရန်နှင့် နံ့ကျုံးများ ပြန်လည်ဖော်ထုတ်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ရှေးဟောင်းဘုတ်တလုပ်ရေကန် ဖော်ထုတ်ထားရှိမှုနှင့် စင်တံခါးပေါက်အနီး ကေတုမတီ ရှေးဟောင်းကျုံး တိမ်ကောနေမှုအား စက်ယန္တရားများဖြင့် ပြန်လည်ဖော်ထုတ်နေမှု၊ ကေတုမတီရှေးဟောင်းကျုံးနှင့် စစ်တောင်းမြစ်တို့ ချိတ်ဆက်ထားသည့် ယိုးဒယားပေါက် ပြန်လည်အဆင့်မြှင့်တင်နိုင်ရေး ကွင်းဆင်းကြည့်ရှုခဲ့ပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တောင်ငူမြို့ လေ့ကျင့်ရေး ဘောလုံးကွင်း ပွဲကြည့်စင်ပါ အားကစားကွင်းနှင့် ခပေါင်းခန်းမ အဆင့်မြှင့်တင်နေမှုကိုကြည့်ရှုခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး**
**(ပြန်/ဆက်)**

## တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)သို့ ကျောင်းသားကျောင်းသူများနှင့်ဆရာဆရာမများသွားရောက်လေ့လာ



**နေပြည်တော် အောက်တိုဘာ ၂**

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ တပ်မတော်၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကျောင်းသား လူငယ်များအား မျိုးချစ်စိတ်ရှင်သန်ထက်မြက်လာစေရန်၊ ကျောင်းပြင်ပ ဗဟုသုတများရရှိစေရန်၊ မြန်မာ့သမိုင်းစဉ်ကာလတစ်လျှောက်တွင် အစဉ်အလာကြီးမားခဲ့သည့် ရှေးခေတ်မြန်မာ့တပ်မတော်၏ ဆောင်ရွက်ချက်များနှင့် အထွေထွေ ဗဟုသုတများကို လေ့လာနိုင်စေရန်နှင့် သင်ရိုးညွှန်းတမ်းပါ သင်ခန်းစာများကို စာတွေ့အပြင် လက်တွေ့ယှဉ်တွဲလေ့လာနိုင်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် ကျောင်းသား ကျောင်းသူများအား တပ်မတော်စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ လာရောက်လေ့လာနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း (ရွာတော်)၊ ဥတ္တရသီရိမြို့နယ်ရှိ အခြေခံပညာ အထက်တန်းကျောင်းခွဲ (ပိုးစာတော)၊ အခြေခံပညာအထက်တန်းကျောင်း (တက်ရှိန်း)၊ အခြေခံပညာ အထက်တန်းကျောင်း (သရက်တော)၊ အခြေခံပညာ အထက်တန်းကျောင်းခွဲ (ဘုရားတောင်)တို့မှ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ယနေ့တွင် တပ်မတော် စစ်သမိုင်းပြတိုက် (နေပြည်တော်) သို့ လာရောက်လေ့လာကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်) သို့ ရောက်ရှိကြပြီး မြန်မာ့တပ်မတော်သမိုင်း မှတ်တမ်းရုပ်ရှင်ကို စိတ်ဝင်စားစွာ ကြည့်ရှုကြသည်။ ထို့နောက် ပြတိုက်တာဝန်ရှိသူများက လာရောက်လေ့လာကြသော ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား မုန့်များ ပေးဝေကြသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ပြတိုက်တာဝန်ရှိသူက ပြတိုက်၏သမိုင်းနှင့်ပြခန်းများအကြောင်း ရှင်းလင်းပြောကြားသည်။ ယင်းနောက် ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ပြတိုက်အတွင်းရှိ တပ်မတော် (ကြည်း၊ ရေ၊ လေ) နှင့် လက်ရုံးတပ်ဖွဲ့ ညွှန်ကြားရေးမှူးရုံး ပြခန်းများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုခဲ့ကြပြီး သိရှိလိုသည်များကို မေးမြန်းကြရာ ပြခန်းများအလိုက် တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများသည် ပြင်ပပြကွက်များတွင် ခင်းကျင်းပြသထားသည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များ၏ စစ်လက်နက်ပစ္စည်းများ၊ စစ်ရေယာဉ်များနှင့် တပ်မတော်လေယာဉ်များကို လေ့လာခဲ့ကြပြီး အမှတ်တရ ဓာတ်ပုံများ ရိုက်ကူးကြသည်။

**သတင်းစဉ်**

## (၂-၁၀-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၅ ~ ၃၆၇၁ | ၅၁၅.၃ ~ ၅၁၈.၇ | ၁၂၄.၉ ~ ၁၂၅.၇ | ၄၃.၆၀ |
| ဈေးကွက်အတွင်းရောင်းဝယ်သည့် ပမာဏ | ၉,၄၅၈,၅၇၃.၆၃ | ၁၅,၃၈၂,၇၃၇.၄၄ | ၃၇,၁၄၇,၂၃၅.၈၁ | |

## မင်းဘူး၌ ဗလငါးတန်ဖွံ့ဖြိုးရေးလှုပ်ရှားမှု ကျောင်းသား ကျောင်းသူ ၈၀၀ ပါဝင်ဆင်နွှဲ

**မင်းဘူး အောက်တိုဘာ ၂**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်အတွင်း ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေးလှုပ်ရှားမှုကို ယနေ့နံနက်က မင်းဘူးမြို့ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) အိမ်ရာကျောင်း၌ ကျင်းပရာ အမြဲမပြတ်သင်ယူရေး စကားဝိုင်းများ၊ ကာယ၊ ဉာဏ စွမ်းရည်ပြိုင်ပွဲများဖြင့် မြို့နယ်အတွင်းရှိအခြေခံပညာကျောင်းသား ကျောင်းသူ ၈၀၀ ပါဝင်ဆင်နွှဲကြသည်။



အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအေးလွင်က ကျောင်းသားများ ဗလငါးတန်ဘက်စုံဖွံ့ဖြိုး တိုးတက်စေရေးအတွက် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန် မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနား ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားပြီး တာဝန်ရှိသူများက စွမ်းရည်ပြိုင်ပွဲ ဆုရရှိသူများနှင့် စကားဝိုင်းတွင် ပါဝင်ဆွေးနွေးကြသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

**မောင်မောင်**
**(မင်းဘူး)**

## ပေါက်ခေါင်းမြို့နယ်၌ မိုးနှောင်းဝါအောင်မြင် ဖြစ်ထွန်းလျက်ရှိ

**ပေါက်ခေါင်း အောက်တိုဘာ ၂**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်အတွင်း သက်တန့်ရောင်ချေးငွေဖြင့်ဆောင်ရွက်သော နေခြည်သစ်စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းမှ အသင်းသားတောင်သူများ စိုက်ပျိုးထားသည့် မိုးနှောင်းဝါ ဧက ၈၀၊ Raka (666) မျိုး အောင်မြင်ဖြစ်ထွန်းနေမှုများကို မြို့နယ်တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးပြီး အသင်းသား တောင်သူများနှင့်တွေ့ဆုံ၍ စနစ်ကျသော စိုက်ပျိုးရေးဖြစ်စေရေးအတွက် သွင်းအားစုများ အချိန်ကိုက် မှန်ကန်စွာ ထည့်သွင်းနိုင်ရေး၊ ပိုးမွှားအန္တရာယ်ကျရောက်မှုမရှိစေရေး ကြိုတင်သတိပြုရန်နှင့် လိုအပ်သည်များ ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့ပြီး ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကချင်ပြည်နယ် တနိုင်းမြို့ရှိ နယ်မြေခံ တပ်ရင်း၌ ပြုလုပ်ရာ တနိုင်းတပ်နယ်မှ တာဝန်ရှိသူ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအား ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တနိုင်းတပ်နယ်မှတာဝန်ရှိသူများ၊ တက်ရောက်လာကြသူများက အောင်သပြေခက်များ၊ အောင်ပန်းကုံးများ ကမ်း၍လည်းကောင်း၊ အတီးအမှုတ်၊ အကအခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တနိုင်းတပ်နယ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြို့သစ်(၂)ရပ်ကွက်ရှိ မြနန္ဒာဈေး၌ အောက်တိုဘာ ၁ ရက်က ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းမင်းစိုး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်စွာမင်းနှင့် တပ်ဖွဲ့ဝင်များ မီးဘေးလုံခြုံရေးနှင့် မီးသုံးစွဲမှုအခြေအနေများ ကြည့်ရှုစစ်ဆေးစဉ်။ အလင်းသစ်(ပြန်/ဆက်)

# လေးမျက်နှာမြို့နယ်၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့နယ်၊ ကျုံပျော်မြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရေပြန်လည်ကျဆင်းသွားသည့် မြို့၊ ရွာ၊ ရပ်ကွက်များ၌ တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား ဖယ်ရှားရှင်းလင်း

**နေပြည်တော် အောက်တိုဘာ ၂**

ဧရာဝတီ တိုင်းဒေသကြီး လေးမျက်နှာ မြို့နယ်အတွင်း ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ဝဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှု ဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် လေးမျက်နှာမြို့ပေါ် ရပ်ကွက်ငါးခုနှင့် ကျေးရွာအချို့အပြင် ဟသ်ာတ၊ ရေကြည်၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက်ငါးခုနှင့် ကျေးရွာအချို့တို့တွင် ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့သည်။

အဆိုပါ ဝဝန်မြစ်ရေသည် အောက်တိုဘာ ၁ ရက်တွင် လေးမျက်နှာမြို့နယ်၌ လည်းကောင်း၊ ယနေ့တွင် ကျောင်းကုန်းမြို့နယ်၌လည်းကောင်း၊ ရေများပြန်လည် ကျဆင်းသွားခဲ့ပြီးဖြစ်သည်။ ထို့ပြင် ဝဝန်မြစ်ရေသည် ရေကြည်မြို့နယ်အတွင်း ၈ ပေ ၁၀ လက်မခန့်၊ ငါးသိုင်းချောင်းမြို့နယ်အတွင်း ကိုးပေ ငါးလက်မခန့်၊ ကျုံပျော်မြို့နယ်အတွင်း ခြောက်ပေ ရှစ်လက်မခန့်နှင့် ကျောင်းကုန်းမြို့နယ်အတွင်း ခြောက်ပေ ကိုးလက်မခန့်အထိ ကျဆင်းသွားခဲ့ကြောင်း သိရသည်။

ထိုသို့ ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတ အသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့် ပြည်သူများအား စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ပေးနေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၇ ရက် ည ၈ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ မုံရွာမြို့ အိုးဘိုတောင်ရပ်ကွက်နေ ဇော်နိုင် (၄၉)နှစ်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ တစ်ရပ်ကွက်တည်းနေသူများဖြစ်သည့် ကျော်မင်းလွင်(ခ)ဟိန်းထက်ဝင်း(၂၄)နှစ်၊ ဝမ်းဝမ်း(၁၉)နှစ်၊ ဇော်ဟိန်းထက်(၃၁)နှစ်တို့ လေးဦးကို နေအိမ် ခြံဝင်းအတွင်းရှိ FORLAND အမျိုးအစားယာဉ်ပေါ်မှ ဘိန်းဖြူ ၆၆ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၃၅၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၂ ဒသမ ၃၁ ဘီလီယံ)နှင့်အတူ ဖမ်းဆီးရမိသဖြင့် ဇော်နိုင်၊ ကျော်မင်းလွင်(ခ)ဟိန်းထက်ဝင်း၊ ဝမ်းဝမ်းနှင့် ဇော်ဟိန်းထက်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ထို့အတူ စက်တင်ဘာ ၂၉ ရက် ညနေ ၄ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ သာစည်မြို့နယ် ကွဲ့တပ်ဆုံကျေးရွာအနီးတွင် သာစည်မြို့ အမှတ်(၄)မြို့မရပ်ကွက်နေ မဝင်းမာဌေး(၃၈)နှစ် မောင်းနှင်ပြီး လှိုင်ကော်မြို့ ဒေါမ္မရပ်ကွက်နေ မစန်းစန်းမြင့်(၄၅)နှစ် လိုက်ပါလာသော SHAYAN 125 အမျိုးအစား ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းတို့ နှစ်ဦး၏ ခန္ဓာကိုယ်တွင် သိုဝှက်သယ်ဆောင်လာသည့် စိတ်ကြွဆေးပြား ၂၄၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေ ကျပ်သိန်း ၄၈၀)ဖမ်းဆီးရမိသဖြင့် မဝင်းမာဌေးနှင့် မစန်းစန်းမြင့်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

✻ *ကျောဖုံးမှ*

Royal Noka အသင်းနှင့် United City အသင်း၊ ၁၀ နာရီတွင် MIU FC နှင့် မဂ်လာဒုံစီးတီးအသင်း၊ ၁၁ နာရီခွဲတွင် Pacific Sun Far အသင်းနှင့် YCDC Dream Team အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

မွန်းလွဲပိုင်းပွဲစဉ်များအဖြစ် မွန်းလွဲ ၁ နာရီတွင် JV FC နှင့် ULAD FC အသင်း၊ မွန်းလွဲ ၂ နာရီခွဲတွင် Gold Dream အသင်းနှင့် YRG FC အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ထို့နောက် ညနေ ၄ နာရီတွင် ရွှေပြည်သာယူနိုက်တက်နှင့် Burmese Warriors အသင်းတို့ ဆက်လက်ယှဉ်ပြိုင် ကစားကြမည်ဖြစ်သည်။

ပထမအကျော့ အပတ်စဉ်(၁၁)အပြီးတွင် Pacific Sun Far FC က ၁၁ ပွဲကစား ၁၁ ပွဲနိုင် ရမှတ် ၃၃ မှတ်ဖြင့် အမှတ်ပေး ဇယားထိပ်၌ ဆက်လက်ဦးဆောင်နေပြီး MIU FC ၂၈ မှတ် အဆင့်(၂)၊ YRG FC ၂၈ မှတ် အဆင့် (၃-ဂိုးကွာခြားချက်)၊ YCDC Dream Team ၂၂ မှတ် အဆင့်(၄)၊ ULAD FC ၂၁ မှတ် အဆင့်(၅)၊ Gold Dream FC ၁၈ မှတ် အဆင့်(၆)၊ JV FC ၁၆ မှတ် အဆင့် (၇)၊ Royal Noka FC ၁၂ မှတ်ဖြင့် အဆင့်(၈)၊ United City FC ၉ မှတ် အဆင့်(၉)၊ ရွှေပြည်သာယူနိုက်တက် ၄ မှတ် အဆင့်(၁၀)၊ မဂ်လာဒုံ FC ၃ မှတ် အဆင့် (၁၁)နှင့် ရမှတ် ၁ မှတ်ရရှိသည့် Burmese Warriors FC က အဆင့် (၁၂)နေရာတွင် ရပ်တည်လျက်ရှိသည်။

**နေမျိုး၊ ဓာတ်ပုံ-MFF**

❍ *ကျောဖုံးမှ*

ဘောလုံးပိုင်ဆိုင်မှု ပိုများခဲ့သော်လည်း ပြိုင်ဘက်အသင်း၏ ထိုးဖောက်တိုက်စစ်ဆင်မှုများကို ထိန်းချုပ်ဟန့်တားနိုင်ခြင်း မရှိဘဲ သွင်းဂိုးများ ခွင့်ပြုပေးခဲ့ရကာ ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။ ပေါ်တူဂီအသင်းသည် အဓိကတိုက်စစ်ကစားသမားစီရော်နယ်ဒို ပါဝင်လာနိုင်ခြင်း မရှိသော်လည်း တိုက်စစ်ခြေစွမ်းပြကာ ဂိုးပြတ်နိုင်ပွဲရလဒ်ကို ဖော်ဆောင်နိုင်ခဲ့သည်။

ပေါ်တူဂီအသင်းသည် ယခုပွဲစဉ်ရလဒ်ကြောင့် နေးရှင်းလိဂ်ပြိုင်ပွဲတွင် သုံးပွဲကစား သုံးပွဲနိုင်ဖြင့် ရာနှုန်းပြည့် နိုင်ပွဲရလဒ်ကို ဆက်လက် ထိန်းထားနိုင်ခဲ့သည်။ ပေါ်တူဂီအသင်းသည် အောက်တိုဘာ ၅ ရက်တွင် နော်ဝေအသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

အခြား ပွဲရလဒ်များတွင် ဂျာမနီက ဆားဘီးယားကို နှစ်ဂိုး-ဂိုးမရှိ၊ ဝေးလ်က နော်ဝေကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့ပြီး ဂရိနှင့် နယ်သာလန်အသင်း ပွဲစဉ်တွင် တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျခဲ့သည်။

**အောင်ဇော်**

**အိမ်ပြင်ပ၌ထွန်းသော မီးများကို**
**နေ့အလင်းရောင်ရှိချိန်တွင်**
**ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## ကျိုင်းတုံမြို့၌ (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ

**ကျိုင်းတုံ အောက်တိုဘာ ၂**

ကျိုင်းတုံမြို့၌ (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို



အောက်တိုဘာ ၁ ရက် နံနက်က အမှတ်(၃)ရပ်ကွက် မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး(ကျိုင်းတုံ) ရဲမှူးကြီး ခင်မောင်ညွှန့်က ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ထံမှ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့် တာဝန်ရှိသူများက မှုခင်းများဖော်ထုတ်ဖမ်းဆီးမှု ရဲလုပ်ငန်းများတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည့် ရဲတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုဆုများပေးအပ်ကြပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အထိမ်းအမှတ် ဗီဒီယိုကလစ်နှင့် ပြခန်းများကို ကြည့်ရှုအားပေးခဲ့သည်။ **အောင်ဇင်မြင့်(ပြန်/ဆက်)**

## ရန်ကုန်အရှေ့ပိုင်းပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ ကွင်းဆင်းကုသ

**ရန်ကုန် အောက်တိုဘာ ၂**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ ရန်ကုန်အရှေ့ပိုင်း ပြည်သူ့ဆေးရုံကြီးမှ အထူးကု ဆရာဝန်ကြီးများအဖွဲ့သည် ယမန်နေ့က အမှတ်(၁၃၈)ရပ်ကွက်ရှိ ပညာတံခွန်ပရဟိတလူငယ် ဖွံ့ဖြိုးရေးကျောင်း၌ မြို့နယ် အတွင်းရှိ ပြည်သူများအား (အခမဲ့)ကွင်းဆင်းကုသပေးခဲ့သည်။

ထိုသို့ ကွင်းဆင်းကုသရာတွင် ရန်ကုန်အရှေ့ပိုင်း ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာသူရ ဦးဆောင်သော ခွဲစိတ်မှန်ဆရာဝန်ကြီးများ၊ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုဆရာ ဆရာမများ အဖွဲ့ရှစ်ဖွဲ့နှင့် ဆေးဝါးအဖွဲ့တစ်ဖွဲ့တို့က အရိုးအကြော၊ သားဖွားမီးယပ်၊ မျက်စိ၊ သွားနှင့်ခံတွင်း၊ အထွေထွေရောဂါတို့ကို မြို့နယ်အတွင်းရှိ ပြည်သူ



များအား ရောဂါရှာဖွေစစ်ဆေးကုသပေးခြင်း၊ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်း စသည်တို့ကို အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ကြောင်း သိရသည်။ **အေးမဉ္ဇူ**

## ညောင်တုန်းမြို့နယ်၌ ဒေသခံပြည်သူများအား အခမဲ့ကျန်းမာရေးကုသမှုပေး

**ညောင်တုန်း အောက်တိုဘာ ၂**

မအူပင်ခရိုင် အထွေထွေရောဂါကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာ ကျော်စွာလွင် ဦးဆောင်သည့် အထူးကုဆရာဝန်ကြီးများနှင့် သူနာပြုဆရာမကြီးများ စုစုပေါင်း ၆၇ ဦး ပါဝင်သည့် အဖွဲ့သည် ညောင်တုန်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား အခမဲ့ကျန်းမာရေးစောင့်ရှောက် ကုသမှုများ ဆောင်ရွက်ပေးခြင်းကို



စက်တင်ဘာ ၂၆ ရက်က စကြော့ကျေးလက် ကျန်းမာရေးဌာနနယ်မြေအတွင်း၌ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် အထွေထွေရောဂါ ၁၅၃ ဦး၊ ခွဲစိတ်ရောဂါ ၄၇ ဦး၊ ကလေးရောဂါ ၄၅ ဦး၊ အကြောအဆစ်ရောဂါ ၁၀၅ ဦး၊ မျက်စိရောဂါ ၁၀၅ ဦး၊ သွားနှင့်ခံတွင်းရောဂါ ၅၁ ဦး၊ သားဖွားမီးယပ်ရောဂါ ၃၀၊ စိတ်ကျန်းမာရေး ၁၄ ဦး၊ တီဗွီဓာတ်မှန်ရိုက်လူနာ ၃၆ ဦး၊ အရိုးရောဂါ ၁၂ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းခွဲစိတ်ရောဂါလူနာ ၅၀ စုစုပေါင်း ဒေသခံပြည်သူ ၇၆၂ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်စစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## ရန်ကုန်မြို့ရှိ မင်္ဂလာဒုံဥယျာဉ်အတွင်း သစ်ခွပန်းမျိုးစုံစုဆောင်းစိုက်ပျိုးထားပြီး နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂**

မင်္ဂလာဒုံဥယျာဉ်အတွင်း သစ်တောအရိပ်ရပင်ကြီးများ အပါအဝင်ရာသီပန်းမန်မျိုးစုံနှင့် အပင်ပေါင်း ကိုးသောင်းကျော်ရှိပြီး စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်)ဥယျာဉ်ခြံဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်းပညာဌာနခွဲက နည်းပညာပေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

"ကျွန်မတို့ခြံမှာ သစ်ခွစိုက်ပျိုးနည်းနဲ့ ပတ်သက်လို့ နည်းပညာပေးလုပ်ငန်းတွေကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးနေပါတယ်။ ပြည်တွင်းသစ်ခွမျိုး ၅၃ မျိုးရှိပြီး အပင်ပေါင်း ၁၂၀၀၀ ခန့် ရှိပါတယ်။ ယနေ့လူကြိုက်အများဆုံးနဲ့ စိတ်ဝင်စားဆုံးလည်းဖြစ်တဲ့မျိုးဆိုရင် အလွန်လည်းရှားပါးတဲ့ ဒေသမျိုးရင်း ဆေးဖက်ဝင် ဒေါင်းမြီးသစ်ခွဖြစ်ပါတယ်။

သစ်ခွပန်းပင်မှ တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ဖျော်ရည်ထုတ်လုပ်မည့် အစီအစဉ်နှင့်ပတ်သက်၍ "ကျွန်မတို့ ပုဂ္ဂလိကလုပ်ငန်းရှင်တွေနဲ့



ပူးပေါင်းပြီး ဖျော်ရည်သစ်ခွထုတ်လုပ်ဖို့ အစီအစဉ်ရှိပါတယ်။ အဲဒီအတွက် ကုန်ကြမ်းရရှိဖို့ ဖျော်ရည် သစ်ခွမျိုး အပင် ၁၅၀၀ ကို စုဆောင်းစိုက်ပျိုးထားနေပြီဖြစ်ပါတယ်"ဟု တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **ကိုပေါက်(ဥက္ကာမြေ)**

## ဥသျှစ်ပင်မြို့ပေါ် ရပ်ကွက်များရှိ စိုက်ပျိုးရေးဆေးဆိုင်များနှင့် ဓာတ်မြေဩဇာဆိုင်များအား ကွင်းဆင်းစစ်ဆေး



**ပန်းတောင်း အောက်တိုဘာ ၂**

ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့ပေါ်အတွင်းရှိ ရပ်ကွက်များတွင် ရောင်းချလျက်ရှိသော စိုက်ပျိုးရေးဆေးဆိုင်များနှင့် ဓာတ်မြေဩဇာဆိုင်များကို သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ရောင်းချခြင်း ရှိ၊ မရှိ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးချစ်ကိုကို၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးသင်းနှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် ပိုးသတ်ဆေးနှင့် ဓာတ်မြေဩဇာဥပဒေ၊ နည်းဥပဒေအကြောင်း သိသင့်သိထိုက်သည်များ၊ ညွှန်ကြားချက်များ၊ ဆောင်ရန်ရှောင်ရန်များကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**လပြည့်လင်း(ပြန်/ဆက်)**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနား ကျင်းပ

**မန္တလေး အောက်တိုဘာ ၂**

အမှတ်(၃) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့က ကျင်းပသည့် (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားကို အောက်တိုဘာ ၁ ရက်က မန္တလေး ရွှေစာရံကျေးရွာရှိ လုံခြုံရေးရဲတပ်ဖွဲ့ခွဲ တပ်ဖွဲ့ခွဲခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်မှ ပေးပို့သည့် (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ သဝဏ်လွှာကို ရဲမှူးချုပ် လင်းထွဋ်က ဖတ်ကြားပြီး ဆုရတပ်ဖွဲ့ဝင်များကို ဆုများပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် ရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် ဗီဒီယိုကလစ်ကို ပြသခဲ့သည်။

**ရွှေရန်ကင်း**



## မအူပင်မြို့နယ်၌ အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့အထိမ်းအမှတ် အလှူငွေလှူဒါန်း

**မအူပင် အောက်တိုဘာ ၂**

မအူပင်မြို့၌ အပြည်ပြည်ဆိုင်ရာသက်ကြီးပုဂ္ဂိုလ်များနေ့ အထိမ်းအမှတ်အဖြစ် အလှူငွေ ပေးအပ်လှူဒါန်းခြင်းကို ယမန်နေ့က မအူပင်ဘိုးဘွားရိပ်သာ၌ ကျင်းပရာ ခရိုင်/မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သက်ခိုင်၊ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်စိုးကျော်၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုအဖွဲ့တို့က မအူပင်ဘိုးဘွားရိပ်သာ ငွေပဒေသာပင်အတွက် ငွေကျပ်ငါးသိန်းနှင့် ဘိုးဘွား ၃၈ ဦးအား တစ်ဦးလျှင် ငွေကျပ် နှစ်သောင်းနှုန်း လက်ဝယ်အရောက် ပေးအပ်လှူဒါန်းခဲ့ကြသည်။ **အောင်မြင့်မြတ်(ပြန်/ဆက်)**



မဟာအောင်မြေမြို့နယ် မဟာအောင်မြေ အနောက်ရပ်ကွက်အတွင်းရှိ မန်းမြို့ဈေးကို မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အောက်တိုဘာ ၁ ရက်က ခရိုင်မီးသတ်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းမင်းစိုး ဦးဆောင်၍ သန္ဓေတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့၊ ဈေးအကျိုးတော်ဆောင် အဖွဲ့ဝင်များ ပူးပေါင်းစစ်ဆေးစဉ်။

မြို့နယ်(ပြန်/ဆက်)

## ဗလငါးတန်ပြည့်စုံရေး အသိပညာပေးဆွေးနွေး

**ရန်ကုန် အောက်တိုဘာ ၂**

ကျောင်းသားလူငယ်များ ဗလငါးတန်ပြည့်စုံရေး အသိပညာပေးဆွေးနွေးပွဲကို စက်တင်ဘာ ၃၀ ရက်က အင်းစိန်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ပြုလုပ်သည်။

ဆွေးနွေးပွဲတွင် မြို့နယ်စာပေဥယျာဉ်အသင်းဥက္ကဋ္ဌ ဦးဘိုကြည် (စာရေးဆရာ၊ သတင်းစာဆရာ၊ ဒေါက်တာဗိုလ်သံမဏိ – တောင်တွင်းကြီး)က ကျောင်းသား ကျောင်းသူများသည် လူငယ်ဘဝတွင် မင်္ဂလာတရား(၃၈)ပါး၊ ပြည်သူ့နီတိ၊ ယဉ်ကျေးလိမ္မာသင်တန်းများကို တက်ရောက်၍ ဗုဒ္ဓဝင်ဇာတ်ကြီး (၁၀)ဘွဲ့၊ (၅၅၀)နိပါတ်တော်လာ စသည့်ဘာသာ ရေးစာပေများကို လေ့လာဖတ်ရှုကြပြီး ကိုယ်ကျင့်တရားကောင်းမွန်သည့် စာရိတ္တမဏ္ဍိုင်ခိုင်မာသော လူကောင်းလူတော်များဖြစ်အောင် ကြိုးစားသွားကြရန် အသိပညာပေးဟောပြောခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**



## ဇလွန်မြို့နယ်၌ ဆီထွက်သီးနှံ ဆောင်းနေကြာမျိုးစေ့နှင့် ယူရီးယားဓာတ်မြေဩဇာပေးအပ်

ဇလွန်  အောက်တိုဘာ  ၂

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်၌ ၂၀၂၆ – ၂၀၂၇ ခုနှစ် ဆီထွက်သီးနှံ ဆောင်းနေကြာ စိုက်ပျိုးမည့်တောင်သူများအား ဆီထွက်သီးနှံဆောင်းနေကြာမျိုးစေ့နှင့် ယူရီးယားဓာတ်မြေဩဇာ ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနရုံးတွင် ကျင်းပရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးနိုင်ကျော်စိုးက အသိပညာပေးဆွေးနွေးပြီး ဓာတ်မြေဩဇာဖြန့်ဖြူးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားကာ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မား ရေးကြီးကြပ်မှု လုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမြတ်သူနှင့် တာဝန်ရှိသူများက မိုးစပါးစိုက်တောင်သူ များအား MPE ယူရီးယားဓာတ်မြေဩဇာနှင့် ဆောင်းနေကြာ မျိုးစေ့များ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

ဝေယံ(ပြန်/ဆက်)

### မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့် ကုန်ရုံဌာနမှ (၂၀၂၆–၂၀၂၇) ဘဏ္ဍာရေးနှစ်အတွင်း မန္တလေး(၆)မြို့နယ်အတွင်းရှိ CCTV Camera များ ပြုပြင်ရာတွင် လိုအပ်သော CCTV Camera နှင့် ဆက်စပ်ပစ္စည်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူ၍ (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူ သွားမည်ဖြစ်ပါသောကြောင့် စိတ်ပါဝင်စားသောကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်–

(က) **တင်ဒါပုံစံစတင် ရောင်းချမည့်ရက်** – ( ၁ – ၁၀–၂၀၂၆) ရက် မှ (၁၆–၁၀–၂၀၂၆) ရက် အထိ

(ခ) **တင်ဒါသွင်းရမည့် နောက်ဆုံးရက်** – (၁၆ – ၁၀–၂၀၂၆) ရက်၊ (၁၆:၀၀)နာရီ

(ဂ) **တင်ဒါဖွင့်မည့်ရက်** – (၂၂– ၁၀ –၂၀၂၆) ရက်၊ (ခန့်မှန်း)

(ဃ) **တင်ဒါဖွင့်မည့်နေရာ** – အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ

(င) **တင်ဒါတစ်စုံ ရောင်းဈေးနှုန်း** – ၁၀၀၀၀/–(ကျပ်တစ်သောင်းတိတိ)

၂။ သတ်မှတ်အချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်း စဉ်းစား မည်မဟုတ်ပါ။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်းအဆောက်အအုံ နှင့်ကုန်ရုံဌာန၊ ဖုန်း ၀၉–၄၀၂၆၅၇၇၅၄၈ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အဆောက်အအုံနှင့်ကုန်ရုံဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း) (၂၉/၂၀၂၆–၂၀၂၇)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်–

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (၁) | DMP/L–052(26–27) (Retender) | Accessories for Pipe Fitting (19) Items | Ks |
| (၂) | DMP/L–056(26–27) (Second Retender) | Duovis (1) Item | Ks |
| (၃) | DMP/L–077(26–27) (Second Retender) | Accessories for Welding Machine (1) Lot | Ks |
| (၄) | DMP/L–101(26–27) (Second Retender) | Compressor Oil and Transmission Oil (3) Items | Ks |
| (၅) | DMP/L–076(26–27) (Second Retender) | Electrical Materials for D3 T2 SR–II, Yenangyaung and ZJ 70L SR–I Drilling Rig (2) Groups | Ks |
| (၆) | DMP/L–078(26–27) (Second Retender) | Accessories for Pipe Locator (1) Lot | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂–၁၀–၂၀၂၆ ရက်နေ့မှစ၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ ရေနံနှင့်သဘာဝဓာတ်ငွေ့ လုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ ဘဏ္ဍာရေးဌာန(နေပြည်တော်)တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာန ဝက်ဆိုဒ် (energy.gov.mm) တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၆–၁၀–၂၀၂၆ ရက်နေ့(၁၃:၀၀)နာရီ တွင် နောက်ဆုံးထား၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဌာန၊ ရုံးအမှတ်(၆)၊ ရတနာခန်းမ၊ နေပြည်တော်သို့(လူကိုယ်တိုင်) လာရောက်ပေးသွင်း ရန်ဖြစ်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**ဖုန်း၊ ၀၆၇–၃၄၁၁၂၀၆**

### တစ်ဦးတည်းဖြစ်ကြောင်း

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ အ.ထ.က ကလို၊ Grade–6 တန်းမှ မင်းစိုးသီဟဦး၏ဖခင် ဦးသိန်းထွန်းနှင့် မင်းသိန်းထွန်း ၁၀/ခဆန(နိုင်) ၀၇၄၆၀၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးသိန်းထွန်း(ခ)မင်းသိန်းထွန်း**

### ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဆင်ဖြူရှင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၁၄/ဆင်ဖြူရှင်ရှိ မြေကွက်အမှတ်(ပစ(င)၁၄၄၃) ကို တပ်သား ကျော်ဟိန်း (ကိုယ်ပိုင်အမှတ် ၈၄၂၇၂၅) (ဘ) ဦးပန်းလှိုင် ၉/ဇယသ(နိုင်) ၀၀၇၁၆၂(ကွယ်လွန်)၏ တရားဝင် အမွေခံဇနီးဖြစ်သူ ဒေါ်မိုးသူ (ဘ) ဦးထွန်း ၁၂/မရက(နိုင်)၀၅၁၀၅၄ မှ တရားဝင်အမွေခံဖြစ်ကြောင်း တရားရုံးကျမ်းကျိန် ဆိုချက်မူရင်း၊ မြေကွက်ဖိုးသွင်းချလန်မိတ္တူ၊ တပ်သားကျော်ဟိန်း သေဆုံးကြောင်း အထောက်အထားလက်မှတ်၊ မြေကွက်ပေါ်ရှိ အဆောက်အအုံပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လို သူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများအထောက်အထား ခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ရွှေတောင်၌ ဆောင်းသီးနှံဆီထွက်ပဲပုပ် ဧက ၃၀၅၀ စီမံကိန်းတာဝန်နှင့် ဆီထွက်ပဲပုပ်ရေဆင်း(၁၅)မျိုးစေ့ပေးအပ်

ရွှေတောင်  အောက်တိုဘာ  ၂

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်တွင် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာမှ ဒေသခံတောင်သူများအား ဆောင်းသီးနှံဆီထွက် ပဲပုပ် ဧက ၃၀၅၀ စီမံကိန်းတာဝန်ပေးအပ်ခြင်းနှင့် ရေဆင်း (၁၅) မျိုးစေ့ပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၃၀ ရက် က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေး ခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးဟံဝင်းအောင်က စီမံကိန်းတာဝန်ပေးအပ် ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများထံ ဆောင်းသီးနှံဆီထွက်ပဲပုပ်ရေဆင်း (၁၅) မျိုးစေ့များ ပေးအပ်ခဲ့သည်။



ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်က ဆောင်းသီးနှံ ပဲပုပ်စိုက်ပျိုးထုတ်လုပ်ခြင်း လုပ်ငန်းကို တောင်သူများအား ရှင်းလင်းဆွေးနွေးပေးခဲ့ ကြောင်း သိရသည်။

**ကိုကိုမင်း (ပြန်/ဆက်)**

### ပျောက်ဆုံးကြောင်း

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့၊ အမှတ်(၅)ရပ်ကွက်နေ (ဘ) ဦးမောင်မောင် ၏သား မောင်သက်အောင်ဖြိုး ၉/သစန(နိုင်) ၀၉၈၅၉၀ ၏ နိုင်ငံကူးလက်မှတ် အမှတ် မမှတ်မိသည် ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။

**ဖုန်း–၀၉ ၇၉၇၃၃၇၇၈၀**

### ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ရွာကြီးကျေးရွာ အ.ထ.က(ခွဲ)ကျောင်း Grade–9 မှ မဇင်ဇင်သော် Grade–8 မှ မယွန်း မီမီသော် တို့၏ဖခင်အမည်မှန်မှာ ဦးအုံးဇော် ၉/သစန(နိုင်) ၁၁၅၅၂၇ ဖြစ်ပါကြောင်း။

**ဦးအုံးဇော်**

### ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7Q/4470 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးသွားပါ၍ ပြန်လည်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8M/3568 ယာဉ် လက်ဝယ်ရှိသူ ဦးဝင်းခိုင် ၉/သပက (နိုင်)၀၆၃၄၃၉ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေး ရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် ၃၀ အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြား မှုဦးစီးဌာန၊ ခရိုင်ရုံး(ကျောက်ဆည်) သို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ကျောက်ဆည်)**

## ရေနံချောင်းမြို့နယ်၌ ပဲပုပ်သီးနှံ ဧက ၅၀ စမ်းသပ်စိုက်ပျိုးသွားမည်

ရေနံချောင်း  အောက်တိုဘာ  ၂

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ ယခုနှစ်ဆောင်း သီးနှံစိုက်ရာသီတွင် ပဲပုပ်သီးနှံများ စတင်စမ်းသပ်စိုက်ပျိုး သွားမည်ဖြစ်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အကျိုး



ဆောင်တောင်သူများထံသို့ ပဲပုပ်သီးနှံ(ရေဆင်း–၁၅) မျိုးစေ့ များ ထောက်ပံ့ပေးအပ်ခြင်းကို ယမန်နေ့က မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ပြုလုပ်ရာ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုမောင်၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူး ဦးယဉ်မင်းစိုးနှင့် တာဝန်ရှိသူ များက ဘူးကျွန်းကျေးရွာအုပ်စုနှင့် ရုံးဆိပ်ကျွန်းကျေးရွာအုပ်စု တို့မှ ပဲပုပ်စမ်းသပ်စိုက်ဧက ၅၀ အတွက် ပဲပုပ်သီးနှံမျိုးစေ့ များကို တောင်သူများထံ ပေးအပ်သည်။

အဆိုပါ ပဲပုပ်သီးနှံသည် စတင်စိုက်ပျိုးသည့်အချိန်မှ ရက် ၁၀၀ နှင့် ၁၁၅ ရက်ရှိပါက ခူးဆွတ်ရိပ်သိမ်းရပြီး တစ်ဧက ပျမ်းမျှအထွက်နှုန်း ၂၈ တင်းမှ တင်း ၃၀ အထိ ထွက်ရှိကြောင်း၊ ရရှိလာသည့် ပဲပုပ်စေ့များကို ဆီကြိတ်ထုတ်ယူပြီး ပဲဖတ် များကို တိရစ္ဆာန်အစာအဖြစ် သုံးစွဲနိုင်ကြောင်း သိရသည်။

**ကိုစိုးကြီး(ပြန်/ဆက်)**

### အများသိစေရန်နှင့်ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ အေးစေတီရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၃၆/၂၊ ဝက်ကုန်းမြောက်)၊ ဦးပိုင် အမှတ်(၁၁ဆ–၁)၊ မြေဧရိယာ(၀.၁၁၃)ဧကရှိ မြေကွက်သည် မူလက ဦးဝမ်ဆောင်တန်(ခ)အောင်နိုင်မြင့် အမည်ဖြင့် (၁၆–၁၀–၂၀၂၇) ရက်အထိ(၁၅)နှစ် မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်ရှင်က (၆–၈–၂၀၂၆) ရက်စွဲပါစာချုပ်စာတမ်းမှတ်ပုံတင် အမှတ် (၂၉၄/၂၀၂၆)အရ ဒေါ်သက်စုဝင်း ၁/မကန(နိုင်)၁၁၇၂၁၄၊ ဒေါ်ဝင်းစုစံ ၁/မကန(နိုင်)၁၃၂၁၀၁၊ ဦးမင်းသိန်း ၁/မကန (နိုင်)၁၃၂၁၀၂၊ ဒေါ်ဖြူဖြူစိန် ၁/မကန(နိုင်)၂၁၇၆၆၄ (၅)ဦးထံသို့ အပြီးပိုင်ရောင်းချပေးခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ အဆိုပါမြေကွက်အား ဒေါ်သက်စုဝင်းပါ(၄)ဦး အမည်ဖြင့်မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထား မှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာ အပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ဘိုကလေးမြို့နယ်၌ ဓာတ်မြေဩဇာ ကြဲပက်ထည့်သွင်း ကွင်းသရုပ်ပြ

ဘိုကလေး  အောက်တိုဘာ  ၂

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်၌ ၂၀၂၆–၂၀၂၇ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် ပန်းတိုင်အထွက်နှုန်းကျော်လွန် ထွက်ရှိရေးအတွက် ဓာတ်မြေဩဇာကြဲပက်ထည့်သွင်းခြင်း ကွင်းသရုပ်ပြပွဲကို ယမန်နေ့က ဂျပ်ချောင်းကျေးရွာမှ တောင်သူ ဦးစံသောင်း၏ စပါးခင်း၌ပြုလုပ်ရာ မြို့နယ် စိုက်ပျိုးထုတ်လုပ် မှု တိုးတက်မြင့်မားရေးကြီးကြပ်မှု ကော်မတီအတွင်းရေးမှူး မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးကျော်ညီညီထွဋ် အပါအဝင် ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများ တက်ရောက်ကြပြီး တောင်သူ ဦးစံသောင်း၏ လယ်မြေတွင်



ပေါ်ဆန်းရင်စပါးခင်းကို ပေါင်းလိုက်သမန်းနှိုးခြင်းနှင့် သဘာဝ မြေဩဇာနှင့် ဓာတ်မြေဩဇာအချိုးကျရောစပ်၍ အချိန်ကိုက် ကြဲပက်ခြင်း ကွင်းသရုပ်ပြမှုကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို မြို့နယ် စိုက်ပျိုးရေးဦးစီးအရာရှိက ကွင်းသရုပ်ပြပွဲ တက်ရောက်ကြသူ များအား ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။ **မိုးစက်(ဘိုကလေး)**

## အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်သို့ စမ်းချောင်း အထက ၄ မှ ကျောင်းသား ကျောင်းသူများ လာရောက်လေ့လာ

ရန်ကုန်  အောက်တိုဘာ  ၂

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း မှ ကျောင်းသား ကျောင်းသူ ၁၀၀ နှင့် ဆရာ ဆရာမများသည် ယမန်နေ့က ရန်ကုန်မြို့ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်သို့ သွားရောက်လေ့လာရာ အမျိုးသားမှတ်တမ်း များ မော်ကွန်းတိုက် အစည်းအဝေးခန်းမ၌ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်စောနန်းနွယ် နှင့် ဦးစီးအရာရှိ ဒေါ်မြမြမိုးတို့က အမျိုးသား မှတ်တမ်းများ မော်ကွန်းတိုက်သမိုင်း အကြောင်း အရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်မှ တာဝန်ရှိသူများက ကျောင်း သား ကျောင်းသူများနှင့် ဆရာ ဆရာမများ အား မော်ကွန်းတိုက်၏ စာရွက်စာတမ်းများ ထိန်းသိမ်းခြင်းလုပ်ငန်း၊ မိုက်ကရိုဖလင် ရိုက်ကူးခြင်း၊ ထိန်းသိမ်းခြင်းလုပ်ငန်း၊ သုတေသီ အထောက်အကူပြုလုပ်ငန်းနှင့် မော်ကွန်း ပြခန်းများ အကြောင်းရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူများအား ဉာဏ်စမ်း ပြိုင်ပွဲများကျင်းပ၍ အမှတ်တရလက်ဆောင် များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် -၅ ၊ နည်းဥပဒေ- ၂၀)
## ကျိုက်ထိုခရိုင်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၀

| | | |
|---|---|---|
| ၁။ ဒေါ်ဆလယာဘီဘီ(ခ)ဒေါ်သန်းမြင့် | နှင့် | ၁။ ဒေါ်မို့မို့အောင်သန်း |
| ၂။ ဦးလှထွန်း | | ၂။ ဦးအောင်နိုင်ဖြိုးဝေ |
| (၎င်းတို့၏အခွင့်ရကိုယ်စားလှယ် | | ၃။ ဦးအောင်မြင့်မြတ် |
| ဒေါ်မြင့်မြင့်စိုး) | | ၄။ ဦးထွန်းမင်းလတ် |
| | | ၅။ ဦးကျော်ဇေယျ |
| | | ၆။ ဒေါ်ကေဇင်ဦး |
| | | ၇။ ဦးဘိုဘို |
| | | ၈။ ဦးသန့်ဇင်ဝင်း |
| | | ၉။ ဒေါ်ကေဇင်လတ် |
| တရားလိုများ | | တရားပြိုင်များ |

မွန်ပြည်နယ်၊ ကျိုက်ထိုခရိုင်၊ ဘီးလင်းမြို့၊ ဆရာစံရပ်ကွက်၊ မြို့ပတ်လမ်းနေ (၆)တရားပြိုင် ဒေါ်ကေဇင်ဦး(ဘ)ဦးစန်းမြင့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက "အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက် (၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်) မွန်းမတည့်မီ (၁၀) နာရီတွင် အထက်အမည်ပါသူ တရားလိုများ၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အေးစန္ဒာဟိန်း)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**ကျိုက်ထိုခရိုင်တရားရုံး**

## အမည်မှန်

အထက (၃)၊ ဖျာပုံ Grade-12 မှ မောင်ဖြိုးမင်းပိုင်၏ အမည်မှန်မှာ မောင်ဖိုးသား (၁၄/ဖပန (နိုင်) ၂၉၅၂၉၅) ဖြစ်ပါကြောင်း။

**မောင်ဖိုးသား**
**၁၄/ဖပန(နိုင်)၂၉၅၂၉၅**

## ဖခင်အမည်မှန်

မော်လမြိုင် ကျွန်းမြို့၊ အထက(၁) Grade-12မှ မောင်မင်းထက်၏ ဖခင်အမည်မှန်မှာ ဦးယဉ်ဆွေ ၁၄/ မမက(နိုင်) ၁၈၃၅၂၁ ဖြစ်ပါကြောင်း။ **ဦးယဉ်ဆွေ**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ရွှေအိမ်စံကိုယ်ပိုင်အထက်တန်းကျောင်း Grade-4 မှ မစုပြည့်အောင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စု လူဦးရေစာရင်းနှင့် မှတ်ပုံတင်စာရင်းအရ ဦးပြေဆန်းအောင် ၉/ဇဗန(နိုင်)၁၀၃၁၁၇ ဖြစ်ပါကြောင်း။

**ဦးပြေဆန်းအောင်**

## မွေးသက္ကရာဇ်အမှန်

တောင်သာမြို့၊ အမှတ်(၆) ရပ်ကွက်နေ ဦးတင်မောင်၏ သား ဦးကျော်သူ ၉/ တသန (နိုင်)၁၁၀၉၂၇၏ မွေးသက္ကရာဇ်အမှန်မှာ ၂၅-၁-၁၉၆၉ ဖြစ်ပါကြောင်း။

**၂၅-၁-၁၉၆၉**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁၀)၊ (DD)မြနန္ဒာရပ်ကွက်၊ မြနန္ဒာအိမ်ရာ အဆောက်အအုံရှိ(Block-B)၊ လူနေအထပ်အမှတ်(Typical-1)၊ အခန်းအမှတ် (Type-11)၊ အကျယ်အဝန်း(၁၀၈၄)စတုရန်းပေ တိုက်ခန်းနှင့် တိုက်ခန်းပါပစ္စည်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး ဒေါ်လေးမြ(၃/မဝတ(နိုင်)၀၂၆၀၇၁)ထံမှ ဒေါ်ထုဆိုင် ၉/မနတ(နိုင်)၁၀၁၁၀၆က (အရပ်ကတိစာချုပ်)ဖြင့် ငွေအကျေပေးချေခဲ့ပြီး ဝယ်ယူခဲ့သော တိုက်ခန်းဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာသည့် ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်ထုဆိုင်** | **ဦးနေမျိုးဇော် (LL.B, D.B.L)** |
| **၉/မနတ(နိုင်)၁၀၁၁၀၆** | **(စဉ်-၁၁၅၆၆) တရားလွှတ်တော်ရှေ့နေ** |
| | **ရပ်ကွက်ကြီး(၁)၊ ယူဂိုစလပ်** |
| | **ပြင်ဦးလွင်မြို့။** |

## အများသိစေရန် ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့၊ အောင်ချမ်းသာရပ်ကွက်၊ ဗိုလ်ချုပ်လမ်းတွင် တည်ရှိသော ကွင်း/အကွက်အမှတ်နှင့်အမည်- (၆၇၈)၊ ဦးပိုင်အမှတ်- (၁၅/၁၇၄)၊ ဧရိယာ(၀.၁၂၀)ဧက၊ အလျားပေ (၈၀) x အနံ (၃၃)ပေ အကျယ်အဝန်းရှိ အရှေ့လားသော်- ဦးမြတ်မိုး ဝင်းမြေ၊ အနောက်လားသော်- ဗိုလ်ချုပ်လမ်း၊ တောင်လားသော်-ဦးမောင်မောင်မြတ် ဝင်းမြေ၊ မြောက်လားသော်- ဦးမြတ်မိုးဝင်းမြေ ယင်းနယ်လေးရပ်အတွင်းရှိ ဝင်းမြေကို ဦးမင်းခိုင်ထံမှ (၂၁-၈-၂၀၂၆)ရက်တွင် ဦးစိုင်းနေထွန်းက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ အားပေးအပ်ခဲ့ပါသည်။ အဆိုပါ ဝင်းမြေကို အရောင်းအဝယ်ပြုလုပ်မည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း တင်ပြအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးစိုင်းနေထွန်း** | **ဒေါ်ငြိမ်းငြိမ်းဆုဝေဝင်း LL.B (Advocate)** |
| **၅/ကနန(နိုင်)၁၁၁၂၅၆** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၉၈၉၈/၂၀၁၄)** |
| **မြို့သစ်ရပ်ကွက်၊ မုံရွာမြို့** | **ဒေါနခြံရပ်၊ မုံရွာမြို့** |

## ဖခင်အမည်မှန်

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အေလာမြို့၊ အထက(ခွဲ) စက်ရုံ Grade-9(A) တွင် ပညာသင်ကြားနေသော မောင်မျိုးကိုကို၏ ဖခင်အမည်မှန်မှာ ဦးအောင်စိုးမင်း ၉/လဝန(နိုင်)၁၆၄၁၀၈ ဖြစ်ပါကြောင်း။

**ဦးအောင်စိုးမင်း**
**၉/လဝန(နိုင်)၁၆၄၁၀၈**

## ဖခင်အမည်မှန်

မြိတ်မြို့၊ ကန်စွန်းအင်းကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-10 မှ ကျောင်းဝင်အမှတ် KA – 6876 ဖြစ်သူ မဆုယမင်းမြတ်၏ဖခင်အမည်မှန်မှာ မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်းအရ ဦးညဏ်ထွန်း ၁၂/ဥကတ(နိုင်)၀၄၅၃၈၃ ဖြစ်ပါ ကြောင်း။

**ဦးညဏ်ထွန်း**

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

ထားဝယ်မြို့၊ အနောက်မြို့တွင်းရပ်ကွက်၊ အကွက်အမှတ်(၄၂)၊ အကွက်အမည်-အနောက်ကွက်၊ ဦးပိုင်အမှတ် (၂-က)၊ မြေဧရိယာ(၀.၀၄၆)ဧကရှိအောက်ဖော်ပြပါ အလားအလာရှိသည့်-

(က) အရှေ့လားသော် - ဦးပိုင်အမှတ်(၂-ခ)
(ခ) အနောက်လားသော် - ဦးပိုင်အမှတ်(၁-က)၊ (၁-ခ)
(ဂ) တောင်လားသော် - ဦးပိုင်အမှတ်(၃)
(ဃ) မြောက်လားသော် - မြို့တွင်းလမ်း

အထက်ဖော်ပြပါမြေကို(ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသောမြေ) အမည်ပြောင်းပေးရန် ဦးညီညီပါ(၄)ဦးမှ လျှောက်ထားလာသည့်အတွက် ယင်း၏ အမည်ကိုပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်းကန့်ကွက်လိုသူများရှိပါက ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (၂၉)ရက်မတိုင်မီ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်ထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်းလာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီးလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်မြေစာရင်းအင်းဦးစီးဌာန၊ ထားဝယ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့၊ ရေပုန်းရပ်ကွက်၊ အကွက်အမှတ်(၃၂) ရေပုန်းကွင်း၊ မြေကွက်အမှတ် (၁၇၅)၊ မြေဧရိယာ (၀ ဒသမ ၀၃၄) ဧကအား မြေငှားဂရန်အမှတ်တွဲအမှတ် ၁၅၆/၁၉၉၄-၁၉၉၅ အရ ဦးသန်းဝင်း အမည်ဖြင့် ရရှိခဲ့ပြီး (၁၆-၁၀-၂၀၂၄) ရက်တွင် မြေငှားဂရန်သက်တမ်း ကုန်ဆုံးခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ မြေငှားဂရန်အား (သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးသန်းဝင်း ၆/ကသန(နိုင်)၀၀၂၉၉၁ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ရက် ၃၀ အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၄) ရပ်ကွက်၊ ၂၈ လမ်း (အလယ်)၊ တိုက်အမှတ် (၉၈) ဟုခေါ်တွင်သော မြေညီထပ် (ထပ်ခိုးအပါ)၊ (လမ်းမမှကြည့်လျှင် ဝဲဘက်အခြမ်း)၊ အကျယ်အဝန်း (၁၂ ၃'x၄၀') ရှိ ကိုယ်ပိုင်ရေမော်တာ၊ ကိုယ်ပိုင်မီတာပါဝင်သောတိုက်ခန်း (၁) ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် စပ်လျဉ်း၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါတိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ရောင်းချသူ ဦးကျော်သက် (၁၂/ပဘတ (နိုင်) ၀၂၇၁၆၃) မှ ဝယ်ယူလက်ဝယ်ထားပိုင်ဆိုင်ကြောင်း၊ အခန်းနှင့်စပ်လျဉ်း၍ ပိုင်ဆိုင်မှုအရှုပ်အရှင်း ကင်းရှင်းပါကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံပြီး ရောင်းချလိုကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်တို့မိတ်ဆွေမှ ဝယ်ယူရန်သဘောတူသဖြင့် ရောင်းချသည့်တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ယခုအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ အခြားခိုင်လုံသောအထောက်အထားများနှင့် ကျွန်ုပ်တို့ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးတင်မောင်သိန်း(စဉ်-၅၃၃၈)** | **ဒေါ်ယဉ်ယဉ်အောင်(စဉ်-၁၀၃၈၃)** |
| **B.A, RL, D.B.L, D.I.L** | **LL.B, D.B.L, D.I.L, D.M.L** |

(တရားလွှတ်တော်ရှေ့နေများ)
အမှတ်(၁၅၇)၊ ဒုတိယထပ်၊ (A-3)၊ ၂၈-လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၇၆၁၅၈၊ ၀၉-၄၃၀၆၄၆၄၇

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1Q/8456 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 65W/24689, KTM DUEK 200, M/C ယာဉ်လက်ဝယ်ရှိသူ ဦးပြည်စိုး ၉/ပဥလ(နိုင်)၀၄၄၆၁၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 27W/94752 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီတာဦး ၇/တငန (နိုင်)၁၂၀၉၄၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(တောင်ငူ)**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ်၊ ထမ္မကောက်အခြေခံပညာ အထက်တန်းကျောင်း Grade-8 တွင် ပညာ သင်ကြားနေသည့် မအေမီဦး၊ Grade-3 တွင် ပညာသင်ကြားနေသည့် မောင်မြတ်မင်းသော်တို့၏ ဖခင် ဦးခင်မောင်ဇော်၏ အမည်မှန်မှာ ဦးခင် ၈/မမန(နိုင်)၁၄၄၃၅၆ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ကျိုက်လတ်မြို့၊ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) သာယာဝဲတွင် ပညာသင်ကြားနေသော မောင်ကောင်းမြတ်(Grade-5)၊ မောင်နေမင်းထိုက် (Grade-6) နှင့် မခင်သန္တာထွန်း (Grade-9) တို့၏ ဖခင် ဦးမျိုးထက်လှိုင်၏ အမည်မှန်မှာ ဦးမျိုး ၁၄/ကလန(နိုင်)၁၄၅၅၃၉ ဖြစ်ပါကြောင်း။

**ဦးမျိုး**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

မိတ္ထီလာမြို့၊ မြို့မ(၄)ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်၊ ၃ပန်းတိမ်တန်း၊ ဦးပိုင်အမှတ်၈၈၊ မြေကွက်အမှတ်၁၅၇၊ မြေဧရိယာ (၀.၀၉၁)ဧကရှိ မြေကွက်သည် ဒေါ်မြအမည်ဖြင့် ၁၇-၁၂-၂၀၀၆ ရက်အထိ နှစ်(၂၀) မြေငှားဂရန် ရရှိထားပါသည်။ ဒေါ်မြနှင့် ဦးထွန်းရှိန်တို့သည် တရားဝင်ဇနီး၊ ခင်ပွန်းများဖြစ်ကြပြီး အသီးသီး ကွယ်လွန်သွားကြပြီဖြစ်ပါသည်။ ၎င်းတို့မှ ဒေါ်ခင်နန်းရွှေ တစ်ဦးတည်းသော သမီးထွန်းကားခဲ့ပါသည်။ ဒေါ်ခင်နန်းရွှေ ၉/မမန(နိုင်)၀၁၃၉၉၁မှ ကျမ်းသစ္စာကျိန်ဆို၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာစာချုပ်ချုပ်ဆိုပြီး မြေငှားဂရန်အမည်ပြောင်းသက်တမ်းတိုး လျှောက်ထားလာပါသည်။ အဆိုပါ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိက ကြော်ငြာပါသည့်ရက်မှ(၁၅)ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်သူမရှိပါက ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊မိတ္ထီလာခရိုင်**

## ကန့်ကွက်နိုင်ပါကြောင်း အများသိရှိစေရန် ကြော်ငြာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅)၊ မြေကွက်အမှတ် (၆၇)၊ မြေ အကျယ်အဝန်း အလျားပေ (၄၀xအနံပေ ၆၀) ရှိ ဦးမြင့်ဆွေ(ဖခင်) (၁၂/ရကန(နိုင်)၀၄၈၉၆၅)၊ (KGN-054395) အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ၎င်း၏ သားတော်စပ်သူ ဦးမြတ်ဆွေ (သား) (၁၂/ရကန(နိုင်)၀၅၉၃၂၃)သို့ မေတ္တာဖြင့် ပေးကမ်းခြင်းကတိစာချုပ်ဖြင့် ဦးမြင့်ဆွေက ၎င်းလက်ရှိဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားရှိပြီး စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြီး ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် မေတ္တာဖြင့် ပေးကမ်းခြင်း၊ ကတိစာ ချုပ်ကို (၂၅-၁၀-၂၀၂၅)ရက်တွင် ချုပ်ဆို၍ ဦးမြင့်ဆွေမှ သားဖြစ်သူ ဦးမြတ်ဆွေအား မေတ္တာဖြင့် ပေးကမ်းထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤမေတ္တာဖြင့် ပေးကမ်းခြင်းကတိစာချုပ် မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ကန့်ကွက်လိုလျှင် ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်း များနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက ပေးကမ်းခြင်း ကတိစာချုပ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်မြတ်စိုး (LL.B)၊ အထက်တန်းရှေ့နေ (စဉ်-၅၄၇၀၇)**
**ပြည်တော်သာရပ်ကွက်၊ တပ်ဦးကျောင်းလမ်း၊ လှော်ကား၊**
**ရွှေပြည်သာမြို့နယ်၊ ဖုန်း-၀၉-၄၅၃၆၁၈၀၅၄**

## ဖခင်အမည်မှန်

နေပြည်တော်၊ တပ်ကုန်းမြို့၊ မြောက်မြိုက်အုပ်စု၊ မြောက်မြိုက်အရှေ့ကျေးရွာ Grade - 7 မှ မောင်အာကာဦး၏ ဖခင်အမည်မှန်မှာ ဦးတင်ဦး ၉/တကန(နိုင်) ၁၄၉၇၃၄ ဖြစ်ပါကြောင်း။

**ဦးတင်ဦး**

## ဖခင်အမည်မှန်

နေပြည်တော်၊ တပ်ကုန်းမြို့၊ မြောက်မြိုက်အုပ်စု၊ ဒဟတ်ကုန်းကျေးရွာ Grade-7 မှ မောင်ထက်မြတ်လင်း၏ ဖခင်အမည်မှန်မှာ ဦးသူရ ၇/ပခန(နိုင်)၂၇၈၈၉၆ ဖြစ်ပါကြောင်း။

**ဦးသူရ**

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ ရေကြည်မြို့ အထက (ရေကြည်) Grade-8 မှ မနှင်းမေဇင်၏ဖခင်အမည်မှန်မှာ ဦးထွန်းထွန်းဝင်း ၁၄/ရကန(နိုင်)၁၅၀၉၂၉ ဖြစ်ပါကြောင်း။

**ဦးထွန်းထွန်းဝင်း**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့၊ အမှတ်(၁)ရပ်ကွက်၊ အကွက်အမှတ် (၃/ဦးစပန်းခြံအကွက်)၊ ဦးပိုင်အမှတ် (၁၀၅/၁၀၅)၊ ဧရိယာ (၀.၀၂၇)ဧကရှိ မြေနေရာကို နှစ်(၃၀)ဂရန်အမည်ပေါက်သူဦးကျော်ကျော်နိုင်ထံမှဒေါ်အေးအေးဝင်းက လည်းကောင်း၊ ဒေါ်အေးအေး ဝင်းထံမှ ဦးစိုင်းလွမ်းနောင် (၃/ကကရ(နိုင်)၁၆၇၁၀၃)ကလည်းကောင်း ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး မြေငှားဂရန်(အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကန့်ကွက်တင်ပြလိုသူ မည်သူမဆို ကျိုးကြောင်း ဖော်ပြချက် ခိုင်လုံစွာဖြင့် ယခုကြော်ငြာစာပါသည့် ရက်မှစ၍ (၁၅)ရက်အတွင်း မြဝတီခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ၊ မြဝတီခရိုင်**
**အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့နယ်၊ ဆံတော်ရပ်ကွက်၊ ဘုရားနီလမ်းရှိ ဒေါ်ကျင်မေအမည်ပေါက်ဖြစ်သော အကွက်အမှတ်-၉D၊(ဆံတော်အနောက်ကွက်)၊ ဦးပိုင်အမှတ်- ၁၃၀၊ ပိုင်ဆိုင်ခွင့်(B)၊မြေချိန်ဧရိယာ(၀.၀၃၁)ဧကရှိသည့် မြေကွက်အနက်မှအလျား (၂၂)ပေXအနံ(၅၂)ပေရှိပြီးမြေချိန်ဧရိယာ(၀.၀၂၆)ဧကရှိသောမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်စာချုပ် အဆင့်ဆင့်တို့ဖြင့် လက်ဝယ်ရရှိပိုင်ဆိုင်ပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုပြောဆိုသူဖြစ် သည့် ဦးဇော်လတ်(၁၂/မဘန(နိုင်)၀၈၀၇၈၂)မှရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးရဲလင်းထက်(၇/မညန(နိုင်)၀၉၄၅၆၉)မှလည်း အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်အား အရောင်းအဝယ်ပြုလုပ်ခြင်းကိုကန့်ကွက် လိုပါက ဤကြေညာစာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများ ယူဆောင်လာပြီး ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်ခြင်းမရှိပါက အရောင်း အဝယ်ပြုလုပ်ခြင်းကိုဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မေဇော်လွင် (LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၈၄၈)**
**အမှတ်(၄၇၆)၊ နဝင်းကမ်းနားလမ်း၊ ပြည်မြို့။ ဖုန်း-၀၉-၄၂၂၄၈၃၉၀၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၉ ကံဘဲ့၊ မြေကွက်အမှတ် ၁၈/ထ-၇ (လမ်း)၊ ၀.၀၃၃ ဧက၊ မြေကွက်တည်နေရာအမှတ် (၆၀/H)၊ ပါရမီလမ်း၊ (၁၀) ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဒေါ်သွင်သွင် (TYT-၀၀၃၄၆၉) အမည်ပေါက် B - လ/န ၃၉ မြေအား ဒေါ်သွင်မီမီကြိုင် (၁၂/မရက (နိုင်) ၀၁၀၁၁၂)၊ ဦးအောင်မြင့်ကြိုင် (၁၂/မရက (နိုင်) ၀၆၈၇၈၃)၊ ဒေါ်အေးအေးခင်ကြိုင် (၁၂/မရက(နိုင်)၀၈၁၁၂၂)၊ ဦးအောင်ထွန်းကြိုင် (၁၂/မရက(နိုင်)၀၆၈၈၃၇)၊ ဒေါ်ပုလဲရည်လွှမ်းထိုက် ၁၂/မရက(နိုင်) ၁၅၈၃၁၄)တို့က မြေအမည်ပေါက်ဖြစ်သူ မိမိတို့၏ မိခင်/အဘွား ဒေါ်သွင်သွင်/ ဒေါ်သွင်သွင်ကြိုင်သည် (၁၄-၂-၂၀၂၁) ရက်တွင် လည်းကောင်း၊ ဖခင်/အဘိုး ဦးခင်ကြိုင်သည် (၉-၁၁-၁၉၉၁)ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သွား ခဲ့ပြီးဖြစ်ပါကြောင်း၊ ဖခင် ဦးခင်ကြိုင် နှင့် မိခင် ဒေါ်သွင်သွင် (ခ) ဒေါ်သွင်သွင်ကြိုင်တို့သည် ဒေါ်သွင်မီမီကြိုင်၊ ဦးအောင်မြင့်ကြိုင်၊ ဒေါ်အေးအေးခင်ကြိုင်၊ ဦးအောင်ထွန်းကြိုင်၊ ဒေါ်ထွေးထွေးခင်ကြိုင်တို့ မောင်နှမ(၅)ဦးတည်းကိုသာ မွေးဖွားခဲ့ပါကြောင်း၊ မိမိတို့ (၅) ဦးမှလွဲ၍ အခြားမွေးချင်းမရှိပါကြောင်း၊ အခြားသောကိတ္တိမသားသမီး အဖြစ်လည်း မွေးစားထားခဲ့ခြင်းမရှိပါကြောင်း၊ မောင်နှမ (၅) ဦးအနက်မှ ဒေါ်ထွေးထွေးခင်ကြိုင်သည် ဒေါ်ပုလဲရည်လွှမ်းထိုက်၏မိခင်ဖြစ်ပြီး (၁၀-၅-၂၀၂၁) ရက်တွင် ကွယ်လွန်သွားခဲ့ပြီးဖြစ်ပါကြောင်း၊ ဒေါ်ထွေးထွေးခင်ကြိုင်နှင့် ဦးစိုးထိုက်တို့သည် ဒေါ်ပုလဲရည်လွှမ်းထိုက်တစ်ဦးတည်းကိုသာ မွေးဖွား ခဲ့ပါကြောင်း၊ အခြားမွေးချင်းမရှိပါကြောင်း၊ ကိတ္တိမသားသမီးအဖြစ်လည်း မွေးစားထားခဲ့ခြင်းမရှိပါကြောင်း၊ ဖခင် ဦးစိုးထိုက်နှင့် မိခင် ဒေါ်ထွေးထွေးခင်ကြိုင်တို့သည် (၂၀-၄-၂၀၀၇)ရက်တွင် တရားဝင်ကွာရှင်းခဲ့ပြီး ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ မိခင်ကွယ်လွန်ပြီးနောက် ဒေါ်ပုလဲရည်လွှမ်းထိုက်မှ မိခင် ဒေါ်ထွေးထွေးခင်ကြိုင်၏ ပိုင်ဆိုင်ခွင့်အစုအား ပိုင်ဆိုင်သည်မှာ မှန်ကန်ပါကြောင်း၊ ဦးခင်ကြိုင်နှင့် ဒေါ်သွင်သွင် (ခ)ဒေါ်သွင်သွင်ကြိုင်၊ ဒေါ်ထွေးထွေးခင်ကြိုင်တို့ ကွယ်လွန်ပြီးနောက် အထက်ဖော်ပြပါ မြေကွက်နှင့် အကျိုးခံစားခွင့်အားလုံးတို့အား မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ မိမိတို့ (၅)ဦးကသာ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိပါကြောင်းနှင့် မိမိတို့ (၅)ဦးမှလွဲ၍ အခြားသော အမွေဆက်ခံပိုင်ဆိုင်မည့်သူ တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း ကျမ်းကျိန်လွှာအမှတ် ၁၁၉၁/၂၀၂၆(၁၆-၇-၂၀၂၆)၊ ထောက်ခံ ကျမ်းကျိန်လွှာ (၂) စောင်၊ ဒေါ်ထွေးထွေးခင်ကြိုင်သည် ဘဲဗျူး GE (ဂျီနီဗာကန်) ဆွစ်ဇာလန်နိုင်ငံတွင် ကွယ်လွန်ကြောင်း ဆွစ်ဇာလန်ပြည်သူ့မှတ်ပုံတင်ရုံး ထုတ်ယူသည့်မှတ်တမ်း၊အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ အမည်ပေါက်စာချုပ်တို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## မြစ်ကြီးနားတက္ကသိုလ် - မြစ်ကြီးနားမြို့
## (၂၃)ကြိမ်မြောက်ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ မြစ်ကြီးနားတက္ကသိုလ်၏ (၂၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပမည်ဖြစ်ပါသဖြင့် မြစ်ကြီးနားတက္ကသိုလ်(နေ့သင်တန်း)၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် (၂၀၂၀ အောင်)၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်နှင့် မြစ်ကြီးနား တက္ကသိုလ် (အဝေးသင် သင်တန်း) ၂၀၂၅ ပညာသင်နှစ်တို့တွင် ဘွဲ့စာမေးပွဲ အောင်မြင်သူများအတွက် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ ဝိဇ္ဇာဂုဏ်ထူးဘွဲ့၊ သိပ္ပံဂုဏ်ထူးဘွဲ့၊ ဥပဒေပညာဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ မဟာဥပဒေပညာဘွဲ့များ လျှောက်ထားနိုင်ပါသည်။

၂။ ဘွဲ့နှင်းသဘင်တက်ရောက်ဘွဲ့၊ အဝေးရောက်ဘွဲ့ လျှောက်ထားလိုပါက ဘွဲ့နှင်းသဘင် လျှောက်လွှာပုံစံများကို ဤတက္ကသိုလ် စာမေးပွဲနှင့် ဘွဲ့နှင်း သဘင်ဌာနမှ ရယူဖြည့်စွက်ပြီး (၁-၁၀-၂၀၂၆ )ရက်မှ (၁-၁၁- ၂၀၂၆)ရက်နှင့် ၂၀၂၅- ၂၀၂၆ ပညာသင်နှစ် ကျောင်းသူကျောင်းသားများသည် (၁၅-၁၀-၂၀၂၆)ရက်မှ (၁၅-၁၁-၂၀၂၆)ရက်အထိ စာမေးပွဲနှင့် ဘွဲ့နှင်း သဘင်ဌာနတွင် (၁.၅" x ၂" ) Sticker (ကပ်ခွာ) ဓာတ်ပုံ(၃)ပုံ မှတ်ပုံတင်မိတ္တူနှင့်အတူ လျှောက်လွှာတင်သွင်းနိုင်ပါသည်။

၃။ ဘွဲ့နှင်းသဘင်ကြေးမှာတက်ရောက်ဘွဲ့ယူသူများအတွက်(၁၅၀၀၀ိ/-) ဖြစ်ပြီး၊ အဝေးရောက် ဘွဲ့ယူလိုသူများအတွက် (၁၀၀၀ဝိ/-) ဖြစ်ပါသည်။

၄။ လျှောက်လွှာကို စာတိုက်မှပေးပို့သည့်အခါပေးပို့လွှာတွင် " ဘွဲ့နှင်း သဘင်ကြေးပေးပို့ခြင်း"ဟုဖော်ပြပြီး ပါမောက္ခချုပ်၊ မြစ်ကြီးနားတက္ကသိုလ်သို့ လိပ်မူ၍ လျှောက်လွှာတွင် လျှောက်လွှာရှင်၏အမည်၊ ဘွဲ့ရစာမေးပွဲ ခုံအမှတ်၊ အောင်မြင်သည့် ခုနှစ်၊ လ၊ ပညာသင်နှစ်၊ အထူးပြုဘာသာ၊ တက်ရောက်ခဲ့သည့် တက္ကသိုလ်/ ဒီဂရီကောလိပ် အပြည့်အစုံကိုတိကျစွာ ဖော်ပြရပါမည်။

၅။ မြစ်ကြီးနားတက္ကသိုလ်(နေ့သင်တန်း)၂၀၂၅-၂၀၂၆ ပညာသင်နှစ်နှင့် မြစ်ကြီးနားတက္ကသိုလ် (အဝေးသင်သင်တန်း) ၂၀၂၅ ပညာသင်နှစ် မတိုင်မီ က ဘွဲ့ရစာမေးပွဲအောင်မြင်သူများသည် " အဝေးရောက်ဘွဲ့ " အတွက်သာ လျှောက်ထားနိုင်ပါသည်။

၆။ ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံနှင့်အတူ နိုင်ငံသားစိစစ်ရေးကတ်ပြား မိတ္တူ(၁)စောင်တင်သွင်းရမည်ဖြစ်ပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် နိုင်ငံ သားလက်မှတ်မူရင်းကိုတင်ပြနိုင်မှသာလျှင် ဘွဲ့လက်မှတ်ထုတ်ပေးမည် ဖြစ်ပါသည်။

၇။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်အခမ်းအနားသို့တက်ရောက် ရန် ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်တွင်မှသာ ထုတ်ပေးမည်ဖြစ်ပါသည်။

၈။ ဘွဲ့နှင်းသဘင် ကျင်းပမည့်အသေးစိတ်အချက်အလက်များကိုမြစ်ကြီးနား တက္ကသိုလ်စာမေးပွဲနှင့်ဘွဲ့နှင်း သဘင်ဌာနတွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

---

### အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့၊ အမှတ်(၅)ရပ်ကွက်၊ အကွက်အမှတ်(၁) ဦးသူတော်အကွက်)၊ ဦးပိုင်အမှတ်(၇၀)၊ ဧရိယာ(၀.၀၅၅)ဧကရှိ ဦးထွန်းအောင်-ဒေါ်မောနီးစိုး အမည်ပေါက် နှစ်(၃၀)မြေငှားဂရန်ကို ဒေါ်ခိုင်နွယ်ဝင်း(၅/ကဘလ (နိုင်)၁၄၁၆၃၀) က (၂၁-၈-၂၀၂၆) ရက်စွဲပါစာချုပ်အမှတ်(၇၈/၂၀၂၆)အရ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး မြေငှားဂရန်(အမည်ပြောင်း)လျှောက်ထားလာမှုအပေါ် ကန့်ကွက်တင်ပြလိုသူ မည်သူမဆို ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ယခုကြော်ငြာစာ ပါသည့်ရက်မှ စ၍ (၁၅)ရက်အတွင်း မြဝတီခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံး လုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လီတွော်အရာရှိ၊**
**မြဝတီခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 62W/41579, Honda Scoopy- 110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သက်ထွန်း ၅/ဝလန(နိုင်) ၁၀၀၈၉၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက် နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/77675, Honda Click-150 ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဇော်ဦး ၉/မနမ(နိုင်)၀၅၉၈၂၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 20W/66963, Yamaha Fino AF115, M/C ယာဉ် လက်ဝယ်ရှိသူ ဦးရန်အင်ပို ၁၃/မဆတ (နိုင်)၀၃၇၈၅၉ က (ကမ-၃)ပျောက် ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက် ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

---

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5P/7327, Suzuki Carry DA21T, P/U (4x2)R ယာဉ် လက်ဝယ်ရှိသူ ဦးစောမိုးနိုင် ၉/မရမ (နိုင်)၀၇၉၃၉၀ က (ကမ-၃)ပျောက် ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက် ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

---

### ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ မဉ္ဇူသကလမ်း၊ အမှတ်(ဒ-၂၈/၂၉) တွင် ရုံးခန်းဖွင့်လှစ်ထားသော MYANMAR GOLDEN PRODUCE COMPANY LIMITED (ကုမ္ပဏီမှတ်ပုံတင်အမှတ်- 115108387) သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ကို နေပြည်တော်၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ (၂၅-၉-၂၀၂၆) ရက်တွင် မှတ်ပုံတင်အမှတ် (1V.၂၁၁၁/၂၀၂၆ ) ဖြင့် မှတ်ပုံတင် သွင်းထားပြီး ဖြစ်ပါသည်-

အဆိုပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကိုဆိုင်းဘုတ်၊ ဘလောက်၊ တီဗွီ၊ မဂ္ဂဇင်း၊ စာစောင်၊ ကြော်ငြာ၊ ငွေပြေစာဖြတ်ပိုင်း၊ တံဆိပ်တုံး၊ ဗွီနိုင်း၊ Letter Head, Internet, Website, Facebook အစရှိသည်တို့နှင့် ခေတ်နှင့်အညီ ပေါ်ပေါက်လာသည့် နည်းပညာတို့တွင်လည်း အသုံးပြုသွား မည် ဖြစ်ပါသည်။

အဆိုပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားဖြင့် သစ်သီးခြောက် နှင့် ယိုမျိုးစုံတို့အား မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဖြန့်ဖြူးရောင်းချလျက် ရှိပါသည်။

ထို့အပြင် ၎င်းကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ထည့်သွင်း၊ ထုပ်ပိုးမည့်ပစ္စည်းများဖြစ်သည့် ပလတ်စတစ်ဘူး၊ ပလတ်စတစ်အိတ်၊ ပလတ် စတစ်ပတ်၊ စက္ကူပုံး၊ စက္ကူ ဘူး၊ စက္ကူပတ်၊ စက္ကူရွက်၊ ပါဆယ်ထုပ်များနှင့် ထည့်သွင်းပစ္စည်း၊ ထုပ်ပိုးပစ္စည်း အစရှိသည်တို့အပေါ်တွင်လည်း အရွယ်အစား အမျိုးအမျိုး၊ အရောင်အမျိုးမျိုး၊ ဒီဇိုင်းအမျိုးအမျိုးတို့ကို ပြုလုပ်ပြီးလျှင် ဖိနှိပ်၍၊ ကပ်နှိပ်၍၊ ရိုက်နှိပ်၍ ၊ အသားတံဆိပ်လုပ်၍ အသုံးပြုသွားမည် ဖြစ်ပါသည်။

သို့ဖြစ်၍ ယခုအသုံးပြုလျက်ရှိသော အဆိုပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားကို မိမိတို့ကုမ္ပဏီမှတစ်ပါး အခြားသူတစ်ဦးတစ်ယောက် မှလည်းကောင်း၊ အခြားအသင်းအဖွဲ့၊ အဖွဲ့အစည်းများမှလည်းကောင်း၊ အားလုံးဖြစ်စေ၊ တစ်စိတ် တစ်ဒေသဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား၊ တုပပြုလုပ် သုံးစွဲနေသူ များကို တွေ့မြင်ကြားသိရပါက ကုမ္ပဏီ၏အကျိုးစီးပွား ထိခိုက်နစ်နာဆုံးရှုံးမှု၏ ကုန်ကျသမျှသော အရပ်ရပ်စရိတ် ကြေးငွေများအတွက် လျော်ကြေးငွေများ တောင်းဆိုသွားရန်နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအတွင်းရှိ မည်သည့် တရားရုံး တွင်မဆို တရားမကြောင်းအရ ဖြစ်စေ၊ ရာဇဝတ်ကြောင်းတို့အရ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**MYANMAR GOLDEN PRODUCE COMPANY LIMITED ၏**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်နိုင်ထွန်း (LLB)**
**အထက်တန်းရှေ့နေ (စဉ်- ၅၄၇၉၀/ ၂၀၂၂)၊**
**တိုက်(၅၃၁၅)၊ အခန်း(၃)၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊**
**နေပြည်တော်။**
**ဖုန်း-၀၉-၈၈၉၈၄၉၀၉၀**

---

### မိဘအမည်မှန်

ချောင်းဆုံမြို့နယ်၊ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုးမွေးမြူရေးအထက်တန်း ကျောင်း (ရွာလွတ်) Grade-9 မှ မချစ်ဖူးငယ်၏ မိဘအမည်မှန်မှာ မင်းစိုးသီဟ ၁၀/ခဆန(နိုင်)၀၈၁၄၂၂ နှင့် မိစန္ဒာဦး ၁၀/ခဆန(နိုင်)၁၀၀၂၀၇ ဖြစ်ပါကြောင်း။

**မင်းစိုးသီဟ-မိစန္ဒာဦး**

---

### မိဘအမည်မှန်

ကျောက်တံခါးမြို့နယ်၊ ဆေးရိုးခင် ကျေးရွာ အထက Grade-11 မှ စောလားဘလုဒိုနှင့် Grade-10 မှ စောမူးကဲဘလုတို့၏ မိဘအမည်မှန် မှာ စောစဖမ်းစွပ် ၁၄/ကပန(နိုင်) ၁၄၁၂၉၅နှင့် နော်လားဆဲ့ဆီး ၇/ကတခ (နိုင်)၁၃၆၉၉၂ ဖြစ်ပါကြောင်း။

**စောစဖမ်းစွပ်နှင့် နော်လားဆဲ့ဆီး**

---

### ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး ၊ လှိုင်သာ ယာ အနောက်ပိုင်းမြို့နယ်နေ မမြမြ အေး(ဘ) ဦးလှထွေး ၁၁/တကန (နိုင်) ၁၁၅၀၈၁၏ နိုင်ငံကူးလက်မှတ် အမှတ် MK-015241 မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၈၆၀၂၂၆၃၉**

---

### မွေးသက္ကရာဇ်အမှန်

ပျဉ်းမနားမြို့၊ ရန်အောင်(၂) မီးရထားဝင်း)၊ နယ်မြေ(၁၂)နေ (ဘ) ဦးမောင်မောင် ၏သား ဦးခင်မောင်ရင် ၉/ပမန(နိုင်) ၀၃၆၂၃၀ ၏ မွေးသက္ကရာဇ် အမှန်မှာ ၂၀-၁၂-၁၉၆၄ ဖြစ်ပါ ကြောင်း။

---

### ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၆၆)၊ ဆေးရုံအကွက်၊ ဦးပိုင်အမှတ် (၁၉/ဒ)၊ ဧရိယာ(၀.၀၂၀)ဧကရှိ ဒေါ်စန္ဒာဦး၊ဒေါ်ကေသီမြင့်အမည်ဖြင့် မှတ်သားထား ရှိသော မြို့မြေ(B)ကို ပုသိမ်မြို့၊ အမှတ်(၄)ရပ်ကွက်၊ အမှတ်(၁၇၉) မင်္ဂလာလမ်းနေ ဒေါ်ယဉ်မင်းအောင်မှ ဘိုးဘပိုင်မြေ အမည်ပြောင်းလဲ မှတ်သားပေးပါရန် လျှောက်ထား လာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက အကျိုးအကြောင်း ဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက်လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း (၃၀)အတွင်း ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့် ညွှန်ကြားချက်များ နှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန၊ ပုသိမ်မြို့**

---

### ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၂)ရပ်ကွက်၊ အကွက်အမှတ် (၆၃)၊ မကျီးပင်တန်းအကွက်၊ ဦးပိုင်အမှတ် (၁၅၃-ဠဠ)၊ မြေဧရိယာ (၀.၀၂၅)ဧကရှိမြို့မြေ(B)သည် ပုသိမ်မြို့၊ အမှတ် (၂)ရပ်ကွက်၊ သမတ(၃)လမ်းနေ ဒေါ်ဖြိုးအိကျော်မှ မြေအမည်ပြောင်းလဲပေးရန် လျှောက်ထားလာပါသဖြင့် ယင်းလျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူ များရှိပါက အကျိုးအကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း ကန့်ကွက် လျှောက်လွှာကို ဤရုံးသို့ ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း (၃၀)အတွင်း ကန့်ကွက်နိုင်ပါ ကြောင်း၊ သတ်မှတ်ရက် ကျော်လွန်ပါက တည်ဆဲလုပ်ထုံးလုပ်နည်း၊ ဥပဒေ/အမိန့်ညွှန်ကြားချက်များနှင့်အညီ မြေအမည်ပြောင်းလဲပေးရန် လျှောက် ထားခြင်းအား ဆက်လက်ဆောက်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာ အပ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန**
**ပုသိမ်မြို့**

---

### ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေ အမိန့် ၅ ၊ နည်းဥပဒေ- ၂၀)
### ပျဉ်းမနားခရိုင်တရားရုံးတော်
### ၂၀၂၆ ခုနှစ် ၊ တရားမကြီးမှုအမှတ် - ၄၉

| | | |
|---|---|---|
| ဒေါ်ဝါဝါလှိုင် | **နှင့်** | ဦးထွန်းထွန်း |
| **တရားလို** | | **တရားပြိုင်** |

အမှတ်(ဥ-၅၁၀၁၊ ၅၁၀၃) ၊ နေကြာ(၃)လမ်း ၊ ဇဝနသိဒ္ဓိရပ်ကွက် ၊ ဥတ္တရသီရိ မြို့နေ ဦးထွန်းထွန်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ဝါဝါလှိုင်က ကူညီပေးအပ်ထားသော ငွေကျပ်သိန်း (၆၄၉၀)နှင့် နစ်နာကြေးငွေကျပ်သိန်း(၅၁၀) စုစုပေါင်းငွေကျပ်သိန်း(၇၀၀၀) ရလိုမှု လျှောက်ထားစွဲဆို သည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေသို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆို နိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ် ၊ အောက်တို ဘာလ ၉ ရက် (၁၃၈၈ခုနှစ် ၊ တော်သလင်းလဆုတ် ၁၃ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာ ရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့် မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့် အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သက်ထွန်း)**
**ခရိုင်တရားသူကြီး**
**ပျဉ်းမနားခရိုင်တရားရုံး**

---

### ဒေါ်စန်းမြင့်(၁၂/သဃက(နိုင်) ၀၈၅၇၈၃ )ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်နေ (ယခုနေရပ်လိပ်စာမသိ) သိရှိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ ဘုရင့်နောင် (၁၃) လမ်း၊ အိမ်အမှတ်(၂၆၂/ခ)၊ အကျယ်အဝန်းပေ(၂၀x၆၀)ရှိသောဂရန်မြေကွက် ဟု ခေါ်တွင်သော (မြေတိုင်းရပ်ကွက်(ရန်ကုန်သစ်)၊ မြေကွက်အမှတ် (၂၆၂/ခ)၊ မြေကွက်လိပ်စာအမှတ်(၃/ခ)၊ (၁၃)လမ်း၊ ရန်ကုန်သစ်၊ သဃ်န်းကျွန်းမြို့နယ်)အကျယ် အဝန်းပေ(၂၀x၆၀)ရှိသောမြေကွက်နှင့် နေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ် အားလုံးကိုဂရန်အမည်ပေါက်အဖြစ်ပိုင်ဆိုင်သော ဒေါ်စန်းမြင့်ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ညိုမီသန်းသည်အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့်(၁၂-၁၁-၂၀၂၁)ရက်ကတည်း ကပင် ဝယ်ယူ၍လက်ရောက် ရယူခဲ့ကာ လက်ဝယ်ထားပိုင်ဆိုင်ခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ ကျွန်ုပ်မိတ်ဆွေဖြစ်သူမှ အဆိုပါမြေကွက်အား အမည်ပြောင်းလဲရန် အတွက် ရန်ကုန်မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ အရောင်းအဝယ်မှတ်ပုံတင် စာချုပ်ကြီးချုပ်ဆိုရန်လိုအပ်လာပါသဖြင့် လူကြီးမင်းသည်ဤကြေညာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ဆက်သွယ်ပေးပါရန်နှင့် သတ်မှတ် ရက်အတွင်းလူကြီးမင်းတို့မှ လာရောက်ဆက်သွယ်ခြင်းမရှိပါက ဥပဒေနှင့်အညီ လုပ်ထုံးလုပ်နည်းများအတိုင်းတရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း လူကြီးမင်းတို့သိရှိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ညိုမီသန်း၏လွှဲအပ်ညွှန်ကြားချက်အရ--**

| | |
|---|---|
| **ဒေါ်ဖြူဝေလွင်(LLB, DIL, DIPL)** | **ဒေါ်သက်သက်မိုး(LL.B,DBL)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်- ၁၇၆၁၀/၂၁)** | **(စဉ်-၅၆၂၀၇/၂၀၂၃)** |

**သဃ်န်းကျွန်းမြို့နယ် တရားရုံးဝင်း၊ ဦးဘဟန်လမ်း၊ သဃ်န်းကျွန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊**
**Ph-09-5034587, 09-259318419, 09-427668633, 09-793388210**

---

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ၊ တပ်ကြီးကုန်းကျေးရွာအုပ်စု၊ ရွာသစ်ကုန်းကျေးရွာ၊ မြတ်စောညီနောင်လမ်းသွယ် ၁ လမ်း၊ ဦးပိုင်အမှတ် (N-146) ဟုခေါ်တွင်ပြီး မှော်ဘီမြို့နယ်မြေစာရင်းရုံး၌ စောဖီလ်လစ်ဝေလီလင်း အမည်ဖြင့် မှတ်သား တည်ရှိသည့် အကျယ်အဝန်း (ပေ ၄၀ x ပေ ၈၀) ရှိသည့် (G) မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ် ထားသော (၂)ထပ်ခွဲ သံကူကွန်ကရစ်အဆောက်အအုံ အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယခုအပိုင် ရောင်းချ သူများဖြစ်သော ဒေါ်မိုးမိုးအောင် (၁၄/ပသန(နိုင်)၀၂၆၁၄၅) နှင့် ဦးရဲခန့်သူ (၆/မထလ(နိုင်)၃၂၀၈၁၂)တို့မှ ၎င်းတို့မှသာလျှင် တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟုဝန်ခံလျက် ရောင်းချရန် ကမ်းလှမ်းရာကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်စရန်ငွေအချို့ကို ပေးချေပြီးဖြစ်ကြောင်းနှင့် အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ပိုင်ဆိုင်ခံစားခွင့်ရှိသူများသည် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်းကန့်ကွက် မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်းကိုကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ - ဦးမျိုးညီညီဦး (၁၄/ပသန(နိုင်)၀၉၄၀၅၀)**
**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်ဝင်းထိုက် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၂၄)**
**ရုံးပတ်လမ်း၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊**
**မြို့နယ်တရားရုံးရှေ့၊ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၇၂၄၀၂၁၈၈**

---

### ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်း(အရှေ့)ရပ်ကွက်၊ မလွှကုန်းလမ်း၊ အမှတ်(၃၁) ဟုခေါ်တွင်သော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ ၃-လွှာ / ဘီ(တိုက်ရှေ့ မျက်နှာမူလျှင်-ဝဲဘက်)၊ အကျယ်အဝန်း(၁၅ပေX ၆၅ပေ)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်လိပ်စာပါတိုက်ခန်းကို အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိလက်ရောက် ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုကမ်းလှမ်းလာသူ ဒေါ်သန်းသန်းအေး(၁၂/ဒဂန(နိုင်)၀၁၇၅၈၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေ များဖြစ်ကြသော ဦးကျော်ဇော်မင်း(၁၁/စတန(နိုင်)၀၅၆၈၆၄) နှင့် ဒေါ်အေးကျော့သန်း (၁၁/စတန(နိုင်)၀၇၃၁၄၀)တို့က အပြီးအပိုင်ဝယ်ယူရန် သဘောတူသည့်အလျောက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းတိုက်ခန်း နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ သို့ ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါတိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်စာချုပ်ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစောလှိုင် (LL.B) (စဉ် - ၄၈၃၃) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၃၁)၊ ၆-လွှာ၊ မဂ္ဂင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၂၅၁၀၀၀၀၈၂**

---

